ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**
အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။
လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday 23 November 2019 ၉၈၄၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် နိုဝင်ဘာ ၂၂**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းအကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ သံအမတ်ကြီးများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းချုပ်နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် တေးသံရှင်များက UMFCCI Theme Song ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။






ကြေးမုံ

# မိသားစုကျန်းမာ အကျိုးစီးပွားဖြစ်ထွန်း

ယနေ့ပြည်သူများ ရောဂါဖြစ်ပွားမှု များနေမှုအကြောင်းရင်း၏ ဇာစ်မြစ်များတွင် လူတို့၏ နေ့စဉ်ဘဝ နေထိုင်စားသောက်မှုပုံစံ ကောင်းမွန်မှန်ကန်ခြင်းမရှိသော အကြောင်းအချက်သည် အဓိကဖြစ်သည်။ ယင်းတွင် ရောဂါမျိုးစုံ တစ်မျိုးမဟုတ်တစ်မျိုးဖြစ်ပွားလာအောင် အဓိကတွန်းအားပေးသည့် ဆီးချို သွေးချိုအန္တရာယ်ကို သတိပြုရမည်ဖြစ်သည်။

လူတို့အစားအသောက်များကို နေ့စဉ်စားသုံးကြရာတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော အစားအစာများကို စားသုံးမိသောကြောင့် ဆီးချို သွေးချိုရောဂါများ ဖြစ်ပွားလာကြသည်။ အဆိုပါရောဂါစွဲကပ်သွားလျှင် ရောဂါအလျှင်းမပျောက်တော့ဘဲ ရောဂါတက်မလာအောင်၊ အခိုက်အတန့် ရပ်တန့်ကျဆင်းအောင်သာ ပြုလုပ်နိုင်တော့သည်။ ထို့ထက်ပိုလျှင် နှလုံး၊ အသည်း၊ ကျောက်ကပ် အခြားရောဂါများနှင့်ပါ ညီအစ်ကိုဖွဲ့လာတော့သည်။

ဆီးချို သွေးချိုရောဂါသည် ဂရုတစိုက်ကုသမှုခံယူခြင်းမပြုပါမူ အသက်ခန္ဓာပျက်စီးဆုံးရှုံးမှု မြန်ဆန်သည်။ ထိုရောဂါသည် ကျောက်ကပ်ပျက်စီးခြင်းကိုဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်ပြီး ဆီးချို သွေးချိုရောဂါရှိသူသည် မရှိသူထက် ရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများကြောင့် ခြေထောက်ဖြတ်တောက်ခံရနိုင်ခြေ ၁၅ ဆမှ အဆ ၄၀ အထိ ပိုများသည်။ ထို့အပြင် ဆီးချို သွေးချိုရောဂါရှိသူများသည် ရောဂါမရှိသူများထက် ၂၅ ဆ ပို၍မျက်စိအမြင်ဆုံးရှုံးနိုင်ခြေရှိသည်။ ထို့ကြောင့် ဆီးချို သွေးချိုရောဂါ ခန္ဓာကိုယ်တွင် မစွဲကပ်မီ ကြိုတင်သတိပြုဆင်ခြင် စားသောက်နေထိုင်သင့်သည်။

ဆီးချို သွေးချိုရောဂါနှင့် သွေးတိုးရောဂါတို့သည် တွဲဖက်ဖြစ်ပွားနိုင်သဖြင့် ရုတ်တရက် အသက်သေဆုံးမှုနှုန်းမြန်နိုင်သည်။ အဆိုပါရောဂါကို ကာကွယ်နိုင်ရန်အတွက် "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ဆောင်ပုဒ်နှင့်အညီ မိမိနှင့်သင့်တော်ရာ အားကစားလေ့ကျင့်မှုများ၊ ကိုယ်လက်လှုပ်ရှားမှုများ နေ့စဉ်လုပ်ဆောင်ကြရန် လိုအပ်သည်။ ပြည်သူများ အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာက လုပ်ငန်းစဉ်များ ချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။

ယခုကာလသည် ဒီဇင်ဘာလ ကိုယ်လက်လှုပ်ရှားအားကစားရာသီ ရောက်တော့မည်ဖြစ်၍ နံနက်စောစောလမ်းလျှောက်ခြင်းဖြင့် စုပေါင်းလှုပ်ရှားဆောင်ရွက်ကြရမည်ဖြစ်သည်။ ယမန်နှစ် အောက်တိုဘာလမှ ယခုနှစ် ဇွန်လအထိ မြို့နယ်ပေါင်း ၂၃၂ မြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၃၁၆ ခုတွင် ဗုဒ္ဓဟူးနေ့တိုင်း သွေးတိုး၊ ဆီးချို ကာကွယ်ကုသရေးဆေးခန်းများဖွင့်လှစ်၍ သွေးတိုး၊ ဆီးချို သွေးချိုရောဂါများ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ လိုအပ်သူများကို လွှဲပြောင်းပေးခြင်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ဆေးခန်းများသို့ လာရောက်ပြသသူ ၁ ဒသမ ၁ သန်း၌ ဆီးချိုရောဂါရှိသူ ငါးရာခိုင်နှုန်းနှင့် သွေးတိုးရောဂါရှိသူ ၁၅ ရာခိုင်နှုန်း တွေ့ရှိခဲ့သည်ဟု သိရသည်။ ဆက်လက်၍ ကျန်ရှိသော ပြည်သူများအနေဖြင့် သွေးချို ဆီးချို၊ သွေးတိုးရောဂါများရှိ၊ မရှိနှင့် ရှိလျှင် နီးစပ်ရာဆေးခန်းများ၌ ဆေးကုသရန် လိုအပ်သည်။ အဆိုပါရောဂါများကို ကာကွယ်ကုသနိုင်ရန်မှာ မိသားစုများ၏ ကျန်းမာရေးအသိရှိမှု အထူးလိုအပ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးအသိရှိမှ မိမိတို့မိသားစုဘဝနှင့် တိုင်းပြည်အနာဂတ် အကျိုးစီးပွားမြင့်မားတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်မည်ကို သတိမူမိကြရန် လိုမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး



**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလက ဆောင်ရွက်တော်မူသည်။

**ဆွေးနွေး ဆုံးဖြတ်တော်မူ**

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက် ရယူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် တပည့် ဒါယကာဒါယိကာမများက အဋ္ဌဝီသတိမ (၂၈) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်တွင် စပါးနှင့် ငါးတွဲဖက်စိုက်ပျိုးမွေးမြူရေးစနစ်သရုပ်ပြ

**လက်ပံတန်း နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိုက်ဝါးချောင်းကျေးရွာအုပ်စု လွှစင်ကုန်းကျေးရွာ တောင်သူ ဦးစန်းဝင်း၏ လယ်တွင် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက စပါးနှင့်ငါးတွဲဖက် စိုက်ပျိုးမွေးမြူရေး စနစ်သရုပ်ပြရှင်းလင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းက အမှာစကားပြောကြားပြီး စပါးနှင့် ငါးတွဲဖက်စိုက်ပျိုးစနစ် စီမံကိန်းအကြောင်းအား International Rice Research Instituteမှ စီမံကိန်း အကြံပေး ဦးသန်းအေး၊ World Fish မှ စီမံကိန်းအရာရှိ Mr.Kimio တို့က ရှင်းလင်းဆွေးနွေးကာ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးညဏ်မြင့်က စပါးနှင့် ငါးအကွက်ကျယ် သရုပ်ပြကွင်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်နှင့် ဝင်ငွေနှိုင်းယှဉ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

**ဝင့်နန္ဒာမွေး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၇၁၇ | ၈,၅၈၆,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၈,၉၃၁ | ၃၄,၃၈၄,၃၅၀ |

| | | | | |
|---|---|---|---|---|
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂၀၀ | ၁, ၆၆၀,၀၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁၇၁ | ၃, ၉၃၃, ၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁ | ၃, ၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၁၈၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၀ ကျပ် | ၉၅၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၈၀ ကျပ် | ၉၁၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၀ကျပ် | ၉၇၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၇.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၂၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၃.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၆.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၈၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၃.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

✻ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ခုအချိန်မှာဆိုရင် UMFCCI ဟာ ညီနောင်အသင်းအဖြစ် (၇၅)သင်းဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ လုပ်ငန်းကဏ္ဍအသီးသီးမှာ ဖြန့်ကြက်တည်ရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတကာဆက်ဆံရေးအနေနဲ့လည်း နိုင်ငံအသီးသီးက ကုန်သည်အသင်းများ၊ စီးပွားရေးအဖွဲ့အစည်းများနဲ့ နားလည်မှုစာချွန်လွှာ(၁၆၇)ခု လက်မှတ်ရေးထိုးထားပြီး စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

**နီးကပ်စွာ ပူးပေါင်းဆောင်ရွက်**

UMFCCI အသင်းကြီးရဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေးမှာ ဖွံ့ဖြိုးမှုမိတ်ဖက်များနဲ့ လက်တွဲဆောင်ရွက်လျက်ရှိရုံသာမက အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးတွဲဆောင်ရွက်ရေးအစီအမံများနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်း သိရှိရပါတယ်။ အစိုးရအနေနဲ့လည်း UMFCCI ရဲ့ အရွယ်အစား၊ ကိုယ်စားပြုမှုနဲ့ နိုင်ငံတကာအဆက်အသွယ်များကြောင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းကြီးအဖြစ် ရွေးချယ်ခဲ့ပါတယ်။ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိကကဏ္ဍကို အဓိက မောင်းနှင်အားအဖြစ် သတ်မှတ်ထားတဲ့အတွက် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍအသီးသီးကို အထောက်အကူပေးနိုင်ဖို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှာ ဖွဲ့စည်းထူထောင်ပေးခဲ့ပါတယ်။ ယခုစီးပွားရေးလုပ်ငန်းရှင်များရဲ့ အခက်အခဲများကို သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ဖို့အတွက် လုပ်ငန်းကော်မတီ (၅)ရပ်နဲ့ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။


**နိုင်ငံအသီးသီးက အပြိုင်အဆိုင်ဖိတ်ခေါ်**

နိုင်ငံတစ်ခုစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ကဏ္ဍစုံရဲ့မျှော်မှန်းချက်တွေ ချမှတ်ပြီး ဆောင်ရွက်ရာမှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံတွေ လိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ကျွန်မတို့နိုင်ငံရဲ့ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ (၂)ရပ်စလုံးပူးပေါင်းပြီး အကောင်အထည်ဖော်ဖြည့်ဆည်းရာမှာ အကန့်အသတ်တွေ ရှိနေပါတယ်။ အထူးသဖြင့် ကျွန်မတို့လိုဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ အရင်းအနှီးနဲ့ နည်းပညာပိုင်းမှာ လိုအပ်ချက်တွေများပါတယ်။ ဒါ့ကြောင့် နည်းပညာနဲ့ အရင်းအနှီးရရှိနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို နိုင်ငံအသီးသီးကအပြိုင်အဆိုင် ဖိတ်ခေါ်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်မှာထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဖို့ လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ ရမှတ်က(၄၆ ဒသမ ၈)ရရှိခဲ့ပါတယ်။ ယခင်နှစ်ရမှတ် (၄၃ ဒသမ ၅)ထက် ပျမ်းမျှရမှတ် (၃ ဒသမ ၃)တိုးတက်ရရှိခဲ့ပြီး ယခင်နှစ်ရရှိတဲ့ အဆင့်(၁၇၁)မှ အဆင့်(၆)ဆင့် တိုးတက်လာခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဖို့ လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ တိုးတက်မှုအကောင်းဆုံးနိုင်ငံ (၂၀)မှာ မြန်မာနိုင်ငံပါဝင်ခဲ့တဲ့အတွက် ထူးခြားတဲ့ အောင်မြင်မှုရလဒ်ကောင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ဒါပေမယ့်လည်း ကျွန်မတို့ ဆက်ကြိုးစားရမှာပါ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေဖို့အတွက် လုပ်ငန်းနယ်ပယ် (၅) ရပ်မှာ သိသာတဲ့တိုးတက်မှုတွေ ဖော်ဆောင်နိုင်ခဲ့ကြောင်း ဖော်ပြထားပါတယ်။ ဒီအောင်မြင်မှုဟာ အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ရလဒ်ကောင်းတွေကို ဆက်လက်ထိန်းသိမ်းထားပြီး မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းကဏ္ဍ အသီးသီး၊ ပုံစံအသီးသီးတို့မှာ ပိုမိုလွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေးအတွက် ဆက်လက်အားစိုက်ကြိုးစားသွားကြဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခြေခံခိုင်မာသော၊ တန်းတူမျှတသော၊ ရေရှည်တည်တံ့သော၊ ကဏ္ဍအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈–၂၀၃၀ (Myanmar Sustainable Development Plan 2018–2030)ကို ၂၀၁၈ ခုနှစ်မှာ ချမှတ်ခဲ့ပါတယ်။ MSDP ရဲ့ ပန်းတိုင် ၃ ကို အလုပ်အကိုင်ဖန်တီးရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဦးဆောင်တဲ့ဖွံ့ဖြိုးရေးအဖြစ် ချမှတ်ထားပါတယ်။ ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် ထည့်သွင်းအသုံးပြုရေးတို့အတွက် မူဝါဒများနဲ့ စည်းမျဉ်းများချမှတ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန် တိုးတက်စေဖို့အတွက် နွေးကွေးမှုများနဲ့ အတားအဆီးများကိုလည်း ဖယ်ရှားရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများဟာ အလုပ်အကိုင်ဖန်တီးပေးနိုင်ပြီး အမျိုးသားတီထွင်ဆန်းသစ်မှု၊ ကြီးပွားချမ်းသာမှု၊




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကနှင့် ဥက္ကဋ္ဌတို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်မှာထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဖို့လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ ရမှတ်က (၄၆ ဒသမ ၈) ရရှိခဲ့ပါတယ်။ ယခင်နှစ်ရမှတ် (၄၃ ဒသမ ၅)ထက် ပျမ်းမျှရမှတ် (၃ ဒသမ ၃) တိုးတက်ရရှိခဲ့ပြီး ယခင်နှစ်ရရှိတဲ့ အဆင့်(၁၇၁)မှ အဆင့်(၆)ဆင့် တိုးတက်လာခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဖို့လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ တိုးတက်မှုအကောင်းဆုံးနိုင်ငံ(၂၀)မှာ မြန်မာနိုင်ငံပါဝင်ခဲ့တဲ့အတွက် ထူးခြားတဲ့ အောင်မြင်မှုရလဒ်ကောင်းတစ်ခုလို့ ဆိုနိုင်

ဆင်းရဲမှုလျှော့ချမှုနဲ့ လူသားအရင်းအမြစ် စွမ်းဆောင်ရည်မြင့်မားမှုတို့အတွက် အဓိကနေရာမှာရှိပါတယ်။ အဲဒီလိုအရေးပါလှတဲ့ ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးလာစေဖို့အတွက် ၎င်းတို့ရဲ့ ရေရှည်တည်တံ့မှု၊ ပါဝင်နိုင်မှု၊ အရည်အသွေးတိုးတက်မှုစသည်တို့ကို သေချာစေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ MSME များအနေနဲ့လည်း ခေတ်ကာလအလျောက်ပြောင်းလဲလာမှု၊ အခက်အခဲများကို စီမံခန့်ခွဲနိုင်မှု၊ ရင်ဆိုင်နိုင်မှု၊ နည်းပညာသစ်များအပေါ် အသုံးချနိုင်မှုတွေ အသေအချာရရှိနိုင်ဖို့ အထောက်အကူပြုလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်နိုင်မယ့် အခြေအနေများဖန်တီးပေးဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနဲ့အတူ အာဆီယံအတွင်းပေါင်းစည်းရေးဆောင်ရွက်ဖို့ ဒေသဆိုင်ရာ တန်ဖိုးကွင်းဆက်များ၊ ပြည်သူအချင်းချင်းဆက်သွယ်မှုများနဲ့ ဆိုက်ဘာ(Cyber) နည်းပညာများကို ထိရောက်စွာ အသုံးချပြီး

**စာမျက်နှာ ၄ သို့ ✻**

❃ စာမျက်နှာ ၃ မှ

မြန်မာ ၄ ဒသမ ၀ ကို ပြည်သူလူထု လူကြီး၊ လူငယ်မရွေးပညာသင်ကြားမှု၊ သတင်းအချက်အလက်ရယူမှု၊ ငွေသားသုံးစွဲဖို့ မလိုအပ်တော့တဲ့ ငွေကြေးပေးချေမှု စနစ်များအပါအဝင် ခေတ်မီနည်းစနစ်များ အသုံးပြုသွားနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စမတ်ဖုန်းသုံးစွဲမှု ၁၀၀ ရာခိုင်နှုန်းကျော်သွားပြီဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ လုပ်ငန်းအမျိုးမျိုးအတွက် မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ စမတ်ဖုန်းအသုံးချနိုင်တော့မှာ ဖြစ်ပါတယ်။ UMFCCI အနေနဲ့ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးနဲ့ မြန်မာ ၄ ဒသမ ၀ ဖြစ်ပေါ်တိုးတက်ရေးတွေမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရတဲ့အတွက်ကြောင့် များစွာကျေနပ်မိပါတယ်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာသို့ ဖြန့်ကြက်ရေးတို့မှာ အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမရှိရင် မဖြစ်တဲ့အတွက် UMFCCI က ပုဂ္ဂလိကကဏ္ဍကို ဆက်လက် ဦးဆောင်တာဝန်ယူသွားဖို့ မျှော်လင့်ပါတယ်။

### ဆက်လက်ကြိုးစားသွားမယ်လို့ ယုံကြည်

နိဂုံးချုပ်အနေနဲ့ UMFCCI နှစ်တစ်ရာပြည့် အခမ်းအနားမှာ မြန်မာတစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းအားလုံးအတွက် ထွန်းတောက်သောအနာဂတ် ပေါ်ထွန်းပါစေ၊ UMFCCI အနေနဲ့လည်း မနားမနေကြိုးပမ်းဆောင်ရွက်မှုများနဲ့ ရှေ့လုပ်ငန်းစဉ်များမှာ အောင်မြင်မှုရလဒ်ကောင်းများ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ပါစေ၊ ပိုမိုကောင်းမွန်ထိရောက်တဲ့ လုပ်ငန်းစီမံချက်များ အစိုးရထံပိုမိုတင်ပြနိုင်ပါစေ၊ လာမယ့်နှစ်များအတွင်း အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်နေတဲ့ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာစေဖို့ ဆောင်ရွက်ချက်များ ဆက်လက်အောင်မြင်ပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ကျွန်မတို့အစိုးရနဲ့ ပုဂ္ဂလိက ဆိုပေမယ့် နောက်ဆုံးတော့ ကျွန်မတို့ ပြည်သူလူထုအားလုံးပါပဲ။ ဘယ်လုပ်ငန်း မဆို ပြည်သူလူထုမပါဘဲ မအောင်မြင်နိုင်ပါဘူး။ UMFCCI အသင်းကြီးဟာ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၊ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်ကြသူအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးစားသွားမယ်လို့ ယုံကြည်ပါတယ်" ဟုပြောကြားသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကနှင့် ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်မှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ သံအမတ်ကြီးများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် MICC–2 မြေညီထပ်၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ပြသထားသည့် အသင်းချုပ်ပြခန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းပြခန်းများ၊ ညီနောင်အသင်းများ၏ ပြခန်းများ၊ World Bank Group နှင့် ပုဂ္ဂလိကဘဏ်ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

### စတင်တည်ထောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကို ကိုလိုနီခေတ်ဖြစ်သော ၁၉၁၉ ခုနှစ်တွင် ဗမာကုန်သည်များအသင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စုဗမာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UBCCI) အဖြစ် ၁၉၈၈ ခုနှစ်အထိ ရပ်တည်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်လာချိန်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMCCI)အဖြစ် ပြောင်းလဲ၍ နိုင်ငံတော်၏စီးပွားရေးမူဝါဒ အပြောင်းအလဲများအပေါ် ပြည်တွင်းရှိ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ရှင်သန်တိုးတက်ရပ်တည်နိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးအသွင်ကူးပြောင်းလာပြီး နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကအခန်းကဏ္ဍကို ဦးစားပေးဆောင်ရွက်လာခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်းများ၊ သက်ဆိုင်ရာကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းအလိုက် ဖွဲ့စည်းထားသောအသင်းများနှင့် ပူးပေါင်းပြီး ပုဂ္ဂလိကကဏ္ဍ၏ ဦးဆောင်အသင်းချုပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် ဆွစ်ဇာလန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်းရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနေမှု၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



**လက်ခံတွေ့ဆုံ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား လက်ခံတွေ့ဆုံစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် NDI ၏ ဥက္ကဋ္ဌ မစ္စတာ ဒဲရစ်မစ်ချယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် National Democratic Institute (NDI)၏ဥက္ကဋ္ဌ မစ္စတာ ဒဲရစ်မစ်ချယ်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုတွင် လွှတ်တော်လုပ်ငန်းစဉ်များ ပိုမိုခိုင်မာအားကောင်းလာစေရေး၊ လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်မှု၊ အရည်အချင်း၊ အရည်အသွေးများ တိုးတက်အောင်ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပြင် နည်းပညာပိုင်းနှင့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံမျှဝေမှုများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**လက်ခံတွေ့ဆုံ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် National Democratic Institute (NDI)၏ ဥက္ကဋ္ဌ မစ္စတာ ဒဲရစ်မစ်ချယ်အား လက်ခံတွေ့ဆုံစဉ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆွစ်ဇာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း National Democratic Institute-NDI ၏ ဥက္ကဋ္ဌ မစ္စတာဒဲရစ်မစ်ချယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute–NDI ၏ဥက္ကဋ္ဌ မစ္စတာဒဲရစ်မစ်ချယ်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် National Democratic Institute–NDI ၏ ဆောင်ရွက်မှု အခြေအနေများ၊ လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးနှင့် ဆက်လက်အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တရုတ်စက်မှုနှင့် စီးပွားရေးဘဏ် ဥက္ကဋ္ဌနှင့် တရုတ်မီးရထားတည်ဆောက်ရေးကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် တရုတ်စက်မှုနှင့် စီးပွားရေးဘဏ်(Industrial and Commercial Bank of China– ICBC)မှ ဥက္ကဋ္ဌ Mr. GuShu နှင့် တရုတ်မီးရထားတည်ဆောက်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation–CRCC)၏ ဒုတိယဥက္ကဋ္ဌ Mr. Wang Wenzhong တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

Mr. GuShu နှင့် တွေ့ဆုံစဉ် တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံပိုင်ဘဏ်များသို့ ICBC ဘဏ်က ငွေရေးကြေးရေးပံ့ပိုးပေးနိုင်မှု၊ ICBC ဘဏ်က ရန်ကုန်မြို့တွင်သာမကဘဲ အခြားမြို့ကြီးများတွင် ဘဏ်ခွဲဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးရေးအတွက် ICBC ဘဏ်က ပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

Mr. Wang Wenzhong နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် CRCC က ပါဝင်ပံ့ပိုးပေးနိုင်မှု၊ ရန်ကုန်-ဒလ တံတားတည်ဆောက်ရေးစီမံကိန်းတွင် CRCC က ပါဝင်ဆောင်ရွက်မှု၊ ပေါင်းလောင်းဆည်မှရေကို နေပြည်တော်နှင့် ပတ်ဝန်းကျင်ဒေသများသို့ ပေးဝေမည့် Water Treatment Plant တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တရုတ်မီးရထားတည်ဆောက်ရေးကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Wang Wenzhong နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းဂိုဟွာနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းဂိုဟွာနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား စီးပွားရေး၊ ကုန်သန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် နယ်စပ်ဂိတ်များမြှင့်တင်ရေးအပါအဝင် ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မြောက်ဦး-အာရှ အိန္ဒိယသမုဒ္ဒရာဒေသတို့၏ အမွေအနှစ်ရတနာ

ဝင်းကြိုင်

မြောက်ဦးမြို့ဟောင်းသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၏ ထူးခြားသည့် တစ်ခုတည်းသော ယဉ်ကျေးမှုအခင်းအကျင်းများတည်ရှိရာဖြစ်သည်။ မြို့ဟောင်းပတ်ဝန်းကျင်ရှိ အထောက်အထား အကြွင်းအကျန်များသည်လည်း အတိတ်တစ်ချိန်က ခမ်းနားကြီးကျယ်ခဲ့သော မြို့တော်၏ ပြယုဂ်အဖြစ်လည်းကောင်း၊ ၁၅ ရာစု မှ ၁၈ ရာစုအတွင်း နိုင်ငံတကာကုန်သွယ်စီးပွားရေး အချက်အချာဒေသအဖြစ်လည်းကောင်း ကမ္ဘာ့သမိုင်းစာမျက်နှာတွင် ပါဝင်ခဲ့ပေသည်။ မြောက်ဦး၏ မဟာဗျူဟာမြောက်တည်နေရာသည် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း နိုင်ငံတကာကုန်သွယ်ရေးစခန်းဖြစ်ခဲ့ရုံမျှသာမက အရှေ့တောင်အာရှ ဗုဒ္ဓဘာသာဒေသများသို့ မဟာမုနိရုပ်ပွားတော် ဓလေ့အစဉ်အလာကိုလည်း ပြန့်ပွားစေခဲ့ပါသည်။ မြောက်ဦးခေတ်တွင် ထွန်းကားခဲ့သော မကိုဋ်ခေါင်းဆောင်းနှင့် မင်းဝတ်တန်ဆာများ ဆင်ယင်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များ ကိုးကွယ်မှုဓလေ့သည် ဒေသတွင်း ယဉ်ကျေးမှုများသို့ ပျံ့နှံ့ခဲ့ခြင်းပင်ဖြစ်သည်။ ခမ်းနားသပ္ပာယ်စွာ တည်ဆောက်ခဲ့သော သျှစ်သောင်း၊ ထုက္ကန်သိမ်ဂူဘုရား၊ ရတနာပုံ၊ လင်ပန်းပြောက်စသည့်စေတီပုထိုးများ စသည်တို့သည် မြောက်ဦးခေတ်၏ ထူးခြားသောဗိသုကာလက်ရာများ ဖြစ်ခဲ့သည်။

**အရပ်မျက်နှာ သုံးဘက်မှ ကာကွယ်ထား**

ဘင်္ဂလားပင်လယ်အော် အရှေ့ဘက်ကမ်းရိုးတန်းရှိ မြောက်ဦးမြို့၏တည်နေရာသည် တောင်စဉ်တောင်တန်းများသွယ်တန်းရာ မြေမျက်နှာပြင်မျိုးဖြစ်သည်။ မြောက်ဘက်မှ တောင်ဘက်သို့ နိမ့်ဆင်းလာသော ဆင်တောင်တန်းနှင့် တောင်စွယ်များသည် ချင်းတောင်တန်း၏တောင်ဘက်ဖျားတွင် ပါဝင်သည်။ တောင်စွယ်တစ်ခုဖြစ်သော မောင်းဆွဲတောင်တန်းသည် မြောက်ဘက်ဆင်တောင်တန်းမှ တောင်ဘက်ရှိ ဘောင်းဒွတ်၊ မောင်းဆွဲကျေးရွာများအနီး သွယ်တန်းကာ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ မြို့အရှေ့ဘက်ရှိ လေးမြို့မြစ်ဝှမ်းတွင် အခြားတောင်တန်းငယ်နှစ်ခုဖြစ်သော မကြားတောင်တန်းနှင့် ပရိမ်တောင်တန်းတို့ တည်ရှိသည်။ အနောက်ဘက်အရပ်မျက်နှာတွင်မူ ပို၍ကျယ်ပြန့်သော မြေနိမ့်လွင်ပြင်နှင့် ကုလားတန်မြစ်၏ မြစ်လက်တက်နှင့် ချောင်းငယ်များစွာ ယှက်ဖြာလျက်ရှိသည်။ မြောက်ဘက်တွင် လင်းမြွေတောင်တန်းနှင့် အခြားတောင်ကုန်းများ တည်ရှိရာ မြောက်ဦးမြို့၏ ရေအရင်းအမြစ်နှင့် ရေသွင်း၊ ရေထုတ်လုပ်ဆောင်မှုများအတွက် အရေးကြီးသော ပထဝီဝင်ဆိုင်ရာဖြစ်တည်မှုများဟု ဆိုရပေမည်။ သို့ဖြစ်၍ မြောက်ဦးမြို့တော်ကို မြေမျက်နှာသွင်ပြင်အရ သဘာဝအတားအဆီးများဖြင့် အရပ်မျက်နှာ သုံးဘက်မှ ကာကွယ်ထားပေသည်။ အရှေ့ဘက်ရှိသဘာဝမြေပြင်မှာ ကာကွယ်ရေးအမြင်အရ အားနည်းချက်များရှိနေသော လွင်ပြင်များဖြစ်၍ မြို့ရိုး၊ ကျုံး အထပ်ထပ်တည်ဆောက်ကာရံထားခဲ့သည်။

မြို့တော်တည်ဆောက်ထားသော တောင်များကာရံထားသည့်တည်နေရာသည် တစ်နည်းအားဖြင့် အရှေ့ဘက်ရှိ လေးမြို့မြစ်ဝှမ်းနှင့် အနောက်ဘက်ရှိ ကုလားတန်မြစ်ဝှမ်းတို့ကို လွှမ်းမိုးထားသည်။ ပင်လယ်ဝမှ ကုန်းတွင်းဘက်သို့ ကီလိုမီတာ ၆၀ ခန့် ဝေးကွာနေခြင်းသည် အိန္ဒိယသမုဒ္ဒရာ ဘင်္ဂလားပင်လယ်ရပ်ဝန်း၏ လုံခြုံစိတ်ချရသော ကုန်သွယ်စီးပွားရေးဗဟိုချက် ဖြစ်လာခဲ့သည်။



လက်ရှိမြို့ဟောင်းပတ်ဝန်းကျင်ရှိ မြေပြင်တွင် မူလအတိုင်း ကြွင်းကျန်ရစ်နေသော အမွေအနှစ်လက်ရာတန်ဖိုးများ၊ ရုပ်သွင်ထင်ရှားရှိသော အမွေအနှစ်တန်ဖိုးများသည် တစုတဝေးတည်း ခင်းကျင်းပြသထားသကဲ့သို့ ရှိပေသည်။ ယင်းတို့သည် သမိုင်းဝင်မြောက်ဦးမြို့တော်၏ စစ်မက်ရေးရာ ကာကွယ်တည်ဆောက်မှုများ၊ ဥယျာဉ် လယ်ယာစိုက်ပျိုးမြေများ၊ ဘာသာရေးအဆောက်အဦနှင့် သာသနိကလက်ရာများအဖြစ် ရာစုနှစ်သုံးစုကျော် တည်တံ့ခဲ့ကြပေသည်။ မြေမျက်နှာပြင်၌ ထင်ဟပ်ကျန်ရှိသည့်လက်ရာများအဖြစ် တောင်ကုန်းတောင်တန်းများပေါ်ရှိ မြို့ရိုးစနစ်၊ မင်းခမ်းမင်းနား ဓလေ့ထုံးစံပွဲများဆိုင်ရာ မြေပြင်လက္ခဏာတည်ဆောက်မှုများ၊ သဘော်ကျင်း၊ ရာသီအလိုက်စီးဆင်းသော ချောင်းမြောင်းနှင့် ကတွတ်ပေါက်၊ ကျုံး၊ ရေကန်၊ ရေတွင်းနှင့် ရေတံခါးတို့ကို တွေ့နိုင်ပါသည်။ အလားတူ ရှေးဟောင်းသုတေသနဆိုင်ရာ ရုပ်ဆင်းသွင်ပြင်လက်ရာများအဖြစ် မြို့ပေါက်တံခါး၊ ခံတပ်၊ နန်းတော်ရာနှင့် နန်းတော်တံတိုင်း၊ ကျီတိုက်၊ စဥ့်ဖိုနှင့် မြောက်ဦးခေတ် ကျောက်စာချပ်များကိုလည်း လေ့လာနိုင်ပါသည်။ ထူးခြားသော ရုပ်ပိုင်းဆိုင်ရာလက်ရာများမှာ ဘာသာရေးအဆောက်အဦများဖြစ်သော ဂူဘုရား၊ စေတီ၊ ဗုဒ္ဓဆင်းတုတော်များ၊ နတ်ကွန်း၊ သိမ်အဆောက်အဦနှင့် ပိဋကတ်တိုက်တို့ ဖြစ်ကြသည်။ များပြားလှသော ဤအဆောက်အဦများကို မှတ်တမ်းစာရင်းပြုစုထားခဲ့ရာ ၁၀၀၀ ကျော်ရှိပြီး ရှေးဟောင်းသုတေသနဆိုင်ရာ ကုန်းဟောင်းအကြွင်းအကျန်များလည်း ပါဝင်လျက်ရှိသည်။

**ဘက်စုံ ဖွံ့ဖြိုးခဲ့**

မြောက်ဦးမြို့တော်၏ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ဗုဒ္ဓသာသနိကလက်ရာများ တည်ရှိမှုအခင်းအကျင်းသည် ကမ္ဘာ့မြေပုံပေါ်ရှိ မြစ်ဝကျွန်းပေါ် ဘူမိရုပ်သွင်များတွင် ရှားပါးလှသည့် နေရာယူထားခြင်းမျိုးဖြစ်သည်။ ဤသို့ထူးခြားသည့် အခြေစိုက်ဖြစ်ထွန်းမှုမျိုး ရရှိနိုင်ရန် ရေအရင်းအမြစ်အသုံးချမှုအင်ဂျင်နီယာစနစ်၊ ပတ်ဝန်းကျင်ရှိ အခြေအနေကိုလိုက်ကာ တီထွင်ဖန်တီးနိုင်ခဲ့သော နည်းပညာများ၏အကျိုးဆက်ဟု ဆိုရပါမည်။ ၁၅ ရာစု မှ ၁၈ ရာစုအတွင်း အိန္ဒိယသမုဒ္ဒရာဒေသ၏ ကုန်သွယ်မှုကွန်ရက်တွင် အရေးကြီးသောစီးပွားရေး ဆုံရပ်ဖြစ်လာမှု၊ ဗုဒ္ဓသာသနိက ဗိသုကာလက်ရာအခန်းကဏ္ဍဖွံ့ဖြိုးမှုနှင့် အရှေ့တောင်အာရှဒေသ၏ ဗုဒ္ဓဘာသာသမိုင်းတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးခဲ့သည့် မြို့တော်ကြီးတစ်ခုဖြစ်ခဲ့ခြင်းမှာ အဓိကသက်သေသာဓကများ ဖြစ်သည်။

ထိုမှတစ်ပါး ဗုဒ္ဓဆင်းတုတော်များနှင့် သာသနိကအဆောက်အဦတို့၏ ဆက်လက်တည်ရှိမှုမှာ မြောက်ဦးမြို့တော် လူမှုအဖွဲ့အစည်း၏ ဘာသာရေးဆိုင်ရာ ထူးခြားထင်ရှားမှုပင်ဖြစ်သည်။ အေဒီ ၁၇၈၄ ခုနှစ် နောက်ပိုင်းကာလတွင် ကိုးကွယ်ပူဇော်မှုနှင့် ဓလေ့ထုံးစံများမှာ မူလအတိုင်း တည်မြဲခဲ့ပေသည်။ သို့သော် မြို့တော်ဖွံ့ဖြိုးတိုးတက်စဉ်အချိန်က အကွက်ချကာ စနစ်တကျ တည်ဆောက်ခဲ့သော မြို့ရိုး၊ ကျုံး၊ ခံတပ်တို့၏ အသုံးဝင်မှုမရှိ၊ ရပ်တန့်ခဲ့ရခြင်းမှာ အမွေအနှစ်များ၏ပုံရိပ်ကျဆင်းတိမ်ကောလာခြင်းကို ညွှန်ပြခဲ့လေသည်။

၁၅ ရာစု မှ ၁၈ ရာစုအတွင်း အိန္ဒိယသမုဒ္ဒရာဒေသ၏ ကုန်သွယ်မှုကွန်ရက်တွင် အရေးကြီးသော စီးပွားရေး ဆုံရပ်ဖြစ်လာမှု၊ ဗုဒ္ဓသာသနိက ဗိသုကာလက်ရာ အခန်းကဏ္ဍဖွံ့ဖြိုးမှုနှင့် အရှေ့တောင်အာရှဒေသ၏ ဗုဒ္ဓဘာသာသမိုင်းတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးခဲ့သည့် မြို့တော်ကြီး တစ်ခုဖြစ်ခဲ့ခြင်းမှာ အဓိကသက်သေသာဓကများဖြစ်

**ရခိုင်ယဉ်ကျေးမှု အခြင်းအရာများဖြစ်**

မြောက်ဦး၏ထူးခြားထင်ရှားမှုကို သက်သေအထောက်အထားဖြင့် ညွှန်းဆိုပြရပါမူ ရေသွင်း၊ ရေထုတ်စသည့် ရေအရင်းအမြစ်အသုံးချမှုအင်ဂျင်နီယာများ၏ အထောက်အပံ့ဖြင့် တဖြည်းဖြည်း တိုးတက်မြင့်မားလာသော ကာကွယ်ရေး၊ စိုက်ပျိုးရေး စသည့်အကျိုးဖြစ်ထွန်းမှုဆိုင်ရာ အခြေတကျတည်ဆောက်နေရာယူမှုများပင်ဖြစ်သည်။ အလားတူ ဘာသာဆိုင်ရာ ဗိသုကာအနုပညာနှင့် ဒေသ၏မူလဟန်ကို ပေါ်လွင်ထင်ရှားစေသော ကျောက်ဆစ်အနုပညာလက်ရာများလည်း ပါဝင်သည်။ သို့ဖြစ်၍ ရေအရင်းအမြစ်ကို အသုံးချသော ကာကွယ်ရေး၊ စိုက်ပျိုးရေးနှင့် ရေအသွင်း၊ အထုတ်စီမံခန့်ခွဲမှု စသည့် ပထဝီဝင်ဆိုင်ရာ နိုင်ငံရေးအဆောက်အဦ တည်ဆောက်မှုမြေပြင်လက္ခဏာများသည်လည်း မြောက်ဦးယဉ်ကျေးမှု၏ သက်သေသာဓကများတွင် ထည့်သွင်းရပေမည်။ ဤထူးခြားထင်ရှားမှုများသည် မြောက်ဦးမြို့တော်၏ သာမန်ထက်ပိုသော အမွေအနှစ်တန်ဖိုးများအဖြစ် သတ်မှတ်နိုင်သော မြေပြင်လက္ခဏာများ၊ ရုပ်ဝတ္ထုအဆောက်အဦ၊ ယုံကြည်မှု၊ ဓလေ့ထုံးစံနှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်မှု စသည်တို့နှင့်ဆက်စပ်နေပြီး အရှေ့တောင်အာရှဒေသတွင် ထွန်းကားခဲ့သော ရခိုင်ယဉ်ကျေးမှုအခြင်းအရာများလည်း ဖြစ်သည်။

**သက်သေထူဆဲ**

မြောက်ဦးအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်ရေးအတွက် နယ်နိမိတ်သတ်မှတ်နိုင်ရာတွင် အထက်ဖော်ပြပါမြေပြင်တွင် ထင်ဟပ်နေသော အသွင်သဏ္ဌာန်များ၊ ရုပ်ပိုင်းဆိုင်ရာ အဆောက်အဦလက်ရာများကို ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးရှိမှုများ (Potential Outstanding Universal Value) အဖြစ် ထည့်သွင်းခဲ့သည်။ အမွေအနှစ်တန်ဖိုး၏ဂုဏ်ဒြပ်တို့တွင် ကာကွယ်ရေးဆိုင်ရာ အဆောက်အဦများဖြစ်သည့် မြို့တံတိုင်း၊ မြို့ဝင်ပေါက်၊ ကျုံးနှင့် ဘာသာရေးဆိုင်ရာ စေတီ၊ ဂူဘုရား၊ ဗုဒ္ဓဆင်းတုတော်၊ သိမ်၊ ပိဋကတ်တိုက် စသည့်အဆောက်အဦများသည် မူလနေရာအသီးသီးတွင် ပကတိတည်ရှိနေကြပြီး ရှေးယခင်ကအတိုင်း အသုံးပြုကြဆဲပင်ဖြစ်သည်။ ကာကွယ်ရေးဆိုင်ရာ အဆောက်အဦတို့မှာ အသုံးပြုနိုင်ခြင်းမရှိတော့သော်လည်း မြို့ပြအဆောက်အဦတည်ဆောက်မှု ဗိသုကာနယ်ပယ်တွင် ရှေးယခင်က တိုးတက်ဖွံ့ဖြိုးခဲ့မှု၏ အထောက်အထားများအဖြစ် သက်သေထူဆဲပင် ဖြစ်သည်။

သို့ဖြစ်၍ သတ်မှတ်ထားသော မြောက်ဦးအမွေအနှစ်များသည် မူလတည်နေရာ၊ ဖွဲ့စည်းမှုအတိုင်း တွေ့မြင်နိုင်ပါသည်။ ယခုလက်ရှိမြို့ဟောင်းသည်ပင်လျှင် လူနေအိမ်များဖြင့် ဆက်လက်နေထိုင်ဆဲမြို့အဖြစ်လည်းကောင်း၊ ထူးခြားသည့် သာသနိကအဆောက်အဦများကို ဆက်လက်ကိုးကွယ်ဆည်းကပ်မှုများဖြင့် လည်းကောင်း အသက်ဝင်ရှင်သန်ဆဲပင်ဖြစ်သည်။



စာမျက်နှာ ၇ သို့ ❖

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM-Plus(VIP Program) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ကွေ့လင်မြို့ရှိ Fenglin Training Field ၌ ပြုလုပ်သည့် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM-Plus(VIP Program) ပိတ်ပွဲ အခမ်းအနားသို့ နိုင်ငံအသီးသီးမှ တပ်မတော်အကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ပိတ်ပွဲအခမ်းအနား ပြုလုပ်မည့် Fenglin Training Field သို့ ရောက်ရှိကြရာ လေ့ကျင့်ခန်းများတွင် ပါဝင်ခဲ့ကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များနှင့် လေ့ကျင့်ခန်းတွင်အသုံးပြုခဲ့သော တိုက်ယာဉ်များ စုဖွဲ့တန်းစီ၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဂုဏ်ပြုစစ်တီးဝိုင်းဖြင့် ကြိုဆိုကြသည်။

ထို့နောက် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း၊ လေ့ကျင့်ရေး အစီအစဉ်များတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Li Zuocheng ၊ ပူးတွဲဥက္ကဋ္ဌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Pornpipat Benyasri တို့က အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ယင်းနောက် ပူးတွဲဥက္ကဋ္ဌ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့က အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM-Plus(VIP Program) ပိတ်ပွဲ မိန့်ခွန်းများပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM-Plus (VIP Program)တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ နိုင်ငံအသီးသီးမှ တပ်မတော်အကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် Guilin ဆိပ်ကမ်းသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး Li jiang မြစ်ကြောင်းတစ်လျှောက် မြစ်တွင်းအပျော်စီးအမြန်ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စစ်သံမှူး Senior Colonel Xiong Shaowei ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ)ဗိုလ်မှူးချုပ် ဇော်ဦးနှင့် အဖွဲ့ဝင်များနှင့်အတူ ကွေ့လင်မြို့ Taohua မြစ်နှင့် Li jiang မြစ်တို့ ဆုံရာနေရာတွင်တည်ရှိသည့် ဆင်နှာမောင်းတောင်နှင့် ပန်းခြံသို့ သွားရောက်လေ့လာကြည့်ရှုကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနား ဒုတိယပိုင်းနှင့် ဆွေးနွေးပွဲဆက်လက် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနား ဒုတိယပိုင်းနှင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားသည်။ **(ယာပုံ)**




ထို့နောက် McKinsey & Company၏ Managing Partner Mr. Kaushik Das က ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် Mega-Trends ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် The World Bank Group Myanmar၏ Head Economist, Mr. Hans Beck က မြန်မာ့စီးပွားရေးနှင့် အနာဂတ်အလားအလာများခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး The World Economic Forum၏ Head of Asia Pacific and Member of the Executive Committee, Mr. Justin Wood က စီးပွားရေးနှင့် စတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းရေးခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က အမှာစကားပြောကြားပြီး အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက သဘာပတိအဖြစ်ဆောင်ရွက်ကာ ဒုတိယဝန်ကြီး ဦးတင်လတ်၊ Thai Chamber of Commerce and Board of Trade of Thailand ဥက္ကဋ္ဌ Mr. Kalin Sarasin ၊ Serge Pun & Associates Ltd ၏ ဥက္ကဋ္ဌ Mr. Serge Pun နှင့် Myan ShwePyi Tractors Ltd ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ယှဉ်ပြိုင်နိုင်စွမ်းရှိသော မြန်မာ့စီးပွားရေးကို တည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

**ဆွေးနွေး**

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အမှာစကားပြောကြားပြီး Sand-anila Investments ၏ Managing Partner ဒေါ်သီရိသက်မွန်က သဘာပတိအဖြစ်ဆောင်ရွက်ကာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ Japanese Chamber of Commerce and Industry Myanmar- Marubeni Cooperation ၏ ဒုတိယ ဥက္ကဋ္ဌ Mr. KunioNegishi ၊ China Enterprises for Chamber of Commerce in Myanmar ၏ ဒုတိယဥက္ကဋ္ဌ Mr. Gong Jingtaoနှင့် YGA Capital Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဦးသူရကိုကိုတို့က အနာဂတ်အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှု ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ပြည်တွင်း၊ ပြည်ပခရီးသွား အများပြည်သူတို့ လာရောက်ကြည့်ရှုလေ့လာကြရသော နေရာများလည်းဖြစ်သည်။ တစ်ချိန်က ရေသိုလှောင်စီမံခန့်ခွဲရာ ဆည်မြောင်း၊ ကန်၊ ချောင်း၊ မြို့ရိုး၊ ကျုံး၊ တံတိုင်း အသီးသီးကိုလည်း ယခုအခါလည်းပတ်ကြည့်ရှုစရာနေရာများအဖြစ် တစ်ကျော့ပြန်အရေးပါလာခဲ့ပေသည်။

မြောက်ဦးဒေသခံများမှာ ဘုရားသွားကျောင်းတက်အလေ့အထကို စွဲမြဲပြီး ရိုးရာအစဉ်အလာများဖြင့် နေသားကျသူများဖြစ်သည်။ စေတီ၊ ပုထိုးများ၌ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများအတိုင်း ကျင့်သုံးနေထိုင်မှုနှင့် ပွဲတော်ကျင်းပမှုများ ပုံမှန်ဆောင်ရွက်လေ့ရှိကြသည်။ သို့ဖြစ်၍ မိခင်ဘာသာစကားမှအစ ဒြပ်မဲ့ယဉ်ကျေးမှုအားလုံးမှာ မူလအတိုင်းပင် မြင်တွေ့ကြားသိရဆဲ ဖြစ်ပေမည်။ ပတ်ဝန်းကျင်ရှိ ဆည်မြောင်း၊ ကန်၊ ချောင်းများမှာလည်း အသုံးပြုနိုင်ဆဲပင်ဖြစ်သည်။ ထင်ရှားသည့် လက်ဆည်ကန်၊ အနူမကန်တို့မှာလည်း ရှေးကအတိုင်းပင် တွေ့မြင်နိုင်ပါသေးသည်။ အပြောင်းအလဲမရှိသော ပုံသဏ္ဌာန်၊ လက်ရာပစ္စည်းနှင့် တည်ဆောက်မှုများဖြင့် ထင်ရှားသည့်သျှစ်သောင်းပုထိုးတော်၊ ကိုးသောင်းပုထိုးတော်တို့အား မြောက်ဦးမြို့သူမြို့သားများ၏ ကြည်ညိုကိုးကွယ်နေပုံမှာ အတိတ်ကာလအချိန်ကအတိုင်း ပြန်လည်မြင်ယောင်ရပေမည်။

ယနေ့ကာလတွင် မြောက်ဦးအမွေအနှစ်တို့တည်ရှိရာ ဇုန်နယ်နိမိတ်အကျယ်အဝန်း၏ ၄၈ ရာခိုင်နှုန်းဖြစ်သော မြေဧရိယာဟက်တာ ၄၅၀၀ ကျော်အား ပတ်ဝန်းကျင်ဒေသခံတောင်သူလယ်သမားများက စိုက်ပျိုးမြေအဖြစ် အသုံးချလျက်ရှိပါသည်။ ယင်းသတ်မှတ်ဧရိယာအတွင်းမှ မြေပြင်အမွေအနှစ်လက္ခဏာနှင့် ရုပ်ပိုင်းဆိုင်ရာအဆောက်အဦများမှာ ကာလကြာမြင့်စွာ လျစ်လျူရှုခြင်းခံရမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် မသမာသူတို့၏ ဖျက်ဆီးမှုဒဏ်ကို ခံစားခဲ့ရပြီးဖြစ်ပါသည်။ မြို့တွင်း၊ မြို့ပြင်၌ လူဦးရေဖွံ့ဖြိုးတိုးတက်လာမှု နောက်ကွယ်လိုအပ်ချက်များအရ အမွေအနှစ်တို့ ထိခိုက်ပျက်စီးရာ ပျက်စီးကြောင်းဖြစ်လာပြီး မြောက်ဦးမြို့အတွက်လည်း အရုပ်ဆိုးအကျည်းတန်စရာ မြင်ကွင်းများသဖွယ်ဖြစ်လာပါသည်။ ယင်းအခြေအနေများကြားမှ စိတ်သက်သာစရာတစ်ခုမှာ ရှေးဟောင်းသုတေသနဆိုင်ရာ ကုန်းဟောင်းများစွာကို ရှာဖွေမှတ်တမ်းတင်ထားနိုင်ခြင်းသာဖြစ်ပါသည်။ အလားတူ မဝေးတော့သောကာလတွင် မြောက်ဦး၏အတိတ်ကာလကို ပြန်လည်ဖော်ထုတ်ပေးနိုင်မည့် သိပ္ပံနည်းကျသုတေသန လုပ်ငန်းများကို ပေါင်းစပ်စီမံခန့်ခွဲမှု မူဘောင်(Integrated Management Framework)များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်လာမှုများကို ထိန်းညှိရန်နှင့် အမွေအနှစ်တို့ကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် တရားဝင်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှေးဟောင်းအဆောက်အဦမှတ်တမ်းစာရင်းများဖြင့် လည်းကောင်း၊ ဇုန်နယ်နိမိတ်သတ်မှတ်ခြင်းများဖြင့် လည်းကောင်း ချိတ်ဆက်ထားပါသည်။ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်မည့်နယ်နိမိတ်ကိုလည်း အမွေအနှစ်တည်ရှိရာဇုန် (Property Zone)နှင့် ကာကွယ်စောင့်ရှောက်ရာ ဇုန် (Butter Zone)တို့ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော "ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ"နှင့်အညီ ပီပြင်စွာ သတ်မှတ်ထားနိုင်ခဲ့ပြီးဖြစ်သည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ဌာနဆိုင်ရာ၊ ဥပဒေပြဋ္ဌာန်းမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုများပါဝင်သော "မြောက်ဦးဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်မှုကော်မတီ" (Mrauk-U Com)ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့များ ဖွဲ့စည်းကာ မြောက်ဦးဒေသအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများကို တရားဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များဖြင့် ဆောင်ရွက်လျက်ရှိနေပါသည်။

မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် အကျိုးရှိရှိ စီမံဆောင်ရွက်မည့် အစီအစဉ်များတွင် ပျက်စီးယိုယွင်းမှုများကို ပြင်ဆင်ခြင်း၊ ဆက်လက်မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများနှင့် လာရောက်လေ့လာသူ ခရီးသွားများအတွက် စီမံခန့်ခွဲခြင်း စသည်တို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်သွားရမည်ဖြစ်သည်။

လက်တွေ့အနေအထားတွင် မြောက်ဦးရှိကျောင်း၊ ကန်၊ စေတီပုထိုး စသော သာသနိကအဆောက်အဦများနှင့် လက်ရာပစ္စည်းများကို ဥပဒေဖြင့် ကာကွယ်ထားရုံမျှမက ဒေသခံများ၏ ရိုးရာအစဉ်အလာ ကျင့်သုံးမှုများဖြင့်လည်း ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ အထွတ်အမြတ်နေရာဒေသများကို ပူဇော်ခြင်း၊ ဘုရားဖူးထွက်ခြင်းနှင့် သာသနိကအဆောက်အဦလက်ရာပစ္စည်းများကို ရိုသေကိုင်းရှိုင်းခြင်းမှာ သမိုင်းစဉ်တစ်လျှောက် တည်ရှိခဲ့သော မြန်မာတစ်မျိုးသားလုံး၏ အစဉ်အလာဖြစ်ပါသည်။ ဤအစဉ်အလာများသည် အဖျက်သမားတို့ လုယက်ဖျက်ဆီးမှု၊ မသမာသူတို့၏ ရည်ရွယ်ချက်ရှိရှိ ခိုးယူမှုများကို တားမြစ်ဟန့်တားနိုင်ခဲ့ပေသည်။ ဤကဲ့သို့ ဒေသခံလူမှုအဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများဖြင့် ထိန်းသိမ်းစောင့်ရှောက်မှု၊ တာဝန်ရှိဘက်စုံဌာနဆိုင်ရာ အဖွဲ့အစည်းများ၏အကောင်အထည်ဖော် လုပ်ဆောင်မှုများသည် မြောက်ဦးဒေသ၏ တစ်မူထူးခြားသည့် အမွေအနှစ်လက်ရာပစ္စည်း၊ ယဉ်ကျေးမှုအဆောက်အဦနှင့် ယဉ်ကျေးမှုအခင်းအကျင်းတို့ကို အပြောင်းအလဲမရှိ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

**Reference: Mrauk-U Nomination Dossier**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြား


ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ


ဂန့်ဂေါ မဲဆန္ဒနယ်မှ
ဒေါ်ယဉ်မင်းလှိုင်


ပေါင် မဲဆန္ဒနယ်မှ
ဒေါ်မိကွန်ချမ်း


ကြံခင်း မဲဆန္ဒနယ်မှ
ဒေါက်တာထွန်းလင်းမော်


ဒိုက်ဦး မဲဆန္ဒနယ်မှ
ဦးဘုန်းမြင့်အောင်


ကနီ မဲဆန္ဒနယ်မှ
ဦးထွန်းထွန်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်း သုံးခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းနှင့် အစီရင်ခံစာ သုံးခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **ဂန့်ဂေါမြို့နယ်တွင် သစ်ထုတ်လုပ်ရေး ဆင်အကောင် ၁၀၀ ခန့်၏ ကျက်စားရာနေရာ (habitat)၌ ကုမ္ပဏီနှစ်ခုအား ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ပြုထားခြင်းကြောင့် ၎င်းဆင်များအတွက် habitat ကို မထိပါးစေရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မြန်မာ့သစ်လုပ်ငန်းရှိ ဌာနဆင်များအတွက် ဆင်စားကျက်များကို သစ်တောဦးစီးဌာနက အတည်ပြုသတ်မှတ်ပေးခဲ့ပြီး ဂန့်ဂေါသစ်ထုတ်ရေးဒေသမှ ဌာနပိုင်ဆင် ၁၉၇ ကောင်အတွက် ဆင်စားကျက်မြေများ သတ်မှတ်ပေးခဲ့ရာတွင် တိုကြိုးဝိုင်းအကွက်အမှတ် (၈၊ ၉၊ ၁၀၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉) တို့ပါဝင်ခဲ့ပါကြောင်း၊ ကုမ္ပဏီ နှစ်ခုအား ကျောက်မီးသွေးထုတ်လုပ်တူးဖော်ခွင့်ပြုထားသည့် နေရာတွင် ဆင်စားကျက်အဖြစ် ခွင့်ပြုထားသည့် တိုကြိုးဝိုင်း၊ အကွက်အမှတ်(၈) ပါဝင်ပါကြောင်း၊ အကွက်အမှတ်(၈) တွင် ကျောက်မီးသွေးတူးဖော်ခြင်း လုပ်ငန်းများရှိသဖြင့် ၎င်းနေရာနှင့်ဝေးရာ အခြားနေရာများ၌ ဆင်စားကျက်ချထားပါကြောင်း။

မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါကြိုးဝိုင်းအတွင်း ဌာနပိုင်ဆင်များ နွေရာသီဆင်ကျောင်းလျက်ရှိပြီး မိုးကာလသစ်ထုတ်ချိန်တွင် ဆင်များသည် လုပ်ကွက်များအတွင်း သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြင်သာကြိုးဝိုင်းအကွက် အမှတ်(၆)နှင့် တိုကြိုးဝိုင်းအကွက်အမှတ်(၈)တို့တွင် ဆင်စားကျက်ထားရန် မသင့်တော်သည့်အတွက် ဆင်ဝိုင်းများထားရှိမှု မရှိပါကြောင်း၊ ကုမ္ပဏီ နှစ်ခုသည် သစ်တောဦးစီးဌာနသို့ လုပ်ငန်းအာမခံငွေပေးသွင်းခြင်း၊ နှစ်စဉ်သစ်တောမြေငှားရမ်းခများ ပေးသွင်းခြင်း၊ အစားထိုးသစ်ပင်များ စီမံချက်အလိုက် စိုက်ပျိုးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံမှုဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေးထုတ်လုပ်မှုများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကြံခင်း မဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော်၏ **ကြံခင်းမြို့နယ်၊ မြောက်မြန်အောင်ကြိုးဝိုင်း၊ ကွင်းအမှတ်(၂၅)နှင့်(၂၆)အတွင်းရှိ ပျိုးပင်များ ရေလောင်းရန်အတွက် ရေသယ်ယာဉ်တစ်စီး ထောက်ပံ့ပေးရန်နှင့် ဝန်ထမ်း၊ ပြည်သူများအတွက် လိုအပ်နေသော ပေ ၁၇၀၀၀ ရှိ လမ်းပိုင်းအား ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းအတွက် တာဝန်ယူဆောင်ရွက်နေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နှင့် ဆက်သွယ်ညှိနှိုင်းမေးမြန်းချက်အရ အဆိုပါလမ်းပိုင်းသည် Class(c) အဆင့်၊ တတိယဦးစားပေးအဆင့်သာရှိသဖြင့် လတ်တလော ဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါလမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါင် မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ်၊ သဲဖြူကုန်းမြေပြိုမှုဖြစ်စေသည့် အကြောင်းအရင်းကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ မွန်ပြည်နယ် ပေါင်မြို့နယ်ပတ်ဝန်းကျင် မြေပြိုမှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ သဘာဝကြောင့်ဖြစ်ပေါ်သည့် ဆင်ခြေလျှောအနေအထားများ မြင့်မားမတ်စောက်နေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဆင်ခြေလျှောမြေလွှာထဲတွင် အောင်းရေမြင့်တက်လာခြင်းနှင့် အောက်ခံကျောက်သားအနေအထား၊ ဘူမိဗေဒအနေအထားများနှင့် မြေသားပြုပြင် ပြောင်းလဲဆောင်ရွက်မှုများကြောင့်ဖြစ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် အဓိကဖြစ်ပွားခြင်းဖြစ်ပြီး လူ့ပယောဂကြောင့် ပတ်သက်မှု အနည်းငယ်သာပါရှိပါကြောင်း။

## မြေပြိုခြင်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်နှင့် သတိပြုသင့်သည်များကို အသိပညာပေးခြင်းများ ဆောင်ရွက်သင့်

အဆိုပါ မြေပြိုမှု၊ တောင်ပြိုမှုများကို ထိန်းချုပ်နိုင်ရန်၊ အသက်အိုးအိမ်ဆုံးရှုံးမှုများ လျော့နည်းသွားစေရန်၊ မြင့်မားမတ်စောက်သည့် တောင်စောင်းများပေါ်တွင် လူနေအိမ်များတည်ဆောက်ခြင်းနှင့် တောင်ခြေတွင် ကပ်၍နေထိုင်ခြင်း၊ တောင်ခြေအားခုတ်၍ နေရာချဲ့ခြင်းတို့အား ဒေသပိုင်၊ အာဏာပိုင်များက စီမံချက်များ ချမှတ်၍ ထိန်းချုပ်ခြင်း၊ မြေပြိုခြင်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်နှင့် သတိပြုသင့်သည်များကို အသိပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စုအတွင်း မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အလတ်စား ခဲတ်သတ္တုတူးဖော်ရေး လျှောက်ထားလျက်ရှိရာ ယင်းနေရာတွင် မူလတောင်သူ ၁၇ ဦးပိုင်မြေများ ပါဝင်နေသဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်းကျေး ရွာအုပ်စုရှိ မိုးယွန်းကြီးအင်း မြောက်ကျောင်းလမ်းမှ အမြန်လမ်းမိုင်တိုင် (၅၂/၃) အထိရှိသော သစ်ထုတ်လုပ်ရေးလမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ **၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများအခြေအနေကို ရှင်းလင်းချပြရန်နှင့် ဝါးစိုက်ပျိုးဆောင်ရွက်လိုသူများအတွက် နိုင်ငံတော်မှမည်သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့် ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ကျောက်မျက်အရောင်းဆိုင်နယ်မြေအသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** ကိုလက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



# သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**


ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ **မွန်ပြည်နယ် ရေးမြို့နယ် ခါဇာမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပေါက်ပင်ကွင်းကျေးရွာတို့ ဆက်သွယ်သည့်လမ်းအား ပြည်နယ်နှင့် တိုင်းဒေသကြီးဆက်သွယ်သည့်လမ်းအဖြစ်သတ်မှတ်၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အဆိုပါ ခါဇာ-ပေါက်ပင်ကွင်းလမ်းကို မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ပျမ်းမျှ လမ်းအကျယ် ၆ ပေခန့်သာ ရှိပါကြောင်း၊ လမ်းဘေးဝဲ/ယာတွင် ကွမ်းသီးပင်နှင့် ရော်ဘာပင်များစိုက်ပျိုးထားရှိကြောင်း တွေ့ရှိရသည့်အတွက် သတ်မှတ်လမ်းအကျယ် ဆောင်ရွက်နိုင်ရေးအတွက် ကွမ်းသီးခြံ၊ ရော်ဘာခြံပိုင်ရှင်များနှင့် မြေယာကိစ္စများ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရေးမြို့နယ် ခါဇာမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပေါက်ပင်ကွင်းကျေးရွာသို့ ဆက်သွယ်သည့်လမ်းကြောင်း ဖောက်လုပ်ပေးနိုင်ရေးအတွက် သတ်မှတ်လမ်းအကျယ်ရရှိအောင် ဒေသခံများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်ညှိနှိုင်း၍ မြေယာကိစ္စများ ရှင်းလင်းဆောင်ရွက်ပြီးစီးမှု အထောက်အထားများနှင့်တကွ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း သတ်မှတ်စီမံကိန်း အဆိုပြုလွှာပုံစံများဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်


ဒုတိယဝန်ကြီး
ဦးလှကျော်


တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း


ကယားပြည်နယ်
မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဒေါက်တာ ဝင်းမြင့်


ကယားပြည်နယ်
မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ

## ဝက်များ ပြည်ပမှတင်သွင်းမှုနှင့် စပ်လျဉ်း၍ ဝက်အရှင်တင်သွင်းမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို သုံးလတစ်ကြိမ်ပြုလုပ်၍ စိစစ်ခွင့်ပြုလျက်ရှိ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ (မျိုးရိုးနိမ့်) ဝက်သားပေါက်များတင်သွင်းလာမှုကို ရပ်ဆိုင်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝက်များပြည်ပမှတင်သွင်းမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များ၊ ဝက်မွေးမြူရေးအသင်း၊ ဝက်မွေးမြူထုတ်လုပ်သူများအသင်း၊ ပြည်ပမှ ဝက်အရှင်တင်သွင်းသည့်ကုမ္ပဏီ၊ ဝက်လိုင်စင်စီတို့နှင့် ဝက်အရှင်တင်သွင်းမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို သုံးလတစ်ကြိမ်ပြုလုပ်၍ တင်သွင်းမည့်ဝက်အမျိုးအစားနှင့် ဝက်ကောင်ရေကို အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံမှ ပြည်တွင်းသို့ မျိုးရိုးနိမ့်သည့် ဝက်သားပေါက်များ တင်သွင်းလာမှုမရှိစေရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသုံးသူဈေးကွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀ ကီလိုဂရမ်နှင့်အောက် စီးပွားဖြစ် မျိုးကောင်းအသားတိုးဝက်ပေါက်များကိုသာ တင်သွင်းရန် ပြည်ပမှ ဝက်အရှင်တင်သွင်းမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ စီမံဆောင်ရွက်သည့် အခြေအနေဖြစ်သည့်အလျောက် ယင်းအပေါ်တွင် ပြန်လည်စိစစ်ပြီး ပြည်သူများ၏ကျန်းမာရေးထိခိုက်နိုင်မှု မဖြစ်ပေါ်စေရန်နှင့် ပြည်တွင်းဝက်မွေးမြူသူများ၏ အကျိုးစီးပွားထိခိုက်နိုင်မှုမရှိစေရန် စီမံဆောင်ရွက်သွားနိုင်မည့် အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် သင်တန်းများအတွက် သင်တန်းသားများခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် မမျှမတဖြစ်ပေါ်နေမှုများကို စီမံကြပ်မတ်ဆောင်ရွက်ပေးရန်နှင့် ဖွံ့ဖြိုးမှုနည်းပါးသော တိုင်းရင်းသားဒေသများမှ ဦးစားပေးခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီက မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ရရှိသောမြေပေါ်တွင် ယခုအချိန်ထိ ဆီအုန်းပင်များ စိုက်ပျိုးထားခြင်းမရှိသေးသော မြေယာများကို ပြန်လည်သိမ်းဆည်းပေးရန်နှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လျှောက်ထား၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိပြီး စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူများအား တရားစွဲဆိုနေခြင်းကို တည်ဆဲဥပဒေများနှင့်အညီ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် သဘာဝဘေးဒဏ်ကြောင့် သီးနှံများပျက်စီးမှုအပေါ် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများ အပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကိုအခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ ကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်(Capacity)၊ လုပ်ငန်းစဉ်များ (Functions)နှင့် ကျင့်ဝတ်သိက္ခာ(Ethics) များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံး ပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူက** ယခုအခါ မြန်မာနိုင်ငံ၏သစ်တောများသည် ပြုန်းတီးနေသည့် အနေအထားရောက်ရှိနေခြင်းကြောင့် သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍကိုဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ သစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် သစ်တောဆိုင်ရာ ကတိကဝတ်များအနေဖြင့် နိုင်ငံဧရိယာ၏ သစ်တောနယ်မြေ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၀ ရာခိုင်နှုန်း ပြည့်မီစေရန်အတွက်လည်း ရည်မှန်းဆောင်ရွက်ရန် ရှိနေပါကြောင်း၊ ထို့ကြောင့် သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများ၏ အခန်းကဏ္ဍကိုမြှင့်တင်နိုင်ရန် တင်သွင်းသည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။


**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း**က သစ်တောဝန်ထမ်းများကို သင့်တော်သည့်လက်နက်များ တပ်ဆင်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သင့်တော်သည့် ယာဉ်များ၊ ကြိုးဝိုင်းသစ်တောများတွင် ဆိုင်ကယ်လမ်းများ ဖောက်ပေးခြင်းနှင့် ဒရုန်းများ၊ စီစီတီဗွီများတပ်ဆင်ထားသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ သစ်တောထိန်းသိမ်းရမည် ဆိုသည့် လူထုပညာပေးသင်တန်းကျောင်းများကို ကြိုးဝိုင်းအနီးကျေးရွာများတွင် တည်ထောင်ပေးသင့်ပါကြောင်း၊ လူထုကို ပိုမို၍သစ်ပင်ချစ်သည့်စိတ်၊ သစ်တောထိန်းသိမ်းလိုသည့်စိတ်၊ သဘာဝပတ်ဝန်းကျင်ကိုချစ်သည့်စိတ်၊ သစ်တောထိန်းသိမ်းခြင်းသည် အမျိုးသားရေးတာဝန်ဟု ခံယူသည့်စိတ်မျိုးရှိစေရန် ပညာပေးသင့်ပါကြောင်း၊ ထို့အတူ သစ်တောထိန်းသိမ်းမှုစနစ်ကိုလည်း နိုင်ငံတကာတွင်လေ့လာပြီး နိုင်ငံနှင့်ကိုက်ညီသည့်စနစ်ကို အသုံးပြုရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လှိုးဇာတို့လည်း ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း NDI အဖွဲ့၏ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် National Democratic Institute (NDI) အဖွဲ့၏ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးဟောင်း မစ္စတာ ဒဲရစ်မစ်ချယ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ(၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ ကျင်းပပေးနေမှု၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် Code of Conduct (CoC) ကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်နှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ ဆိုရှယ်မီဒီယာပေါ်တွင် အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေမှုမရှိစေရေး ကာကွယ်သွားမည့် အစီအစဉ်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းမှန်ပြန်ကြားရေးအတွက် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ အထွေထွေမန်နေဂျာ ဒေါ်ဝင်းဝင်းမော်ကို ယင်းဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၂၇ ရက်မှစ၍ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းများ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ပြန်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၉) ဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းများကို နိုဝင်ဘာ ၂၇ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ သတင်းထုတ်ပြန်ပေးမည်ဖြစ်သည်။

သတင်းရယူလိုသော မီဒီယာများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဖုန်းနံပါတ်-၀၆၇- ၄၀၄၄၀၇ နှင့် ၀၆၇- ၄၀၄၃၁၃ သို့ ကြိုတင်ဆက်သွယ်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ချင်းရှုတောင်ဥယျာဉ်နှင့် လီကျန်းစာဖတ်ရိပ်သာတို့ကို ကြည့်ရှုလေ့လာ

**ကွေ့လင် နိုဝင်ဘာ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းမြို့ရှိ ချင်းရှုတောင်ဥယျာဉ်နှင့် လီကျန်းစာဖတ်ရိပ်သာတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချင်းရှုတောင်ဥယျာဉ်အတွင်း သစ်ပင်၊ ပန်းပင်အမျိုးအစားများအလိုက် အုပ်စုဖွဲ့၍ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာနိုင်ရန်စီစဉ်ထား**

ချင်းရှုတောင်ဥယျာဉ်သည် ဧရိယာ ၄ ဒသမ ၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၉ မီတာတွင် တည်ရှိသည်။ သက်တမ်းရင့် သဘာဝသစ်ပင်ကြီးများနှင့် အကွက်ချစိုက်ပျိုးမှုများ ပေါင်းစပ်၍ ပြကွက် ၁၂ နေရာတည်ဆောက်ထားပြီး တောင်ပတ်လမ်း စနစ်တကျဖောက်လုပ်ကာ ဘာဂီယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားသည်။ ဥယျာဉ်သို့ ခရီးသည်ဝင်ရောက်မှုနှုန်းမှာ နှစ်စဉ် ပျမ်းမျှ ၂၄ သိန်းခန့်ရှိကြောင်း သိရသည်။

ထို့နောက် စန်းချီပလာဇာ၏ စတုတ္ထထပ်ရှိ လီကျန်းစာဖတ်ခန်းသို့ သွားရောက်ပြီး စာအုပ်အရောင်းဆိုင်ခန်းများ (ယာပုံ)၊ ကလေးစာပေနှင့် ကလေးစာဖတ်ခန်းအပါအဝင် စာအုပ်ဆိုင်နှင့်စာဖတ်ခန်း ပြင်ဆင်စုဖွဲ့ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

လီကျန်းစာအုပ်ဆိုင်တွင် စာအုပ်ပေါင်း လေးသောင်းကျော် စုစည်းထားရှိရာ စာအုပ်ဝယ်ယူမှု၊ စာဖတ်ခန်းများတွင် စာပေဖတ်ရှုလေ့လာခြင်းအပြင် စုဝေးခန်းမတွင် စာအုပ်မိတ်ဆက်ပွဲနှင့် စာဖတ်ဝိုင်းများတွင်လည်း တက်ရောက်လေ့လာ ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ဆွေးနွေး**

ဆက်လက်၍ စုဝေးခန်းမတွင် "Good Books in Guan Gxi" အစီအစဉ် ပြသမှုအား ကြည့်ရှုပြီး ကွမ်ရှီးစာရေးဆရာအသင်းဝင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံဘာသာပြန်စာပေများ ပြန်ဆိုထုတ်ဝေဖြန့်ချိရေးနှင့် စာပေယဉ်ကျေးမှုဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ကွမ်ရှီးစာရေးဆရာအသင်းသည် တရုတ်စာရေးဆရာအသင်း၏ အသင်းခွဲတစ်ခုဖြစ်ပြီး အမျိုးသား အမျိုးသမီးအသင်းဝင်များအပြင် တိုင်းရင်းသားလူမျိုးစုငယ်များလည်း ပါဝင်ကြသည်။ အသင်းဝင်များသည် အမျိုးသားစာပေဆုပြိုင်ပွဲများမှ ဆုတံဆိပ်များစွာရရှိထားကြပြီး ပါတီ၊ အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးနေသည့်အပြင် တိုင်းရင်းသားလူမျိုးစုငယ်များ၏ စာပေထွန်းကားလာစေရန် မြှင့်တင်ပေးခြင်း၊ စာပေဖလှယ်မှုနှင့် လေ့ကျင့်မှုများတွင် အားပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်နင်းမြို့မှ မြန်နှုန်းမြင့် ကျည်ဆန်ရထားဖြင့်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အရှေ့မြောက်ဘက်ရှိ ကွေ့လင်မြို့သို့ ရောက်ရှိကြသည်။



ယင်းနောက် ကွေ့လင်မြို့ရှိ ရောင်ဟုဟိုတယ်တွင် မြို့တော်ဝန် မစ္စတာ ကွင်းချွန်ချန်းက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ကြသည်။ ဆက်လက်၍ ကွေ့လင်မြို့ရှိ လီကျန်းမြစ်၊ ထောင်ဟွာမြစ်၊ စမ်းရည်ရေကန်၊ ကွေ့ရေကန်နှင့် မုလုံရေကန်များအတွင်း လှေဖြင့် လည်းကောင်း၊ ရောင်ဖန်းနန်းမြင့်မျှော်စင်နှင့် နန်းမြို့ဟောင်းအတွင်း၌ လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ခရီးသွားမြို့တော်အဖြစ်ကျော်ကြား**

ကွေ့လင်မြို့သည် တောတောင်ရေမြေ သဘာဝရှုခင်းများဖြင့် သာယာလှပသည့်အပြင် ယဉ်ကျေးမှုသမိုင်းဆိုင်ရာများ ကြွယ်ဝမှုကြောင့် ခရီးသွားမြို့တော်အဖြစ် ကျော်ကြားသည်။ ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်ပြီး ဟိုတယ်နှင့် တည်းခိုဆောင်မျိုးစုံရှိသည့်အပြင် စားသောက်ဖွယ်ရာ စုံလင်ကောင်းမွန်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ နှစ်ခြိုက်သည့်နေရာ ဖြစ်လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံ ပြည်သူများအား ကိုရီးယားသမ္မတနိုင်ငံမှ ဆန်ရိက္ခာများ ထောက်ပံ့

**ဖားကန့် နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး ဖားကန့်မြို့နယ်တွင် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအား ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ဆန်ရိက္ခာထောက်ပံ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သဘာဝဘေးအန္တရာယ်ခံစားရမှု လျော့ပါးစေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများကို ရပ်ကွက်ကျေးရွာအုပ်စုများအလိုက် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

အဆိုပါအခမ်းအနားတွင် သဘာဝဘေးဒဏ်ခံပြည်သူများအား ဆန် ၄၂ ဒသမ ၅၆ တန်ကို အိမ်ထောင်စု ၁၅၀၂ စုမှ လူဦးရေ ၅၄၄၇ ဦးအတွက် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းလှူဒါန်းပေးကြောင်း သိရသည်။ **တင့်ဆွေ(ပြန်ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေ ပေးအပ်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်း အနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ဖြစ်သည့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၃ ရပ်ကွက် ဓမ္မာရုံလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ညွန့်က ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူတော်ငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထာဝရငြိမ်းချမ်းရေး ဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်စေရန်နှင့် နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသဇင် RC နှစ်ထပ်စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၂**

ရွှေသဇင် RC နှစ်ထပ်စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ အလှူရှင် ဦးသန်းဦးနှင့် ဒေါ်သန်းဝင်းတို့က ရွှေသဇင်ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရွှေသဇင်နှစ်ထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား နံ့သာရည်ပက်ဖျန်းကြသည်။

ယင်းနောက် အထက(ဝေါ)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနတွင် ကျောင်းဆောင်များ လိုအပ်လျက်ရှိသည်ကို အလှူရှင်မိသားစုက ယခုကဲ့သို့ RC နှစ်ထပ် ၁၀၆ ပေ x ပေ ၃၀ ဆောက်လုပ်လှူဒါန်းရာတွင် စာသင်ခန်း ခြောက်ခန်းပါရှိပြီး စာသင်ခုံများ၊ လျှပ်စစ်မီးများအပါအဝင် ငွေကျပ်သိန်းပေါင်း ၁၅၀၀ ကျော် အကုန်အကျခံလှူဒါန်းသည့်အတွက် ပညာရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လိုအပ်ချက်များကို အလှူရှင်နှင့် မိသားစုက ပံ့ပိုးဖြည့်ဆည်းပေးသည့်အတွက် အလှူရှင်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားအားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ အေးချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရှေ့အနာဂတ်ကိုကြည့်ရာတွင်၊ ကျောင်းနေအရွယ်ကလေးများ၏ အနာဂတ်ဘဝလှပရန်နှင့် အလုပ်အကိုင်ကောင်းများရရှိရန် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ အလှူရှင်များက လိုအပ်သည့် ကျောင်းဆောင်များ၊ စာသင်ခုံများ၊ သန့်စင်ခန်းများ၊ စာကြည့်တိုက်များနှင့် ကျောင်းဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ လှူဒါန်းကြသည့်အတွက် အများကမျှော်လင့်လျက်ရှိသည့် အရည်အသွေးရှိသော သင်ယူမှုဝန်းကျင်ကောင်းများကို ပိုမိုမြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

လိုအပ်နေသော ဆရာ ဆရာမများ၊ ကျောင်းဆောင်များ ပြည့်စုံရန်၊ စာသင်ခုံများ ပြည့်စုံရန်၊ အားကစားကွင်းများ၊ ကျောင်း၏စိမ်းလန်းစိုပြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည်များကို ပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပံ့ပိုးပေးမှသာ အရည်အသွေးရှိသော သင်ယူမှုဝန်းကျင်ကောင်းတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပျော်ပျော်ရွှင်ရွှင် သင်ကြားသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် ကျောင်းများကို ဆက်လက်ပံ့ပိုးပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုများကောင်းမွန်ရန် မိမိတို့၏ အတွေ့အကြုံပေါ်တွင်မူတည်ပြီး ကျောင်းသား ကျောင်းသူ တစ်ဦးမကျန် သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းရန် စုပေါင်းအင်အားဖြင့် ပူးပေါင်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ထို့နောက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးက ကျောင်းဆောင်သစ်အလှူရှင် ဦးသန်းဦးနှင့် ဒေါ်သန်းဝင်းတို့က လွှဲပြောင်းပေးအပ်သည့် ရွှေသဇင်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရွှေသဇင် စာသင်ကျောင်းဆောင်သစ် အလှူရှင် ဦးသန်းဦးက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်နာယက ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယခုလှူဒါန်းသည့် ရွှေသဇင် စာသင်ကျောင်းဆောင်သစ် နှစ်ထပ်ဆောင်တွင် စာသင်ခန်းခြောက်ခန်း၊ စာသင်ခန်း တစ်ခန်းစီတွင် စာရေးခုံနှင့်ထိုင်ခုံ ၁၅ စုံစီ၊ စာသင်ခန်းတိုင်း၌ White Board တစ်ချပ်၊ ဆရာ ဆရာမ စာရေးရန် Stage တစ်ခုံ၊ ဆရာစားပွဲနှင့် ကုလားထိုင်ပါရှိပြီး တန်ဖိုးငွေကျပ် သိန်း ၁၅၁၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ရန်ကုန်မြို့ရှိ စာပေဗိမာန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ မြန်မာ့အလင်း သတင်းစာတိုက်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကို ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းစာပေဗိမာန်ရှိ စာအုပ်အရောင်းဆိုင်နှင့် ပြည်သူ့စာကြည့်တိုက်အတွင်း စာအုပ်များ ခင်းကျင်းထားရှိမှု၊ စာဖတ်သူနှင့် စာအုပ်ငှားသူများ၊ အသင်းဝင်များအတွက် ဆောင်ရွက်ပေးနေမှု၊ ရည်ညွှန်းစာကြည့်တိုက်အတွင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။ **(အပေါ်ပုံ)**

စာပေဗိမာန်သည် ရွှေသွေးဂျာနယ် (အပတ်စဉ်)၊ သုတပဒေသာစာစောင် (လစဉ်)၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (နှစ်စဉ်) ထုတ်ဝေခြင်းနှင့် စာပေဗိမာန်ဆုရစာမူများကို ပြည်သူ့လက်စွဲစာအုပ်အဖြစ် ထုတ်ဝေခြင်း၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ e-library များ ဖွင့်လှစ်ခြင်း၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များ ထုတ်ဝေခြင်း၊ မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို အသစ်ပြန်လည်ဖြည့်စွက်တည်းဖြတ်ထုတ်ဝေရန် ဆောင်ရွက်နေခြင်း၊ စာပေပညာရှင်များ၊ စာပေဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ စာပေဗိမာန်စာအုပ်အသင်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ စာအုပ်ချုပ်ခန်း၊ ပုံနှိပ်စက်ခန်း၊ CTP ခန်းနှင့် စက္ကူလိပ်သိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိပြီး စာတည်းဌာန၊ ကွန်ပျူတာဌာနနှင့် ပုံနှိပ်စက်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး စတူဒီယိုသစ်၊ Sub-Control Room No(1)၊ ပြင်ပတိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ရေးယာဉ် (DSNG Van) နှင့် ရေဒီယိုခာတ်ပြားတိုက်၊ အစည်းအဝေးခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

**■ မြန်မာ ယူ-၂၂ အသင်းမှ**

ရဲရင့်အောင် (ရတနာပုံ)၊ သူရိန်စိုး (ရန်ကုန်)၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (ရွှေဝတီ)၊ **အလယ်တန်း-**နေမိုးနိုင်၊ စိုးလွင်လွင်၊ ဇင်မင်းထွန်း(မကွေး)၊ လွင်မိုးအောင် (ရွှေဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း၊ လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ **ရှေ့တန်း-**ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ အောင်ကောင်းမာန်(ရွှေဝတီ) နှင့် ဝင်းနိုင်ထွန်း (ရတနာပုံ)တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် နိုဝင်ဘာ ၂၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ပဏာမကစားသမား ၂၂ ဦးမှ နှစ်ဦးလျှော့ချကာ အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသော်လည်း ပြိုင်ပွဲစည်းမျဉ်းအရ အသက် ၂၂ နှစ်အထက် ကစားသမားနှစ်ဦးအဖြစ် စည်သူအောင်နှင့် လှိုင်းဘိုဘိုတို့ကို ရွေးချယ်ထားသည်။ မူလက တိုက်စစ်မှူး အောင်သူကို ရွေးချယ်ထားသော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် စည်သူအောင်နှင့် အစားထိုးခဲ့ရခြင်းဖြစ်သည်။ အပြီးသတ်ရွေးချယ်ရာတွင် ဂိုးသမားဇင်ညီညီအောင်နှင့် တောင်ပံကစားသမား ဟိန်းထက်အောင်တို့ ချန်လှပ်ခံခဲ့ရပြီး အသင်းအုပ်ချုပ်သူများ အစည်းအဝေးမတိုင်မီအထိ ပြောင်းလဲနိုင်သောကြောင့် အရန်အဖြစ် ထားရှိသွားမည်ဖြစ်ပြီး ဂိုးသမား ဇင်ညီညီအောင်ကို ဖိလစ်ပိုင်နိုင်ငံအထိ ခေါ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် နိုဝင်ဘာ ၂၅ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား အကျင့်ပျက်ခြစားမှုများဖြင့် စွဲချက်တင်



**ဂျေရုဆလင် နိုဝင်ဘာ ၂၂**
အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအပေါ် လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုနှင့် ယုံကြည်မှုအပေါ် ချိုးဖောက်မှု စသည့် စွဲချက်များဖြင့် အစ္စရေး စုံစမ်းစစ်ဆေးရေးအရာရှိများက နိုဝင်ဘာ ၂၁ ရက်တွင် စွဲချက်တင်ခဲ့သည်။

အစ္စရေးနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲနှစ်ခုတွင် အနိုင်ရရှိသူ ပြတ်သားစွာပေါ်ထွက်လာခြင်းမရှိချိန်၌ ဝန်ကြီးချုပ်နေတန်ယာဟုအပေါ် ယခုကဲ့သို့ စွဲချက်တင်ခဲ့မှုများသည် နိုင်ငံရေးမတည်ငြိမ်မှုများ အစ္စရေးတွင် ထပ်မံဖြစ်ပေါ်စေခဲ့သည်။

**ပထမဆုံးအကြိမ်ဖြစ်**

တာဝန်ထမ်းဆောင်နေဆဲ ဝန်ကြီးချုပ်တစ်ဦးအား ယခုကဲ့သို့ အကျင့်ပျက်ခြစားမှု စွဲချက်များ တင်ခဲ့ခြင်းသည် အစ္စရေးနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်းသို့ ၎င်းအပေါ်စွဲချက်တင်ခြင်းမှာ နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် မမှန်မကန် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ၎င်းအပေါ် စွဲချက်တင်မှုများအား ငြင်းဆန်ခဲ့သည်။

ယင်းစွဲချက်များနှင့်ပတ်သက်၍ ဝန်ကြီးချုပ် နေတန်ယာဟုတွင် အပြစ်ရှိကြောင်း သက်သေမပြနိုင်ခဲ့လျှင် အစ္စရေးနိုင်ငံဥပဒေအရ ၎င်းသည်ဝန်ကြီးချုပ် ရာထူးနေရာတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်သည်။ ယင်းစွပ်စွဲချက်များအား မည်သည့်အချိန်၌ ရုံးတင်စစ်ဆေးမှုများပြုလုပ်မည်နှင့် ရုံးတင်စစ်ဆေးခြင်း ပြု၊ မပြုဆိုသည်ကိုမူ ရှင်းလင်းစွာ သိရှိရခြင်း မရှိသေးပေ။

**ပြတ်သားသည့်ရလဒ်ထွက်ပေါ်ခြင်းမရှိခဲ့**

ယခုနှစ် ဧပြီလနှင့် စက်တင်ဘာလများအတွင်းက အစ္စရေးနိုင်ငံ၌ ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၌ ပြတ်သားသည့် အနိုင်အရှုံးရလဒ်များ ထွက်ပေါ်ခြင်းမရှိခဲ့သည့်အတွက် အစ္စရေးနိုင်ငံ၏ နိုင်ငံရေးသည် သောင်မတင်ရေမကျ အခြေအနေတွင် ကျရောက်ခဲ့ပြီး လာမည့်နှစ်တွင် အစ္စရေး နိုင်ငံသားများအနေဖြင့် တတိယအကြိမ်ကျင်းပမည့် ရွေးကောက်ပွဲ၌ မဲပေးရမည့် အခြေအနေများ ဖြစ်နိုင်ခြေရှိသည်ဟု လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– ဇော်ဝင်း**



# ဟောင်ကောင်အရေးကူညီပေးရန် မလေးရှားကျောင်းသားများအား တောင်းခံ

**ဟောင်ကောင် နိုဝင်ဘာ ၂၂**
ဟောင်ကောင်တက္ကသိုလ်ကျောင်းသားအဖွဲ့တစ်ဖွဲ့က ဟောင်ကောင် ဒီမိုကရေစီအရေးတွင် ကူညီထောက်ပံ့မှုပေးရန်အတွက် မလေးရှားနိုင်ငံရှိ တက္ကသိုလ်ကျောင်းသားများအား တောင်းဆိုခဲ့သည်။

ဟောင်ကောင်သိပ္ပံနည်းပညာတက္ကသိုလ် စီနီယာကျောင်းသားဖြစ်သူ လီဟွာဟင်က နိုဝင်ဘာ ၂၁ ရက်တွင် ကွာလာလမ်ပူမြို့သို့ သွားရောက်ကာ တက္ကသိုလ်ကျောင်းသား ၂၀ ခန့်နှင့် တွေ့ဆုံပြီး ဟောင်ကောင် ဒီမိုကရေစီအရေးအတွက် အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

လီဟွာဟင်က နိုဝင်ဘာ ၂၄ ရက်တွင် စတင်ကျင်းပမည့် ဟောင်ကောင်ခရိုင်ကောင်စီရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အဓိကပြောကြားခဲ့သည်။ ရွေးကောက်ပွဲတွင် ဒီမိုကရေစီလိုလားသောအမတ်များ အနိုင်ရရှိရေးအတွက် လူငယ်များ၏ ထောက်ခံမဲသည် အဓိကအရေးပါကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းမှ ကူညီထောက်ပံ့မှုသည် ရွေးကောက်ပွဲအတွက် ထိရောက်သော အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း လီဟွာဟင်က ပြောကြားခဲ့သည်။

ဒီမိုကရေစီအရေး ဆန္ဒထုတ်ဖော်ကြသူများကို ပြင်းထန်စွာ လက်တုံ့ပြန်သည့် ဟောင်ကောင်အစိုးရအား ဟောင်ကောင်တက္ကသိုလ်ကျောင်းသားများက ရှုတ်ချပါကြောင်းနှင့် ဟောင်ကောင်အတွင်းရှိ အခြေအနေများသည် တစ်နေ့တခြား ပိုမိုဆိုးရွားလျက်ရှိပါကြောင်း လီဟွာဟင်က ဆိုသည်။

ဟောင်ကောင်ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ပေးရန် ရည်ရွယ်သည့် ဒီမိုကရေစီလှုပ်ရှားမှုတွင် မလေးရှားကျောင်းသားများအနေဖြင့် ပါဝင်ကူညီကြရန် တိုက်တွန်းပါကြောင်း ဟောင်ကောင်တက္ကသိုလ်ကျောင်းသား လီဟွာဟင်က ပြောကြားခဲ့သည်။

ထို့ပြင် လာမည့်ရွေးကောက်ပွဲသည် ဟောင်ကောင်လူငယ်များ၏ မျှော်လင့်ချက်နှင့် လိုလားတောင့်တမှုများကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း လီဟွာဟင်က ဆိုသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဘီကီနီကျွန်း ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲမှုဖြစ်စဉ်မှအသက်ရှင်ကျန်ခဲ့သူက ပုပ်ရဟန်းမင်းကြီးထံ စာတစ်စောင်ပေးပို့

**တိုကျို နိုဝင်ဘာ ၂၂**
လွန်ခဲ့သည့် ဆယ်စုနှစ်အချို့အကြာက ဘီကီနီကျွန်းတွင် ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲစဉ်အတွင်း၌ ဗုံးပေါက်မှုဒဏ်ခံရပြီး အသက်ရှင်ကျန်ရစ်ခဲ့သည့် ဂျပန်လူမျိုး ငါးဖမ်းသမားတစ်ဦးက အဏုမြူလက်နက်ကင်းစင်သည့် ကမ္ဘာကြီးဖြစ်ပေါ်စေရေးအတွက် ပုပ်ရဟန်းမင်းကြီးထံသို့ မေတ္တာရပ်ခံစာတစ်စောင် ပေးပို့ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ၁၉၅၄ ခုနှစ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဘီကီနီသန္တာကျောက်တန်းကျွန်း၌ အင်အားပြင်းထန်သည့် ဟိုက်ဒရိုဂျင် ဗုံးတစ်လုံးကို စမ်းသပ်ဖောက်ခွဲခဲ့စဉ်တွင် ဒိုင်အီဂိုဖူကူမာရူးအမည်ရှိ တူနာငါးဖမ်းသင်္ဘောတစ်စင်းပေါ်တွင် မာတာရှီချီ အိုအိရှိသည် အခြားရေယာဉ်ဝန်ထမ်းများနှင့်အတူ ရှိနေခဲ့သည်။

ယင်းဟိုက်ဒရိုဂျင်ဗုံးဖောက်ခွဲစမ်းသပ်စဉ်က အသက်မသေဘဲ ရှင်ကျန်ခဲ့သူ ငါးဖမ်းသမားဟောင်း မစ္စတာ အိုအိရှီသည် အသက် ၈၅ နှစ် ရှိပြီဖြစ်သည်။ ၎င်းက နိုဝင်ဘာ ၂၃ ရက်တွင် ဂျပန်နိုင်ငံသို့ လာရောက်မည့် ပုပ်ရဟန်းမင်းကြီးထံ စာတစ်စောင် ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသည် အဏုမြူဗုံးဒဏ်သင့်ခဲ့ရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ သွားရောက်ရန် အစီအစဉ်ရှိသည်။

မစ္စတာအိုအိရှီသည် ဘီကီနီကျွန်း ဟိုက်ဒရိုဂျင်ဗုံးဖောက်ခွဲစမ်းသပ်မှုနှင့် ပတ်သက်သည့် ဖြစ်စဉ်အား ၎င်းအား ထောက်ခံသူများ၏ အကူအညီဖြင့် ပုပ်ရဟန်းမင်းကြီးထံ စာရေးသားခဲ့သည်။ ယင်းစာထဲတွင် ၎င်းအနေဖြင့် ဂျပန်နိုင်ငံတွင်းရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများ၌ အဏုမြူလက်နက်များ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ပြောပြခဲ့သည်မှာ နှစ် ၂၀ ကျော်ခဲ့ပြီဖြစ်ကြောင်း ရေးသားခဲ့သည်။

ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲရာမှ ထွက်ပေါ်လာသည့် ဓာတ်ရောင်ခြည်သင့်မှုများကြောင့် သေဆုံးခဲ့ကြရသည့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် ငါးဖမ်းသမားများ၏ကိုယ်စား သူတို့၏ အကြောင်းကို ဆက်လက်ပြောကြားသွားရန် ဆုံးဖြတ်ထားသည်ဟု ၎င်းက ပြောကြားသည်။

ယနေ့ခေတ်ကာလတွင် လူများစွာတို့သည် ယင်းဖြစ်ရပ်ကို မေ့လျော့ကုန်ကြပြီ(သို့မဟုတ်) မသိကြတော့ပြီဟု ၎င်းက ပြောကြားပြီး ယင်းဖြစ်စဉ်ကို အမှတ်ရသင့်ကြောင်းနှင့် အနာဂတ်၌ အဏုမြူလက်နက်ကင်းစင်သော ငြိမ်းချမ်းသည့် ကမ္ဘာကြီးဖြစ်ရန် ဆုတောင်းစကား ပြောကြားပေးရန် ပုပ်ရဟန်းမင်းကြီးအား ၎င်းက တောင်းဆိုခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– ဇော်ဝင်း**




# သီရိလင်္ကာနိုင်ငံရှိ ဇီဝဥယျာဉ် ကမ္ဘာလှည့်ခရီးသွားလာရောက်မှု မြင့်တက်လာ

**ကိုလံဘို နိုဝင်ဘာ ၂၂**
သီရိလင်္ကာမြောက်ပိုင်းရှိ ဟူရာလူဇီဝဥယျာဉ်အား ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေစခန်းတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ရာ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားသဖြင့် ဝင်ငွေများစွာတိုးတက်ရရှိခဲ့ကြောင်း ဒေသခံမီဒီယာများက ပြောကြားသည်။

အဆိုပါဥယျာဉ်၏ ဝင်ငွေမှာ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉၀၀၀ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၆၈၀၀၀ သို့တိုးတက်ရရှိခဲ့ကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ အစီရင်ခံစာတွင် ရေးသားထားသည်။ ဟူရာလူဇီဝဥယျာဉ်သည် သီရိလင်္ကာနိုင်ငံရှိ ဆင်များ၏ အရေးကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နေရာတစ်ခုဖြစ်ပြီး ဥယျာဉ်အတွင်းတွင် ဆင်များအား ခရီးသည်များမှ ကြည့်ရှုနိုင်ရန် ဂျစ်ကားများစီစဉ်ထားသည်။

အဆိုပါ ဥယျာဉ်အတွင်းတွင် ရှားပါးတိရစ္ဆာန်များဖြစ်သော သီရိလင်္ကာဆင်၊ အိန္ဒိယကြယ်လိပ်၊ သီရိလင်္ကာတောငှက်နှင့် ရှားပါးကြောင်များ နေထိုင်သည်။ ထိုဥယျာဉ်အတွင်းသို့ ၂၀၁၇ ခုနှစ်တွင် ခရီးသွားဧည့်သည် ၅၆၄၄ ဦး လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃၆၆၆၄ ဦးသို့ တိုးတက်ခဲ့သည်။ သီရိလင်္ကာ၏ ခရီးသွားလုပ်ငန်းမှာ ပြီးခဲ့သောနှစ်များအတွင်း နိုင်ငံခြားငွေအများဆုံးရှာဖွေပေးသည့်လုပ်ငန်းဖြစ်ခဲ့သည်။ ယခုနှစ်တွင် နိုင်ငံတွင်းသို့ ခရီးသွားဧည့်သည် ၁ ဒသမ ၅ သန်းခန့် ရောက်ရှိခဲ့ပြီး နှစ်ကုန်တွင် ခရီးသွားဧည့်သည် နှစ်သန်းခန့်ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– စိုးသူရ**

# ဂျပန်နှင့် ထောက်လှမ်းရေးသတင်း မျှဝေရေး သဘောတူညီချက် သက်တမ်းကုန်ဆုံးမှုကို ဆိုင်းငံ့ထားမည်ဟု တောင်ကိုရီးယားပြောကြား


တောင်ကိုရီးယားသမ္မတ အိမ်ပြာတော်မှ အမျိုးသား လုံခြုံရေးအရာရှိ ကင်မ်ယူဂျန်

ဆိုးလ် နိုဝင်ဘာ ၂၂
တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နှင့်စစ်ထောက်လှမ်းရေး သတင်း သဘောတူစာချုပ် သက်တမ်းကုန်ဆုံးမှုကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ယင်းသဘောတူညီချက် သက်တမ်းမကုန်ဆုံးမီ နာရီအနည်းငယ်အလိုတွင် တောင်ကိုရီးယားနိုင်ငံက သောကြာနေ့က ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ အိမ်ပြာတော်မှ အမျိုးသား လုံခြုံရေးအရာရှိ ကင်မ်ယူဂျန်က စစ်ရေးဆိုင်ရာ အထွေထွေ လုံခြုံရေးသဘောတူညီချက် (GSOMIA) ကို သန်းခေါင်ယံအချိန်တွင် သက်တမ်းလွန်သွားဖို့ခွင့်ပြုမည် မဟုတ်ကြောင်း အတည်ပြုပြောကြားသည်။ ဂျပန်အစိုးရကလည်း နားလည်မှုရှိကြောင်း ၎င်းက ပြောသည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ မဟာမိတ်များဖြစ်ပြီး ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးသည့် ဒီမိုကရေစီနိုင်ငံများဖြစ်သည်။ သို့သော်လည်း ၎င်းနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ကိုရီးယားကျွန်းဆွယ်ကို ဂျပန်နိုင်ငံ၏ ကိုလိုနီပြုအုပ်ချုပ်ခဲ့မှုကြောင့် များစွာထိခိုက်လျက်ရှိသည်။ စစ်ပွဲကာလ သမိုင်းဖြစ်ရပ်များနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် နှစ်နိုင်ငံအငြင်းပွားမှုသည် ဂျပန်ကုမ္ပဏီများအပေါ် တောင်ကိုရီးယားတရားရုံး၏ ဆုံးဖြတ်ချက်များ ထွက်ပေါ်လာပြီးနောက်တွင် ကုန်သွယ်ရေးပဋိပက္ခအဖြစ်သို့ အရှိန်မြင့်လာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် စစ်ရေးဆိုင်ရာ အထွေထွေလုံခြုံရေးသဘောတူညီချက်ကို အဆုံးသတ်မည်ဟု ဩဂုတ်လက ကြေညာခဲ့သည်။ ၎င်းသဘောတူညီချက်သည် အထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်စွမ်းရည်နှင့်ပတ်သက်၍ အမေရိကန်၏ မဟာမိတ်နှစ်နိုင်ငံအကြား စစ်ရေးလျှို့ဝှက်ချက်များကို တိုက်ရိုက် ဖလှယ်ခွင့်ပေးထားပြီး ညသန်းခေါင်ယံအချိန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

GSOMIA သဘောတူညီချက်ကို မည်သည့်အချိန်၌မဆို ရပ်စဲနိုင်ကြောင်း၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် သက်တမ်းကုန်ဆုံးမည့်နေ့ကို ဆိုင်းငံ့နိုင်ကြောင်း ကင်မ်က ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် –အောင်ဇော်လင်း**

# ဆာမိုအာနိုင်ငံတွင် ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၂၀ အထိ ရှိလာ

ဝယ်လင်တန် နိုဝင်ဘာ ၂၂
ဆာမိုအာနိုင်ငံတွင် ဝက်သက်ရောဂါ ကူးစက်မှုကို မထိန်းချုပ်နိုင်သဖြင့် ယင်းရောဂါကြောင့် သေဆုံးသူဦးရေသည် ၂၀ အထိ မြင့်တက်လာကြောင်း၊ နေ့စဉ် ရောဂါဖြစ်ပွားသူ လူနာဦးရေသည် ရာချီ၍ရှိကြောင်း သောကြာနေ့က တရားဝင်ထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။




ဝက်သက်ရောဂါဖြစ်ပွားသူ ဦးရေ ၁၆၄၄ ဦးရှိကြောင်း၊ ကြာသပတေးနေ့အထိ ၂၀၂ ဦးတွင် ရောဂါကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကလေးငယ်အများစုတွင် ရောဂါကူးစက်မှု အများဆုံး ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

အသက်လေးနှစ်အောက်ကလေးငယ် ၁၉ ဦးအပါအဝင် သေဆုံးသူဦးရေသည် ၂၀ အထိရှိကြောင်း၊ အခြားကလေးငယ် ၁၁ ဦးသည် ဆေးရုံတွင် ပြင်းပြင်းထန်ထန်ဖျားနာနေကြောင်း အစိုးရက ပြောသည်။

ဆာမိုအာကျွန်းသည် ဝက်သက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ကြိုးစားလျက်ရှိပြီး အရေးပေါ် အခြေအနေကြေညာခဲ့သည်။ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို မထိုးမနေရ စည်းကမ်းချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ပိတ်ထားကာ လူအများစုဝေးရာနေရာများသို့ မသွားကြရန် ကလေးများကို တားမြစ်ထားသည်။

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့က ဆေးပညာရှင်များနှင့် ထောက်ပံ့ပစ္စည်းများကို ဆာမိုအာကျွန်းသို့ ပို့ဆောင်ထားသည်။ ယူနီဆက်ဖ်က လူဦးရေ နှစ်သိန်းခန့်ရှိသည့် ဆာမိုအာကျွန်းသို့ ဝက်သက်ရောဂါ ကာကွယ်ဆေး တစ်ခါသောက်ဆေးပမာဏ ၁၁၀၀၀၀ ကျော် ဖြန့်ဝေပေးထားသည်။ ဆာမိုအာကျွန်းတွင် ကာကွယ်ဆေးထိုးမှုနှုန်းသည် ၂၈ မှ ၄၀ ရာခိုင်နှုန်း ရှိသည်ဟု ယူနီဆက်ဖ်က ခန့်မှန်းထားသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် –အောင်ဇော်လင်း**

# နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ထိုင်းနှင့်မြန်မာမြှင့်တင်

ဘန်ကောက် နိုဝင်ဘာ ၂၂
ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တော်တွင် မကြာသေးမီက ကျင်းပသည့် ၂၃ ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ညီလာခံ၌ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) တစ်ခုကို ထိုင်းနှင့် မြန်မာနိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာမှာ ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ်၊ မဲဆောက်ခရိုင်နှင့် မြန်မာနိုင်ငံ မြဝတီမြို့ကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး သဘောတူညီချက် (CBTA) ၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြခဲ့သည်။ နားလည်မှုစာချွန်လွှာတွင် နှစ်နိုင်ငံစလုံးက နယ်စပ်ဝင်ပေါက်များရှိ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးဂိတ်များနှင့် ထောက်ပံ့ပို့ဆောင်မှု ရှင်းလင်းရေးဂိတ်များ အဆင့်မြှင့်တင်ရေး ပါဝင်ကြောင်း ဘန်ကောက်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း ထိုင်းနှင့်မြန်မာကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုပမာဏမှာ ဘတ် ၁၉၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ) အထိ ရောက်ရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။

**ကိုးကား–ဗွီအင်န်အေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# အိုင်အက်စ်အဖွဲ့မှာ ခြိမ်းခြောက်နိုင်သည့် စွမ်းရည်ရှိနေဆဲဟု အမေရိကန် အစီရင်ခံစာ သတိပေး

ဝါရှင်တန် နိုဝင်ဘာ ၂၂
ပြီးခဲ့သည့်လက အမေရိကန်တပ်မတော်၏ စီးနင်းတိုက်ခိုက်မှုတစ်ခုအတွင်း ခေါင်းဆောင်ဖြစ်သူ အဘူဘေကာ အယ်လ်ဘာဒါဒီ သေဆုံးခဲ့လင့်ကစား အိုင်အက်စ်စစ်သွေးကြွအဖွဲ့မှာ အနောက်နိုင်ငံများကို ပစ်မှတ်ထား၍ တိုက်ခိုက်နိုင်စွမ်းရှိဆဲဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်စောင်က သတိပေးလိုက်သည်။

နိုဝင်ဘာ ၁၉ ရက်က ထုတ်ပြန်ခဲ့သည့် အဆိုပါ အစီရင်ခံစာကို ကွန်ဂရက်သို့တင်သွင်းရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေးအရာရှိချုပ်ရုံးက ပြုစုခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာမှာ အိုင်အက်စ်အဖွဲ့အပေါ် အမေရိကန်တပ်မတော်၏ စစ်ဆင်ရေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ လေးလကြာ စုံစမ်းစစ်ဆေးမှုတစ်ခု၏ ရလဒ်ဖြစ်သည်။ ဘာဒါဒီကျဆုံးမှုမှာ အိုင်အက်စ်အဖွဲ့အတွက် သိသာထင်ရှားသော ထိုးနှက်ချက်တစ်ခု ဖြစ်ခဲ့သော်လည်း ထိုအဖွဲ့၏ခြိမ်းခြောက်မှုပြီးဆုံးသွားမည်မဟုတ်ဟု အစီရင်ခံစာက ဆိုသည်။

ကာ့ဒ်တပ်ဖွဲ့များကို တိုက်ခိုက်ရန် ဆီးရီးယားနိုင်ငံအတွင်း တူရကီနိုင်ငံက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက်ဆက်တွဲအနေဖြင့် ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာသွားရမှုကို အိုင်အက်စ်အဖွဲ့က အပြည့်အဝအသုံးချခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြခဲ့သည်။ အခြေအနေအရပ်ရပ်က အိုင်အက်စ်အဖွဲ့ကို ဆီးရီးယားနိုင်ငံအတွင်း လူသူ၊ လက်နက်အင်အား ပြန်လည်ဖြည့်တင်းရန်နှင့် ပြည်ပ၌ တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်စွမ်းအားကောင်းစေရန် အထောက်အပံ့ဖြစ်နေသည်ဟု အစီရင်ခံစာက ထောက်ပြသည်။ လာမည့်နှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ အိုင်အက်စ်ခေါင်းဆောင် ဘာဒါဒီသေဆုံးမှုမှာ အောင်မြင်မှုများအနက် တစ်ခုဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ထောက်ခံသူများကို ဖျောင်းဖျခဲ့သည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန်လည်း ၎င်းကအမိန့်ပေးခဲ့သည်။ သို့သော်လည်း အိုင်အက်စ်စစ်သွေးကြွများ၏ရန်မှ ရေနံမြေများကို ကာကွယ်စောင့်ရှောက်ရန် ဆီးရီးယားနိုင်ငံ၌ အမေရိကန်နိုင်ငံက တပ်ဖွဲ့ဝင်အရေအတွက် အနည်းငယ် ဆက်လက်ထားရှိမည်ဟု ၎င်းက နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တရားမဝင်သစ်တန်ချိန် ၉၀၀၀ ကျော် သိမ်းဆည်းရမိ

**စစ်ကိုင်း နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ ကနီမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကောလင်းမြို့နယ်၊ ကသာမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ တမူးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ် စသည့် မြို့နယ်များ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တရားမဝင်သစ်တန်ချိန် ၉၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနရုံး၏ စာရင်းမှတ်တမ်းများအရ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းခရိုင်တွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်တန်ချိန်ပေါင်း ၉၈ ဒသမ ၄၃၁၈ တန်၊ ရွှေဘိုခရိုင်တွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်တန်ချိန်ပေါင်း ၇၈၂ ဒသမ ၁၇၁၅ တန်၊ မုံရွာခရိုင်တွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်တန်ချိန်ပေါင်း ၂၃၈၃ ဒသမ ၀၁၆၇ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်များကို ကသာခရိုင်တွင် ၂၈၂၅ ဒသမ ၀၁၅၉ တန်၊ ကလေးခရိုင်တွင် ၁၉၈၁ ဒသမ ၅၉၃၇ တန်၊ မော်လိုက်ခရိုင်တွင် ၉၄၀ ဒသမ ၅၄၈၂ တန်၊ ခန္တီးခရိုင်တွင် ၂၀၁ ဒသမ ၂၃၈၉ တန်၊ တမူးခရိုင်တွင် ၅၇၉ ဒသမ ၇၅၄၄ တန် စုစုပေါင်း ၉၇၉၁ ဒသမ ၇၇၁၁ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်၊ တမူးခရိုင်တို့တွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်တန်ချိန်ပေါင်း ၉၆၂၂ ဒသမ ၅၂၂၁ တန်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြစ်မှုကျူးလွန်သူ ၇၇၄ ဦး၊ ကား ၃၄၁ စီး၊ လယ်ထွန်စက် ၃၂ စီး၊ ထော်လာဂျီ ၃၅ စီး၊ ဆိုင်ကယ် ၂၀၆ စီး၊ သုံးဘီးဆိုင်ကယ် အစီး ၄၀၊ စက်လှေမော်တော် ၁၁၅ စီး၊ ဆိုက်တွဲ ၂၉ စီး၊ တူမီးသေနတ် ခုနစ်လက်၊ နောက်တွဲယာဉ် ခြောက်စီး၊ သစ်စက် ၂၂၈ စက်၊ ချိန်းဆော ၁၂၃ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လကုန်အထိ ပြစ်မှုကျူးလွန်သူ ၉၉၄ ဦး၊ ကား ၅၂၂ စီး၊ လယ်ထွန်စက် အစီး ၂၀၊ ထော်လာဂျီ ၂၄ စီး၊ ကန့်လန့်ဂျီ နှစ်စီး၊ ဆိုင်ကယ် ၁၄၃ စီး၊ သုံးဘီးဆိုင်ကယ် အစီး ၃၀၊ စက်လှေမော်တော်



၈၆ စီး၊ ဘက်ဟိုးတစ်စီး၊ ဆိုက်တွဲ ၃၉ စီး၊ ဆင်လေးကောင်၊ တူမီးသေနတ် ၁၀ လက်၊ နောက်တွဲယာဉ် လေးစီး၊ သစ်စက် ၂၀၃ စက်၊ ချိန်းဆော ၁၀၂ လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

# အင်းတော်၊ တောင်ကြီးနှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီက အင်းတော်မြို့နယ် စင်းဟောက်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်းတွင် ရှီကျုံ၄မ်(ခ) အားကျူး မောင်းနှင်ပြီး ဟန်ဝင်းအောင်(ခ)ဖန့်သီး လိုက်ပါလာသော ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် သိန်း ၁၂၆၀ တန်ဖိုးရှိ ဘိန်းဆီခဲ ၇ ဒသမ ၅ ကီလို၊ အိုက်စ် ၂ ဒသမ ၇ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဟန်ဝင်းအောင်(ခ) ဖန့်သီး၊ ရှီကျုံ၄မ်(ခ)အားကျူးတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ စိန်ပန်းရပ်ကွက် နယ်မြေ(၄) ပြည်တော်အေးလမ်းနှင့် စံပယ်လမ်းထောင့်တွင် ခွန်ထွန်းခိုင်(ခ)မောင်စေး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀ နှင့် ငွေကျပ် ၁၀၂၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စု လွန်းကျော်ကျေးရွာအထွက် ထင်းရှူးတောအနီး နောင်ချို-ပြင်ဦး လွင်သွားကားလမ်းတွင် အောင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပေါင်းတည်မြို့၌ ချောင်းကူးတံတားပေါ်မှ ဆိုင်ကယ်မောင်းနှင်သူ ပြုတ်ကျသေဆုံး

**ပေါင်းတည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကိုယ်ဝန်ဆောင်အုပ်စု ချောင်းနားရွာ တံတားတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က ဆိုင်ကယ်တိမ်းမှောက် ပြုတ်ကျခဲ့ရာမှ လူသေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးပန်းသင်းမင်္ဂလာကျွန်းရွာ နတ်တလင်းမြို့နယ်နေသူသည် ကိုယ်ဝန်ဆောင်အုပ်စု ချောင်းနားရွာမှ မြေနံသာရွာသို့ ဆက်သွယ်ထားသော ဝက်ပုတ်ချောင်းကူး အရှည်ပေ ၈၀ ခန့်၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်ပေခန့်ရှိ သစ်သားတံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ သစ်သားတံတားလက်တန်းအား ဝင်ရောက်တိုက်မိကာ ဆိုင်ကယ်နှင့်အတူ အောက်သို့ပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

# မြင်းခြံ၌ အုတ်တံတိုင်းပြိုကျ၍ လူတစ်ဦး သေဆုံး



**မြင်းခြံ နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁၉)ရပ်ကွက်တွင် နိုဝင်ဘာ ၂၂ ရက်က အုတ်တံတိုင်းပိမိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ "ဆင်ဆင်" ဆေးရိုးစက်ရုံဝန်းကို ကာရံထားသော အုတ်တံတိုင်းမှာ ပြိုကျပြီး အရှေ့ဘက်တွင် တဲအိမ်ဆောက်လုပ်နေထိုင်သည့် ဒေါ်ခင်ခင်လေးအပေါ်သို့ ပိမိကာ ဒေါ်ခင်ခင်လေးမှာ ဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါအုတ်တံတိုင်းမှာ အမြင့် ရှစ်ပေ၊ အလျားပေ ၄၀ ခန့်ရှိပြီး အုတ်တံတိုင်းကာရံထားသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ကြောင်း၊ အဆိုပါသေဆုံးမှုနှင့်ပတ်သက်ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးရဲရန်အောင်နှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန်အတွက် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

# တမူးမြို့၌ သေနတ်ကျည်ထွက်သွားသဖြင့် အကျဉ်းသားတစ်ဦး သေဆုံး

**တမူး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့သစ် စိုက်/မွေး အသက်မွေးမှု အတတ်သင်စခန်း မြို့သစ်မြို့မှ အကျဉ်းထောင်တပ်သား ကျော်ကျော်ဌေးသည် သေနတ်အား ဘေးပေါင်ပေါ်တင်လျက် ပလတ်စတစ်ထိုင်ခုံဖြင့်ထိုင်ကာ အကျဉ်းသားများ စပါးရိတ်သိမ်းမှုအား စောင့်ကြည့်နေစဉ် မြေမညီသဖြင့် ထိုင်ခုံလဲကျသွားပြီး သေနတ်အား လွတ်မကျသွားစေရန် ဖမ်းဆုပ်လိုက်ရာ မောင်းခလုတ်ကို ဆွဲမိသွားကာ ကျည်ပေါက်ထွက်သွား၍ လယ်ရိတ်သိမ်းနေသော လုပ်အားရှင် မြင့်ထွန်း(ခ)ဂျပန်အား ထိမှန်သွားသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

တာဝန်ပေါ့ဆစွာထမ်းဆောင်သူ အကျဉ်းထောင်တပ်သား ကျော်ကျော်ဌေးအား တမူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

# ရုတ်တရက်ခြေချော်လဲသည့် ဂိတ်ပိတ်ဝန်ထမ်းတစ်ဦးအား အမြန်ရထားကြိတ်မိ၍ ခြေနှစ်ဖက်ပြတ်

**ရေတာရှည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့နှင့် ရေနီစက္ကူစက်ဝန်ထမ်းအိမ်ရာ သွားလမ်းရထားလမ်းကူးတံတားအား ယနေ့ နံနက် ၄ နာရီခွဲခန့်က ဂိတ်ပိတ်တာဝန်ကျသည့် ဝန်ထမ်းတစ်ဦး ရုတ်တရက်ခြေချော်လဲရာမှ ရထားကြိတ်မိ၍ ခြေနှစ်ဖက်ပြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မီးရထားဂိတ်ပိတ်တာဝန်ကျသူ နိုင်လင်းအောင် တောင်ငူမြို့နေသူသည် ရထားလမ်းဘေးမှ အချက်ပြနေစဉ် ရုတ်တရက် ခြေချော်လဲကျသွားရာ ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသော အမှတ်(၃)အဆန် အမြန်ရထားက ကြိတ်မိ၍ ဝဲ၊ ယာခြေထောက်နှစ်ဖက်စလုံး ပြတ်တောက်သွားခဲ့သဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# သထုံမြို့ ဝါးပါးဆည်အတွင်း လူငယ်နှစ်ဦး ရေနစ်ပျောက်ဆုံး

**သထုံ နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီမြို့သစ် ထောင်မှူးကျေးရွာအုပ်စု လက်စွယ်တော်ဘုန်းကြီးကျောင်းအနီး ဝါးပါးဆည်၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က လူငယ်နှစ်ဦး ရေနစ်ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မျိုးမင်းထွန်း(ခ)ဖိုးချစ် ( ၄၉)လမ်း(ဃ)ရပ်ကွက် သုဓမ္မဝတီမြို့သစ်နေသူနှင့် သန့်ဇင်ထွန်း(ခ)မှုံကြီး (၈) လမ်း(ဃ)ရပ်ကွက် သုဓမ္မဝတီမြို့သစ်နေသူတို့ နှစ်ဦး ဝါးပါးဆည်အတွင်း ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါရေနစ်ပျောက်ဆုံးခဲ့သူများအား ဆယ်ယူရရှိရေးအတွက် သုဓမ္မဝတီနယ်မြေစခန်းမှူး ရဲအုပ်နိုင်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အကြင်နာတွဲလက်လူမှုကယ်ဆယ်ရေးအဖွဲ့တို့က ကူညီဆောင်ရွက်နေကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

# ရွှေ့နေနှင့် နေပျော်အောင်မြင်

ဦးဟန်ညွန့် ( ဥပဒေ )

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေ့နေနှင့် နေပျော်အောင်မြင် ပါတဲ့"

"ဘဝမှာနေပျော်ရမယ်။ အောင်မြင်ရမယ်။ တန်ဖိုးရှိအောင် နေတတ်ရမယ်။ နေနိုင်ရမယ်"

"အလွန်ကြီးကျယ်တဲ့ ကျယ်လောင်တဲ့ ကြွေးကြော်သံတွေပါလားဆရာ"

"အေးဗျာ...ဆက်ဖတ်ပြီး သုံးသပ်ဆုံးဖြတ်ကြည့်တော့ပေါ့"

**ဘဝသခင်**

"နေပျော်အောင်မြင် ဘဝသခင်...တဲ့။ စာအုပ်အမည်ကလေးက စွဲမက်စရာပါ။ စုစည်း ပြန်ဆိုသူက အိမ်ကြီးမောင်ပါ။ စိတ်ကူးချိုချိုစာပေက ထုတ်ဝေတာပါ။ ထုတ်ဝေသည့်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ။

**မာတိကာ**

ဆောင်းပါး ၂၈ ပုဒ် ပါရှိသည်။ ဘဝမှာ နေပျော်စေဖို့ စည်းမျဉ်း (၁)၊ (၂)၊ (၃) ရိုးရှင်းတဲ့နည်းလမ်း(၃)ခု၊ တစ်ယောက်တည်း အထီးကျန်နေသလား။ ပင်လယ်ကမ်းခြေက သရဲတိုက်၊ သက်ရောက်မှုများ၊ နေပျော်အောင် နေထိုင်နည်း၊ လူဆိုတာ၊ စိတ်ညစ်နေသလား။ ဘယ်သူအပျော်ဆုံးလဲ။ အတိတ်ကိုထားခဲ့လိုက်ပါ။ မိတ်သဟာယဖွဲ့ပါ။ ဘဝဆိုတာတိုက်ပွဲပါ။ အခက်အခဲဆိုတာ လမ်းပြသူတွေပါ။ မင်းလုပ်နိုင်ပါတယ်။ တန်ဖိုးအစစ်အမှန်ကို သိနားလည်ပါ။ မိမိကိုယ်သာ အားကိုးပါ။ သင်စိတ်ဓာတ်ကျနေပြီလား။ ပျော်ရွှင်မှုဆိုတာ စစ်မှန်တဲ့ပျော်ရွှင်မှု။ မနက်ဖြန်မှာ အားလုံးအဆင်ပြေသွားမှာပါ။ အောင်မြင်မှုနဲ့ ကြောက်စိတ်၊ ငွေကြေးနဲ့ပျော်ရွှင်မှု၊ မလိုအပ်ဘဲ တောင်းပန်နေသလား၊ အမှားကိုပြင်ပါ၊ ပျော်ပျော်နေကြပါစို့ တို့ဖြစ်သည်။

**ရွှေ့နေဘာတွေဖတ်**

ကျွန်တော်သည် ရွှေ့နေတစ်ယောက်ဖြစ်သည်။ နေ့စဉ်အမှုလိုက်ရသည်။ ရာဇဝတ်မှု၊ တရားမမှုစသည်။ ရွှေ့နေရုံးခန်းဖွင့်ထားသည်။ အမှုသည်မျိုးစုံလာသည်။ သူတို့အမှုတွေ ကြားနာရသည်။ နားထောင်ရသည်။ နားထောင်ရုံနှင့်မရ၍ မှတ်စုရေးမှတ်။ စာအုပ်ထဲမှာ မှတ်တမ်းတင်။ ပြန်ပြော။ အတည်ပြုချက်ယူ။ လက်မှတ်ထိုးထား။ ဥပဒေပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင်စိစစ်။ စီရင်ထုံးများနှင့် ရည်ညွှန်း။ အလွန်စိတ်ရှည်ရသောအလုပ်။ လူတွေအကြောင်း နားလည်ပေးရသော အလုပ်။

**လူငယ်ရွှေ့နေများ**

လူငယ်ရွှေ့နေများနှင့်တွေ့။ သူတို့မေးခွန်းတွေဖြေ။ စုံနေတာပါပဲ။ လူငယ်တွေက စာသိပ် မဖတ်ချင်။ အသင့်ချုံ့ပြီးခပ်ပြီးမှ လိုချင်ကြသည်။ ဥပဒေပုဒ်မတွေချည်း ပြောနေလျှင်လည်း သူတို့ နားမလည်။ ထိုအခါ ဘဝကို အရှုံးပေးချင်ကြသည်။ ဘဝသည် နေပျော်သည်။ အောင်မြင်မှုတွေနဲ့ ပြည့်ဝနေမည်။ နေပျော်အောင်မြင် ဘဝသခင်လို စာအုပ်မျိုးကို နမူနာပေးဖတ်စေသည်။ ပြုစုသူ အိမ်ကြီးမောင်၏စေတနာ။ မူရင်းပြုစုရေးသားသူ Damrong Pinkoon ၏ ရည်ရွယ်ချက်။ မူရင်းစာအုပ် Happiness through your eyes ၏ ဆိုလိုရင်းကို သိစေလိုသည်။

**အောင်မြင်မှုရဖို့ဘာလုပ်ရမှန်းမသိ**

အောင်မြင်မှုရဖို့ ဘာလုပ်ရမလဲ။ ဘာလုပ်ရမှန်း မသိဘူးတဲ့။

တွေးခေါ်နိုင်စွမ်းပြည့်စုံရင် လိုချင်တဲ့ အောင်မြင်မှုရတယ်ဆိုတာ မမေ့ပါနဲ့။

**ပထမဆုံးနေ့**

နေ့ရက်တိုင်းဟာ ဘဝရဲ့ ပထမဆုံးနေ့။ ဒီလိုဆိုရင် ပျော်ရွှင်မယ်။

လူ့ဘဝထဲစတင်ရောက်တဲ့နေ့ဟာ ပျော်စရာဖြစ်တယ်။

မိတ်ဆွေသစ်တွေနဲ့ စတင်တွေ့ဆုံရတဲ့နေ့ဟာ ပျော်စရာဖြစ်တယ်။

သားသမီးစတင်ရတဲ့နေ့ဟာ ပျော်စရာဖြစ်တယ်။

နေ့ရက်တိုင်းကို ဘဝရဲ့ပထမဆုံးနေ့လို့ သဘောထားမယ်ဆိုရင် ပျော်စရာအတိ ဖြစ်နေလိမ့်မယ်။(စာ-၈)

**ခက်ခဲတဲ့ပုစ္ဆာတွေ လုပ်မထားရဘူး**

ဒါကြောင့် ဘဝကို ပျော်ရွှင်ဖြတ်သန်းချင်ရင် ခက်ခဲတဲ့ပုစ္ဆာတွေ လုပ်မထားရပါဘူး။ ပျော်ရွှင်မှုဆိုတာ သူတစ်ပါးထဲက ရယူရတာ မဟုတ်ပါဘူး။ ကိုယ်တိုင်ပျော်ဖို့ ကိုယ်တိုင်ဖန်တီးယူရတာပါ။

> **ပျော်ရွှင်မှုဆိုတာ သူတစ်ပါးထဲက ရယူရတာမဟုတ်ပါဘူး။ ကိုယ်တိုင်ပျော်ဖို့ ကိုယ်တိုင်ဖန်တီးယူရတာပါ။ ရာထူးအဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေကြေး၊ ကျော်ကြားမှုတွေနဲ့ ဘဝကို တည်ဆောက်ထားသူအဖို့ ဝန်လေးပင်ပန်းနေရလိမ့်မယ်။ ရိုးသားဖြောင့်မတ်ခြင်းနဲ့ ဘဝကိုတည်ဆောက်ထားသူဆိုရင် ဘဝကို သက်သောင့်သက်သာ ဖြတ်သန်းရလိမ့်မယ်။ ဒါကြောင့် တပ်မက်တွယ်တာမှုတွေ လျှော့ပါးအောင်လုပ်ဆောင်...**

ရာထူးအဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေကြေး၊ ကျော်ကြားမှုတွေနဲ့ ဘဝကိုတည်ဆောက်ထားသူအဖို့ ဝန်လေးပင်ပန်းနေရလိမ့်မယ်။ ရိုးသားဖြောင့်မတ်ခြင်းနဲ့ ဘဝကို တည်ဆောက်ထားသူဆိုရင် ပေါ့ပါးရလိမ့်မယ်။ ပေါ့ပါးသူဟာ ဘဝကိုသက်သောင့်သက်သာ ဖြတ်သန်းရလိမ့်မယ်။ ဒါကြောင့် တပ်မက်တွယ်တာမှုတွေ လျှော့ပါးအောင် လုပ်ဆောင်ပါ။

အစားအသောက်ချေးမများသူ၊ အပူအပင်ကင်းကင်းနဲ့ အိပ်စက်နိုင်သူ၊ အဆင့်အတန်းမခွဲဘဲ ဆက်ဆံတတ်သူ၊ အုပ်စုအားမကိုးတတ်သူတွေအဖို့ စိတ်ဖိစီးခံရမှုမရှိတာ သေချာပါတယ်။ ရာထူး၊ ငွေကြေး၊ ဂုဏ်သိက္ခာ၊ ကျော်ကြားမှုတွေနဲ့ ဘဝကို တည်ဆောက်ထားသူအဖို့ ဘဝတစ်လျှောက်လုံး အဲဒီဝန်ထုပ်ကြီးကို သယ်ဆောင်နေရတာကြောင့် လေးလံပင်ပန်းနေရလိမ့်မယ်။ တောင့်တမှုများလေ ပိုမိုပင်ပန်းရလေ။ သင်ဆုပ်ကိုင်ထားတာမှန်သမျှ သံယောဇဉ်နှောင်ကြိုးတွေသာ ဖြစ်နေလိမ့်မယ်။ သံယောဇဉ်များလာလေလေ၊ ဝန်ထုပ်ဝန်ပိုး ကြီးမားလာလေလေပါပဲ။ ဘဝမှာ ဝန်ထုပ်ကြီးရွက်ပြီး သွားလာနေရသူအဖို့ ပင်ပန်းနေတာကြောင့် ပျော်ရွှင်နိုင်ဖို့ မလွယ်ကူပါဘူး။ (စာ-၁၀)

**အောင်မြင်မှုနှင့်ကြောက်စိတ်**

ကြောက်တဲ့စိတ်က အောင်မြင်ချင်သူတွေအတွက် ချည့်နဲ့စေတဲ့ အချက်ပဲ။

ကြောက်စိတ်ကို ကျော်လွှားနိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုနဲ့တိုက်ဖျက်ပယ်ရှားပြီး တုံ့နှေးနေတဲ့ သင့်ရဲ့အောင်မြင်ရေးခရီးစဉ်ကို ပိုမိုခရီးပေါက်နိုင်ပါစေလို့ ဆရာအိမ်ကြီးမောင်က ရေးထားပါသည်။ (စာ-၆၂)

**ဒေါက်တာလှမြင့်**

အောင်မြင်မှုနှင့် ကြောက်စိတ်အကြောင်း တွေးရင်းရေးရင်း၊ ပါမောက္ခ ဒေါက်တာလှမြင့်ကို ကျွန်တော်သတိရ၊ လွမ်းဆွတ်မိသည်။ ဒေါက်တာလှမြင့်ကို ၁၉၉၀ ပြည့်နှစ်က ဧရာဝတီတိုင်း ဟင်္သာတမြို့မှာ စတင်တွေ့ရှိခဲ့သည်။ ထိုစဉ်က ဆရာကြီးက ဟင်္သာတစက်မှုသိပ္ပံ ကျောင်းအုပ်ကြီးပါ။ ကျွန်တော်က ဟင်္သာတခရိုင် ဥပဒေအရာရှိဖြစ်ပါသည်။ စက်မှုသိပ္ပံ ကျောင်းအုပ်ကြီးအဖြစ် စံနမူနာပြကြိုးစားလုပ်ဆောင်ပုံတွေကို ကျွန်တော်မြင်တွေ့အားကျပြီး ကျွန်တော်၏သားများကိုပင် ဆရာကြီးလို ကြိုးစားဖို့ စက်မှုကျောင်းသားအဖြစ် ဆရာကြီးထံ အပ်နှံခဲ့သေးသည်။ ဆရာကြီးက အလုပ်နှင့် ပတ်သက်လျှင် ကြောက်စိတ်မရှိ။ ကြိုးစား၏။ ထို့ကြောင့် အောင်မြင်၏။

၁၉၉၈ မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ဆရာကြီးတာဝန်ဖြင့် ပြောင်းရွှေ့သွားကြောင်း အဝေးမှကျွန်တော်သတင်းစကား ကြားသိရပါသည်။ အဆိုပါတက္ကသိုလ်မှာ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့တွေရသည်။ ၂၀၁၀ မှာ သက်ပြည့်အငြိမ်းစားယူပြီး ကျွမ်းကျင်သူပညာရှင်ပါမောက္ခအဖြစ် တာဝန်ထမ်း၊ သုတေသနစာတမ်းတွေ ဖတ်နေဆဲ။ မယုံကြည်နိုင်လောက်အောင် ပြည်တွင်းပြည်ပဘာသာရေးဆိုင်ရာ ကြိုးပမ်းမှုအောင်မြင်မှုတွေရနေကြောင်း ကြားရ၍ ကြောက်စိတ်ဖယ်ပြီး အောင်မြင်မှုယူခဲ့သူတစ်ဦးအဖြစ် အားကျမှတ်တမ်းပြုပါသည်။ "အလုပ်တစ်ခုလုပ်လျှင် ဖြစ်ပွဲမလား" ဟု ကြောက်စိတ်လွန်ကဲတတ်သော ကျွန်တော်၏သားများ၊ တပည့်ရွှေ့နေများအား ဆရာကြီးဒေါက်တာလှမြင့်၏ ဘဝအောင်မြင်မှုကို နမူနာပြ၍ ဆုံးမနေရဆဲဖြစ်ပါသည်။ ဆရာကြီးနှင့် ပြန်တွေ့မှ ရေးဟောင်းနှောင်းဖြစ်တွေ၊ သူ့အတွေ့အကြုံတွေ မေးရဦးမည်။ ဆရာကြီးနှင့် မတွေ့ရတာ အနှစ် ၂၀




နီးပါးရှိပြီ။

**ဘဝဆိုတာ တိုက်ပွဲပါ**

သင် မလုပ်နိုင်တော့ဘူးလို့ ထင်တဲ့အရာတွေက တကယ်တမ်း သင်လုပ်နိုင်ခဲ့တာဆိုတာ သတိရပါ။ (စာ-၄၀)

**ပျော်ရွှင်မှုဆိုတာ**

ပျော်ရွှင်မှုဆိုတာ ဘယ်ကဖြစ်လဲ။ ဘယ်လိုနေရင် သင်ပျော်ရွှင်မလဲ။ အရာအားလုံးက သင့်ကို ပျော်ရွှင်စေတာလား။ အလုပ်၊ ငွေ သို့မဟုတ် မိသားစုက ပျော်ရွှင်စေတာလား။ အလုပ်နောက်လိုက်ရင်း မိသားစုကို ပစ်ပယ်ထားသလို ဖြစ်နေတာကို ပျော်ရွှင်တာလား။ ငွေတွေရလာလို့ ပျော်ရွှင်မှုကို ဝယ်လို့ရလို့ပျော်ရွှင်နေတာလား။ မိသားစုက သင့်ကို စိတ်ချမ်းသာအောင်ထားလို့ ပျော်ရွှင်တာလား။ သူတို့ရဲ့ အခက်အခဲတွေ မသိရလို့ ပျော်ရွှင်တာလား။ တကယ်တမ်းပြောရရင် ပျော်ရွှင်မှုဆိုတာ တခြားလူတွေကို ပျော်ရွှင်အောင် ကြိုးပမ်းအားထုတ်ရာမှ ဖြစ်ပေါ်လာတဲ့ ဘေးထွက်ပစ္စည်းတစ်ခုသာ ဖြစ်ပါတယ်။ (စာ -၅၁) ဟု ပြုစုသူ အိမ်ကြီးမောင်က ရေးသားသည်။

**သူများမျက်ရည်ကျ**

သူတစ်ပါး မျက်ရည်ကျအောင် ကျွန်တော် မလုပ်ချင်ပါ။ သူတစ်ပါး မျက်ရည်ကျမှ ကျွန်တော် ထမင်းဝမည်ဆိုလျှင် ထိုထမင်း မစားချင်ပါ။ စားရလျှင်လည်း အရသာ ရှိမည်မဟုတ်ပါ။ သူတစ်ပါး ပျော်ရွှင်နေတာမြင်ရလျှင် ကျွန်တော်လည်း ပျော်ရွှင်တာပါပဲ။ ကျွန်တော့်တပည့် ကားဒရိုင်ဘာ (ယာဉ်မောင်း) မောင်ကြာဝတို့ လင်မယားက သူတို့ခြံထွက် သဘော်သီးမှည့် နှစ်လုံးလာပို့သည်။ အဖေကြီး စားစေချင်လို့ပါ ... တဲ့။ သူ့ကလေးနှစ်ယောက်ကိုပင် မကျွေးဘဲ ဆရာသမားမိဘပမာ ကျွန်တော့်အား စားဦးစားဖျားလာကျွေးသည်။ မင်းတို့ပေးတဲ့ သဘော်သီးက ချိုလိုက်တာကွာ ဟု ကျွန်တော်စားရင်း မောင်ကြာဝတို့ လင်မယား (ဇနီး မောင်နှံ) ကိုပြောသည်။ သူတို့မျက်နှာ ပြုံးရွှင်နေကြသည်။ ပျော်ရွှင်မှု အစစ်ဆိုတာ ဒါပဲလေ ... ။

**နိဂုံး**

(၁) ဘဝမှာ နေပျော်အောင်နေပါ။

(၂) အောင်မြင်မည် မုချပါ။

(၃) ဘဝသခင်ပင် ဖြစ်နိုင်ပါသည်ခင်ဗျာ။ ။



## ရှမ်းနှစ်သစ်ကူးပွဲတော် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၂**
ရှမ်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၁ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။

ရှမ်းနှစ် ၂၁၁၄ ခုနှစ် ရှမ်းနှစ်သစ်ကူး ပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့ ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လင်းအောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်း နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းလူမှုအခြေပြုအဖွဲ့ဝင် များက ရှမ်းရိုးရာအိုးစည်ဗုံမောင်း (ကာ ပန်ကောင်)အကဖြင့် ဝိုင်းဖွဲ့ကပြဖျော်ဖြေ တင်ဆက်၍လည်းကောင်း၊ တက္ကသိုလ် များ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း လူငယ်မောင်မယ်များက နှစ်သစ်ကူး သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ဖြစ်သော ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ တောင်ရိုး၊ လီဆူယဉ်ကျေးမှုအကအဖွဲ့တို့က အသီး သီးဖျော်ဖြေတင်ဆက်ကြကြောင်း သိရ သည်။ **မောင်မောင်သန်း(တောင်ကြီး)**

## (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အင်းစိန်မြို့နယ်ခန်းမဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**
(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသော အားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခန်းမဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးလှအေးနှင့် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးတို့က ကမ္ပည်းဆိုင်းဘုတ်အား စက် ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူ များနှင့်အတူ အင်းစိန်မြို့တည် သမိုင်းမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်း– မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ– မျိုးကြီး**





## ကယန်းနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပနိုင်ရေး ရန်ပုံငွေပေးအပ်

**လွိုင်ကော် နိုဝင်ဘာ ၂၂**
ကယန်းသက္ကရာဇ် ၂၇၅၉ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် ကျရောက်မည့် ကယန်းတိုင်းရင်းသား လူမျိုးများ၏ နှစ်သစ်ကူးမင်္ဂလာပွဲတော်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ၎င်း၏ရုံးခန်း၌ ရန်ပုံငွေကျပ် သိန်း ၃၀ အားထောက်ပံ့ပေးအပ်သည်။

ကယန်းတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးမင်္ဂလာပွဲတော်အခမ်းအနားကို လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအုပ်စု ဝါရီကောခူကျေးရွာ၌ နိုဝင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ **လွိုင်ကော်သား**

## အတ္တ၊ ပရမ္ပတစွာ စဉ်းစားတွေးခေါ်နိုင်သော ပညာရေးစနစ်ကို စတင်ဖော်ဆောင်



**အုတ်ဖို နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း သည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက အုတ်ဖိုမြို့နယ် အိုး သည်ကုန်းမြို့ အခြေခံ ပညာအထက်တန်း ကျောင်း ရတနာခန်းမ ၌ ဒေသခံများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း က ဒေသခံပြည်သူများ နှင့် များများထိတွေ့ ပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်း ခြင်း၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများ ပြုလုပ်နိုင်စေရန် လာရောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အဓိက အားဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်း ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုအားနည်းခြင်း၊ ပြည်သူတို့၏ လိုအင်ဆန္ဒများပြားခြင်း၊ အစိုးရမှာလည်း ရရှိသည့်ဘတ်ဂျက်အနေအထားပေါ်တွင် မူတည်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအလိုက် ဖော်ဆောင်ပေးနေရ သည်များကိုလည်း နားလည်ပေးကြစေလို ကြောင်း၊ ပြည်သူများကလည်း မတူညီမှု များကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်တတ် သည့် အလေ့အကျင့်ကောင်းများရရှိရန် လိုအပ်ကြောင်း၊ မေတ္တာတရားရှေ့ထားပြီး အတ္တ၊ ပရမ္ပတစွာ စဉ်းစားတွေးခေါ်နိုင်သော ပညာရေးစနစ်ကို စတင်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံ ပြည်သူများ၏ မေးမြန်းမှုများကို တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့သည်။

**တင်စိုး(ပဲခူး)**

## ဆွမ်ပရာဘွမ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၂၂**
ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ရဝမ်တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဦးရန်နမ်းဖုန်(ခ)ပီတာတို့ သည် ဆွမ်ပရာဘွမ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖ များနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်း က ဆွမ်ပရာဘွမ်မြို့ ဘန်ရှူခန်းမ၌ ကျင်းပသည်။

ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက မိမိတို့ အစိုးရအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူကိုဗဟိုပြု၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အညီ ဌာန ဆိုင်ရာဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ ဝန်ထမ်းဖြစ်သည့်အတွက် ပြည်သူလူထုဒေသခံ ပြည်သူများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူ လူထု၏အကျိုးကို ဝန်ဆောင်မှုပေးသည့် ပြည်သူ့ ဝန်ထမ်းအဖြစ် မှတ်ယူစေလိုကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ တွင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရဝမ်တိုင်းရင်းသားလူမျိုးများရေး ရာဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု များကိုထိန်းသိမ်းမြှင့်တင်ရေး၊ တိုင်းရင်းသားလူငယ် များ ပညာရေး၊ လူမှုရေးအလုပ်အကိုင်အခွင့်အလမ်း များရရှိလာစေရေး လုပ်ငန်းများဆောင်ရွက်နေ မှုများကို ရှင်းလင်းပြောကြားသည်။

**ဖုန်ကန်(ပူတာအို)**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးဖွင့်

**ဘားအံ နိုဝင်ဘာ ၂၂**
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်တို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ စတင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ရုံးအဆောက်အဦအသစ် တည်ဆောက်ရန် ခွင့်ပြုပေး ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်မတိုင်မီက ပြည်နယ်အတွင်း လုပ်ငန်းကိုးခု သာ MIC ခွင့်ပြုပေးနိုင်ခဲ့ရာမှ ၎င်းနှစ်နောက်ပိုင်းတွင် လုပ်ငန်း ၁၉ ခု ခွင့်ပြုပေးခဲ့သည့်အနက် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ မှ လုပ်ငန်း ၁၁ ခုအထိ ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်၊ ဒေသတစ်ခုလုံး၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီ မှတ်ပုံတင်ခြင်းလုပ်ငန်းများ အစရှိသော အခြေခံကျသည့် စီးပွားရေး လုပ်ငန်းများကို ယခင်ထက် ပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင် စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
(ပြန်/ဆက်)

# မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး) သုံးနှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ထုတ်ကုန်ပစ္စည်းပြပွဲ ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၂**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)သုံးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့်အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများဈေးရောင်းပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ ပရိုမိုးရှင်းဧရိယာတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်ကအဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဗဟိုဥက္ကဋ္ဌ ဒေါ်ခင်လေးက မြန်မာအမျိုးသမီးများမှ စီးပွားရေးလုပ်ငန်းများတွင် စွမ်းဆောင်နေမှုများနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းတွင်လည်း လူငယ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ရင်ရွှေကသုံးနှစ်ပြည့်အခမ်းအနား ကျင်းပရခြင်းနှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများ ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်ဧည့်သည်များသည်မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများကို ကြည့်ရှုအားပေးသည်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသရောင်းချသွားမည်ဖြစ်သည်။

**မောင်ပြည်သူ**
**(မန္တလေး)**



# ရွှေဘိုတွင် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရုံးခန်း ဖွင့်လှစ်

**ရွှေဘို နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ရုံးခန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လေးမြင့်က ဥပဒေအထောက်အကူပေးရေး လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ရွှေဘိုမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးမြင့်က ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေနှင့် နည်းဥပဒေများကိုရှင်းပြသည်။

ဥပဒေအထောက်အကူပေးမှုနှင့်ပတ်သက်၍ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဦးအောင်အောင်က "ရုံးခန်းကို အမှတ်(၁၀)ရပ်ကွက် စိန်ဘုရားရပ် ခရိုင်စုပေါင်းရုံးကြီးအတွင်း ရွှေဘိုမြို့မှာဖွင့်လိုက်ပါပြီ။ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ခုခံအားကျဆင်းမှုရောဂါနှင့် ကူးစက်မြန်ရောဂါခံစားနေရသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ အထူးစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ဒုက္ခသည်များ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများနှင့် ပြစ်မှုနှင့်ဆိုင်သော သက်သေများမှ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံနိုင်ပါတယ်"ဟု ပြောကြားသည်။

**မိုးသောက်**
**(ရွှေဘို)**



# ပြင်ဦးလွင် ပန်းပွဲတော် ထူးခြားလှပစွာ ပြသမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၂**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း နှစ်စဉ် ကျင်းပပြသမြဲဖြစ်သည့် ပြင်ဦးလွင် ဒီဇင်ဘာလ ပန်းပွဲတော်ကို ယခုနှစ်တွင်လည်း (၁၄) ကြိမ်မြောက်အဖြစ် နိုင်ငံခြားပန်းပြကွက်များနှင့် ထူးခြားဝေဆာလှပစွာ ပြသသွားမည်ဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင် ဒီဇင်ဘာပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်ဖွင့်လှစ်ပြသမည်ဖြစ်ရာ ယခုနှစ်တွင် နယ်သာလန်နိုင်ငံအခြေစိုက် IGMPR ကုမ္ပဏီနှင့် ဆက်သွယ်ချိတ်ဆက်၍ ပန်းပြကွက်ပုံစံဒီဇိုင်းများကို အပ်နှံပုံဖော်ထားရှိကာ နိုင်ငံကိုယ်စားပြုပြကွက်များ၊ နယ်သာလန်နိုင်ငံ ကိုယ်စားပြု ကြူးလစ်ပန်းပွင့်ပေါင်း ၆၅၀၀၀ ပြကွက်များ၊ အီတလီနိုင်ငံကိုယ်စားပြု လီလီပန်းပေါင်း ၉၀၀၀၀ ပြကွက်များ၊ UK နိုင်ငံကိုယ်စားပြု နှင်းဆီပန်း ၉၀၀၀၀ ပြကွက်များ၊ ပန်းပွင့်ပင်ပေါင်း ၆၀၀၀ ပါဝင်ပြီး လူတစ်ရပ်ကျော်ရှိသည့် နေကြာပန်းဝက်ပါပြကွက်များဖြင့် လှပဝေဆာစွာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် ပန်းပွဲတော်ကို နှစ်စဉ် ကျင်းပပြသလာခဲ့သည်ဖြစ်ရာ ဒီဇင်ဘာလ ဆောင်းရာသီပန်းများဖြင့်သာ ခင်းကျင်း ပုံဖော်ပြသရသည်ဖြစ်သောကြောင့် ယခုနှစ်တွင် ပိုမိုထူးခြားလှပစွာ ခင်းကျင်းပြသနိုင်ရန် နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်၍ စီစဉ်ပြသခြင်းဖြစ်ကြောင်းနှင့် ပွဲတော်အချိန်ကာလ တစ်လအတွင်း ပန်းများကို ခုနစ်ကြိမ်အထိ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ပန်းပွဲတော်တွင် လှပသစ်လွင်သော ပန်းပြကွက်များအပြင် နိုင်ငံကျော်အဆိုတော်များနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ကုန်စည်ပြပွဲ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများနှင့်အတူ လာရောက်ကြည့်ရှု လေ့လာကြသည့် ပြည်သူများ စိတ်ဝင်စားနိုင်သည့် မြန်မာအမျိုးသမီး မော်ဒန် ၁၂ ဦးတို့က ပန်းများစီခြယ်ထားသော (ရထားလုံး) မြင်းလှည်းယာဉ် ၁၂ စီးဖြင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လှည့်လည်ပေးနေသည့် ပြကွက်များကိုလည်း တစ်မူထူးခြားစွာ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်**
**(ပြင်ဦးလွင်)**

# ကော့သောင်းအကျဉ်းထောင်နှင့် မြို့မရဲစခန်း (အချုပ်ခန်း) ကြည့်ရှုစစ်ဆေး

**ကော့သောင်း နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကော့သောင်းအကျဉ်းထောင်နှင့် ကော့သောင်းမြို့မရဲစခန်း (အချုပ်ခန်း) သို့ သွားရောက်စစ်ဆေးသည်။

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူများကို တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ခြင်း ရှိ- မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း ရှိ-မရှိ မေးမြန်းခဲ့ကြပြီး အကျဉ်းသား အကျဉ်းသူများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေစီမံထားရှိမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ကော့သောင်းမြို့မရဲစခန်း (အချုပ်ခန်း) သို့ ရောက်ရှိပြီး အချုပ်သား အချုပ်သူများအား ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရာသီဥတုပြောင်းလဲမှုကြောင့် ဓာတ်မြေသြဇာပိုမိုသုံးစွဲရသည့်အတွက် စိုက်ပျိုးစရိတ်မြင့်တက်

**မန္တလေး နိုဝင်ဘာ ၂၂**

ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးမှုကဏ္ဍတွင် ဓာတ်မြေသြဇာပိုမိုသုံးစွဲရသဖြင့် သွင်းအားစုကုန်ကျစရိတ်များ မြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံမှသိရသည်။

"ကျွန်တော်တို့ဆီမှာ ရာသီဥတုကမမှန်ဘူး။ ဒီနှစ်မိုးကလည်းခေါင်တယ်။ စိုက်ချိန်ပျိုးချိန်တုန်းက မိုးကမလိုက်တော့အာဟာရဓာတ်လျော့သွားတာပေါ့။ အာဟာရဓာတ်ရအောင် မြေသြဇာချည်း ဖိကျွေးရတော့ သွင်းအားစုတွေများလာပြီး ဝင်ငွေကျတော့ မကိုက်တော့ဘူး"ဟု စပါးစိုက်ပျိုးသည့် တောင်သူ ဦးလှဇော်မင်းက ပြောကြားသည်။

၂၀၁၉ ခုနှစ်ဝန်းကျင်က စပါးတစ်ဧက လျှင် ဓာတ်မြေသြဇာ ၅၀ကီလိုဂရမ် တစ်အိတ်ခန့် သုံးစွဲပါက တင်းတစ်ရာကျော်ထွက်သော်လည်း ရာသီဥတုပေါ်မူတည်၍ တစ်နှစ်ထက်တစ်နှစ် မြေသြဇာသုံးစွဲမှု မြင့်တက်လာကာ ယခုနှစ်တွင် မြေသြဇာ ၅၀ကီလိုဂရမ် ငါးအိတ်အထိ သုံးစွဲရပြီး တင်း ၉၀ ခန့်သာထွက်ရှိ၍ တစ်ဧက၏ စိုက်ပျိုးစရိတ်မှာ ငွေကျပ်၃၅၀၀၀၀ခန့်ရှိပြီး စပါးတင်းတစ်ရာလျှင် ကျပ် ငါးသိန်းခန့်ဖြင့် ရောင်းချရကြောင်း ၎င်းထံမှ သိရသည်။

"မှတ်သုံက အဝင်နောက်ကျပြီး အထွက်စောခဲ့တဲ့အလယ်ပိုင်းဒေသမှာ မိုးခေါင်မှုတွေ ဖြစ်ပေါ်ခဲ့တာပါ"ဟု တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

"ဓာတ်မြေသြဇာက လိုအပ်သလောက်ပဲ သုံးရင် ပြဿနာမရှိဘူး။ သုံးတဲ့မြေသြဇာပေါ်မှာလည်း မူတည်တယ်။ နိုက်ထရိုဂျင် ဘယ်လောက်ရှိလဲ၊ ပိုတက်စီယံ ဘယ်လောက်ရှိလဲ၊ ဖော့စဖိတ် ဘယ်လောက်ရှိလဲ ကြည့်ပြီး တော့လိုအပ်သလိုတိတိကျကျတိုင်းထည့်ရင် အလေအလွင့်မရှိဘူး။ ကုန်ကျစရိတ်လည်း နည်းတယ်" ဟု စိုက်ပျိုးရေးပညာရှင် ဦးမောင်မောင်ထွေးက ပြောကြားသည်။

တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာသန်းက "ရာသီဥတုက အမှန်တကယ်လည်း ပြောင်းလဲနေပြီ။ ပြောင်းလဲတာနဲ့အတူ မိုးနည်းတော့ ဆည်ရေကလည်းရတာနည်းတယ်။ ဒါကြောင့် စပါးစိုက်မယ်ဆိုရင် သက်တမ်းတိုမျိုးစိုက်ဖို့ တောင်သူတွေကို ချပြတယ်။ ပညာပေးတယ်။ ဒ့ါအပြင်ရေမရှိတဲ့အတွက် နွေစပါးစိုက်မယ့်အစား ရေနည်းနည်းပဲလိုတဲ့ မိုးကြိုဝါတို့ ပဲတီစိမ်းတို့လိုမျိုး စိုက်ပါလားဆိုပြီး သီးနှံပုံစံ ပြောင်းလဲစိုက်ဖို့လည်း ကျွန်မတို့ ပညာပေးနေတယ်" ဟု ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းစိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် တောင်သူပညာပေးသင်တန်း ၁၅၇ ကြိမ်၊ နှီးနှောဖလှယ်ပွဲ ၅၇၇ ကြိမ်၊ ကွင်းသရုပ်ပြပွဲ အကြိမ် ၈၀ နှင့်ဆွေးနွေးပွဲ ၂၁၀၄ ကြိမ်ယခုနှစ်တွင်ဆောင်ရွက်ပြီး စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စသည့် နွေ၊ မိုး၊ ဆောင်း စိုက်ဧက ၅၀၆၆၁၃၂ ဧကရှိကြောင်း ယင်းဌာနမှ သိရသည်။

**နဒီလှိုင်း**

## သတင်းစုံကဏ္ဍ

### ဓမ္မပါလဖောင်ဒေးရှင်း နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက်ရှိ သာသနာ့ဗိမာန်ခန်းမတွင် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဓမ္မပါလဖောင်ဒေးရှင်း ငါးနှစ်မြောက်နှစ်ပတ်လည်အခမ်းအနား ကျင်းပသည်။

ယင်းနောက် ဓမ္မပါလ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ အလှူငွေကျပ် သိန်းတစ်ရာနှင့်အထက် အလှူရှင်များကို ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြပြီး ဓမ္မပါလဖောင်ဒေးရှင်းအကျိုးဆောင်ချုပ်ဖြစ်သည့် ဓမ္မပါလဆရာတော် အရှင်ပါကဋ္ဌလင်္ကာရ (ဓမ္မကထိက၊ ဂုဏ်ထူးဆောင်ကိုးဘွဲ့ရ) က အနုမောဒနာမိန့်ကြားခဲ့ကြောင်း သိရသည်။ ဇာနည်မောင်

### စားသုံးရန်မသင့်သည့် စားသောက်ကုန်များစစ်ဆေး

ဂန့်ဂေါ

ဂန့်ဂေါမြို့ မြို့မဈေးတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့သည် စားသုံးရန်မသင့်သည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ- မရှိကို နိုဝင်ဘာ ၂၀ ရက်က စားသောက်ကုန်ရောင်းချသည့်ဆိုင် ခုနစ်ဆိုင်တွင် စစ်ဆေးကြကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဝင်းနိုင်၊ ဈေးတာဝန်ခံ ဦးညီညီမောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်ခင်သူဇာမြင့်တို့ပါဝင်ပြီး စစ်ဆေး၊ ပညာပေးဆွေးနွေးမှုကို လေးလတစ်ကြိမ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ စိန်ကျော်

### ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထိုးနှံပေးရန်ဆွေးနွေး

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ကျန်းမာရေးဌာနတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားမြို့ဆေးရုံမှ ဒေါက်တာ ရဲပြည့်ဟိန်းက ကျန်းမာရေးကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းပြောကြားသည်။ အောင်ဆွေ(ရွှေတံတား)

## YUPT ၏ ရှယ်ယာရှင် ၁၉၀ က အစုရှယ်ယာကိစ္စ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (YUPT)၏ ရှယ်ယာပြဿနာကို ပြန်လည်သုံးသပ်ပေးရန် ရှယ်ယာရှင် ၁၉၀ က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

အဆိုပါ YUPT ကုမ္ပဏီ၏ ရှယ်ယာပြဿနာကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန် ယင်းကုမ္ပဏီတွင်ကျန်ရှိသည့် ရှယ်ယာရှင်များ၏ သဘောထားများကိုလည်း ထပ်မံတောင်းခံထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ YBS ကုမ္ပဏီများထဲတွင် YUPTကုမ္ပဏီသည် အင်အားအကြီးဆုံးနှင့် ယာဉ်လိုင်းအများဆုံး ပါဝင်ပြေးဆွဲနေခြင်းဖြစ်ပြီး ယင်းကုမ္ပဏီတွင် ရှယ်ယာထည့်ဝင်ထားသည့် ရှယ်ယာရှင်နှစ်ရာကျော်ရှိကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ရှယ်ယာထည့်ဝင်ထားကြောင်း သိရသည်။ ငြိမ်းငြိမ်း



နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာ အ-ထ-က ကျောင်း၌ ချောင်းနှစ်ခွနယ်မြေရဲစခန်းမှူး ရဲအုပ်လှထွန်းသက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို အသိပညာပေးဟောပြောစဉ်။ ကြေးမုံ

## ကမ္ဘာ့အဆင့် အသင်းလိုက်စကားရည်လုပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကမ္ဘာ့အဆင့် ၁၉ ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၂




အမေရိကန်နိုင်ငံ New Haven မြို့ရှိ Yale တက္ကသိုလ်၌ နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် World Scholar's Cup 2019 ပြိုင်ပွဲ၌ အသင်းလိုက်စကားရည်လုပြိုင်ပွဲတွင် မြန်မာကျောင်းသား ကျောင်းသူများ ကမ္ဘာ့အဆင့်နံပါတ် ၁၉ ဆွတ်ခူးရရှိခဲ့သည်။

World Scholar's Cup 2019 ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံမှကျောင်းသားကျောင်းသူ ခြောက်ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၅၄ ဆုဆွတ်ခူးရရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ Brainworks–Total ကျောင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ဦးချင်းအရေးအသားပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၁၁ အထိ ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ကျင်းပခဲ့ခြင်းကြောင့်ကျောင်းသား ကျောင်းသူများအနေဖြင့် ဘာသာရပ်များအပေါ် စိတ်ဝင်စားမှုနှင့် လေ့လာလိုက်စားမှုများ တိုးတက်စေမည်ဖြစ်ပြီးအသင်းအဖွဲ့အလိုက်ဆောင်ရွက်တတ်စေမည်ဖြစ်ကာကမ္ဘာ့ရေးရာအကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ခြင်းဖြင့် လေ့လာသင်ယူမှုများ တိုးတက်စေရန် ရည်ရွယ်သော ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ ထပ်မံပြုလုပ်မည့်ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများကို စေလွှတ်မည်ဖြစ်ကြောင်း Brainworks– Total ကျောင်းမှ သိရသည်။

သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်

## ကမ္ဘာ့ဒဿနိကဗေဒနေ့ ၂၀၁၉ အခမ်းအနား ရန်ကုန်တက္ကသိုလ်၌ ကျင်းပ




ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တက္ကသိုလ်ရာပြည့်အကြိုနှင့် ဒဿနိကဗေဒဘာသာရပ် နှစ် ၁၀၀ ပြည့်အကြို အထိမ်းအမှတ်အဖြစ် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ဒဿနိကဗေဒနေ့ ၂၀၁၉ အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)အတွင်းရေးမှူး ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ဒဿနိကဗေဒနေ့ ၂၀၁၉ အတွက် ယူနက်စကို၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးတာဝန်ခံ နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ဖတ်ကြားခဲ့သည်။ ထို့နောက် ယူနက်စကို၏ကိုယ်စားလှယ်ကမြန်မာနိုင်ငံတွင်ကျင်းပသောကမ္ဘာ့ဒဿနိကဗေဒနေ့အတွက် မှတ်တမ်းတင် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ဆက်လက်၍ Action Aid Myanmar မှ အမျိုးသမီးနှင့် လူငယ်ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် စာရေးဆရာမ မအိနှင့် ဂျူးတို့က ကမ္ဘာ့ဒဿနိကဗေဒနေ့ အထိမ်းအမှတ် ဟောပြောသည်။

ယူနက်စကိုအဖွဲ့ကြီးသည် လူမှုဘဝသာယာဝပြောရေးနှင့် ငြိမ်းချမ်းသောကမ္ဘာကြီးတည်ဆောက်ရာတွင် လူသားတို့၏ တွေးခေါ်မြော်မြင်မှု(သို့)လောကနှင့် လူ့ဘဝအမြင်တို့ဖြင့် ဆက်စပ်လျက်ရှိသည့် ဒဿနိကဗေဒသည် အထူးတလည် အရေးကြီးသည်ကို သိစေလိုသောစေတနာဖြင့် ကမ္ဘာ့ဒဿနိကဗေဒနေ့ကို သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများကို ဒဿနိကဗေဒ၏အမွေအနှစ်များလက်ဆင့်ကမ်းမျှဝေပေးနိုင်ရန်၊ ပြည်သူများကြုံတွေ့နေရသော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊ အတွေးအခေါ်သစ်များဖွံ့ဖြိုးလာစေရန်နှင့် ဒဿနိကဗေဒကို တက္ကသိုလ်ဘာသာရပ်တစ်ခုမျှသာမက လူသားတို့၏နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲများ ဖြေရှင်းရာတွင်ပြည်သူလူထုအား လက်တွေ့ကူညီပေးနိုင်ရန်အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဒဿနိကဗေဒနေ့ကို ကျင်းပခြင်းဖြစ်ကြောင်း ယင်းနေ့ပြုလုပ်သည့် အခမ်းအနားမှ သိရသည်။

ကမ္ဘာ့ဒဿနိကဗေဒနေ့ကို ၂၀၀၂ ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ကြီးမှူး၍ နှစ်စဉ် အစဉ်အလာမပျက် ဌာနချုပ်ဖြစ်သည့် ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုဝင်ဘာလ တတိယပတ် ကြာသပတေးနေ့ရောက်ရှိတိုင်း ခမ်းနားစွာကျင်းပလေ့ရှိကြောင်း၊ ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ဒဿနိကဗေဒနေ့ ၂၀၁၉ ဆောင်ပုဒ်မှာ ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးကို လေ့ကျင့်ပျိုးထောင်စို့ (Culture of Peace and Non-violence) ဟူ၍ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ကိုထက်

## မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (မန္တလေးတိုင်းဒေသကြီး) နှစ်ပတ်လည်အခမ်းအနား ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂






မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (မန္တလေးတိုင်းဒေသကြီး) နှစ်ပတ်လည်အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၅ လမ်း၊ ၃၁x၃၂ လမ်းကြားရှိ Golden Country Hotel တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ILAM ဥက္ကဋ္ဌ ဒေါ်သန်းသန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်းဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းချမ်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ရှေ့နေများကောင်စီဆိုင်ရာ ဥပဒေ(မူကြမ်း) အား ILAM အဖွဲ့မှ ဆောင်ရွက်ထားမှုများကို ဗဟိုဒုတိယဥက္ကဋ္ဌ တော်ဝင်ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက်ဗဟိုအတွင်းရေးမှူး ဦးသိန်းသန်းဦးက ILAM အသင်းနှင့် နိုင်ငံတကာဆက်သွယ်ရေးအခြေအနေများကိုတင်ပြပြီး တိုင်းဒေသကြီးအတွင်းရေးမှူး ဦးတင်ဝင်းအောင်က နှစ်ပတ်လည်အစီရင်ခံစာကို တင်သွင်းပြီး တိုင်းဒေသ ကြီး ဘဏ္ဍာရေးမှူး အစီရင်ခံစာကိုတိုင်းဒေသကြီးတွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းမော်က ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့သည်။

ခင်ခင်ဝင်း (ပညာရေး)

# အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ကေအင်န်ယူ - ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ



ချင်းမိုင် နိုဝင်ဘာ ၂၂
အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးကြပြီး နှစ်ဖက်ရှေ့ဆက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းနိုင်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရေးအတွက် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ အဆိုပြုထားသည့် ကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး (JICM) ခေါ်ယူနိုင်ရေးကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

### အတည်ပြုပေးစေချင်

ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ကေအင်န်ယူအနေနဲ့လည်း ကျွန်တော်တို့ ဒီမှာလာတွေ့တဲ့ အဖွဲ့တွေလိုပဲ JICM ကိုခေါ်ယူဖို့ သဘောတူတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ညီလာခံကျင်းပဖို့ သဘောတူတယ်။ ညီလာခံကနေ ရှေ့ဆက်သွားနိုင်မယ့် လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ဖို့လည်း ကေအင်န်ယူက မျှော်လင့်တယ်။ နောက် ၂၀၂၀ ပြည့်နှစ်အလွန်ထိသွားရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်တွေကိုလည်း ညီလာခံကနေ အတည်ပြုပေးစေချင်တယ်"ဟု ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ဒီဇင်ဘာ၂၊ ၃၊ ၄ ရက်များတွင် ကျင်းပရန် သတ်မှတ်ထားပြီး အဆိုပါအစည်းအဝေးများအပြီးတွင် အစိုးရနှင့် ကေအင်န်ယူ- ကရင်အမျိုးသားအစည်းအရုံးတို့၏ နှစ်ဖက်အလုပ်အဖွဲ့များတွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ တက်ရောက်ကြပြီး ကေအင်န်ယူ - ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်များအဖြစ် ကေအင်န်ယူ ဥက္ကဋ္ဌ၏ စစ်ရေး၊ နိုင်ငံရေးအကြံပေး ပဒိုစောတူးတူးလေး၊ ကေအင်န်ယူ အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူး၊ ကေအင်န်ယူ ဗဟိုအမြဲတမ်းကော်မတီဝင်များဖြစ်ကြသည့် ပဒိုစောဆဲလ်ဂေ၊ ပဒိုစောတောနီး၊ ကေအင်န်ယူ ဥက္ကဋ္ဌ၏အတွင်းရေးမှူး ပဒိုစောတာမူလာနှင့် မူဝါဒရေးရာအကြံပေး နော်မေဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုများအပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူးတို့အား RFA သတင်းထောက် ဦးအောင်မိုးမြင့်က တွေ့ဆုံမေးမြန်းခဲ့ရာ ကေအင်န်ယူနှင့် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီနေ့ဆွေးနွေးဖြစ်တာက ပြီးခဲ့တဲ့ အောက်တိုဘာ၂၈ရက် NCA လေးနှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားမှာ ကေအင်န်ယူခေါင်းဆောင်တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ တွေ့ပါတယ်။ ကြားမှာအသေးစိတ်ညှိနှိုင်းတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး သီးခြားအလုပ်အဖွဲ့တွေ တွေ့ဆုံဆွေးနွေးဖို့ ဆိုတာ သဘောတူပါတယ်။ ဒါကြောင့် ချင်းမိုင်ရောက်တဲ့ အချိန်မှာ အထူးသဖြင့် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကေအင်န်ယူ ခေါင်းဆောင်တွေရဲ့ သဘောတူညီချက်ကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့အတွက် ညှိနှိုင်းဆွေးနွေးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီဘက်မှာ PPST အစည်းအဝေး ကျင်းပဖို့ ရှိတယ်။ အစည်းအဝေးကျင်းပပြီးရင် ကျွန်တော်တို့ နှစ်ဖွဲ့ အမြန်ဆုံးတွေ့ဆုံဖို့ သဘောတူညီခဲ့ပါတယ်"ဟု ပြောကြားသည်။

ကေအင်န်ယူအနေဖြင့် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ ပဒိုစောတာဒိုမူးက "အဓိကကတော့ ရွေးကောက်ပွဲကနောက်နှစ်ထဲမှာ လာတော့မယ်ဆိုတော့ ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်း ဘယ်အစိုးရတက်တက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရှေ့ဆက်ပြီးသွားနိုင်ဖို့ ဘယ်လောက်ထိရောက်အောင် ပြင်ဆင်ထားသင့်တယ်ဆိုတဲ့ အလွတ်သဘောဆွေးနွေးတဲ့ အပိုင်းတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အလုပ်အဖွဲ့ကြားမှာ ပိုပြီးတော့ထိစပ်မှုများများနဲ့ ကျေကျေလည်လည် ဆွေးနွေးတဲ့အပိုင်းတွေ ပိုပြီးတော့လိုအပ်လာတဲ့အတွက် ဒီလိုမျိုးပြုလုပ်ခြင်းအားဖြင့် အစည်းအဝေးတွေမှာ လွယ်လွယ်ကူကူနဲ့ဆက်သွားနိုင်မယ့် အနေအထားမျိုး ကြုံရမယ်လို့ မျှော်လင့်ပါတယ်။ ဒီအတွက်ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြတဲ့ အပိုင်းတစ်ပိုင်းဖြစ်ပါတယ်" ဟု ပြောသည်။

### တိုးတက်မှုရှိ

ဆွေးနွေးပွဲတွင်အစိုးရဘက်က အဆိုပြုချက်အပေါ် ပဒိုစောတာဒိုမူးက "အဆိုပြုချက်လေးချက်က အများကြီး နီးစပ်မှုရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုပြီးတော့ NCA မှာ အဓိကအပိုင်း နှစ်ပိုင်းရှိတယ်။ အခုကတော့ နိုင်ငံရေးဆွေးနွေးမှုအပိုင်းက အများကြီး တိုးတက်မှုရှိတယ်။ အများကြီးနီးစပ်မှုရှိတယ်။ ပြီးတော့ အပစ်အခတ်ရပ်စဲရေးအပိုင်းလည်း ကျွန်တော်တို့ကဆက်ပြီး ဆွေးနွေးမှုရှိပါတယ်"ဟု ဖြေကြားသည်။

အစိုးရကိုယ်စားလှယ်အဖွဲ့၏ခရီးစဉ်အပေါ် သုံးသပ်ချက်နှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိကက NCA လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတာရှိပါတယ်။ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သုံးရပ်ရှိပါတယ်။ ပထမလုပ်ငန်းစဉ်က ပြည်ထောင်စုသဘောတူစာချုပ်- ၃ (Union Accord) ကို အပိုင်းသုံးပိုင်းနဲ့ ချုပ်ဆိုသွားဖို့ရှိတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စတွေမှာ အဓိကဘာလဲဆိုတော့ RCSS ဥက္ကဋ္ဌရဲ့ခရီးစဉ်ကိစ္စပါ။ အဲဒီအတွက် ချင်းမိုင်ကို လာတယ်။ RCSS ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံတယ်။ တပ်မတော်က ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နဲ့ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်တို့ ပါတယ်။ သူတို့က NRPC အဖွဲ့ဝင်လည်း ဖြစ်သလို တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ရဲ့ ခေါင်းဆောင်နဲ့အဖွဲ့ဝင် ဖြစ်ပါတယ်။ အဲဒီမှာ ကျေကျေလည်လည် ဆွေးနွေးနိုင်ခဲ့တယ်။ နောင်မှာ EAOs ခေါင်းဆောင်တွေရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ ဒီလိုပြဿနာတွေ၊ အဆင်မပြေမှုတွေမကြုံအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ သဘောထားတွေချမှတ်နိုင်ခဲ့တယ်။ RCSS အဖွဲ့အနေနဲ့လည်း ဒီလုပ်ငန်းစဉ်မှာပြန်လည်ပါဝင်ဖို့ အဆင်ပြေသွားတယ်။ တစ်ဆို့မှုတွေကျော်လွှားနိုင်တဲ့ အနေအထားရောက်သွားတယ်။

### အကောင်းဆုံးကြိုးစားနေ

"နောက်တစ်ချက်က NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ ၁၀ ဖွဲ့နဲ့ ဆွေးနွေးတဲ့အခါ ကျွန်တော်တို့ ဘယ်လိုပုံစံကို ပြန်သွားမလဲဆိုတဲ့အပိုင်းကိုဆွေးနွေးရာမှာ သဘောတူညီမှုတော်တော်များများရခဲ့တယ်။ အခု ကေအင်န်ယူနဲ့လည်း အတိုင်ပင်ခံနဲ့ ကေအင်န်ယူခေါင်းဆောင်တွေ တွေ့ဆုံပွဲမှာ သဘောတူညီခဲ့တဲ့ သဘောတူညီချက်တွေ ရှိပါတယ်။ အဲဒါတွေကို အကောင်အထည်ဖော်ဖို့ ဘယ်လိုသွားကြမလဲ ဆိုတဲ့ အသေးစိတ်အပိုင်းလေးတွေ ဆွေးနွေးဖြစ်တယ်။ အဲဒီအပေါ်မှာလည်းအများအားဖြင့် နီးစပ်မှုရှိတယ်။ အဲဒီပေါ်မှာလည်း ကျွန်တော်တို့ အသေးစိတ်ဆက်ဆွေးနွေးဖို့ ရှိပါတယ်။ ဒီဇင်ဘာလအတွင်း အမြန်ဆုံးတွေ့ဆုံနိုင်ဖို့ ရှိပါတယ်။ ပြောရရင်တော့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် စောင့်ကြည့်နေကြတဲ့အဖွဲ့တွေလည်းရှိတယ်။ စိုးရိမ်ပူပန်မှုတွေလည်း ရှိကြတယ်။ အဲဒီအတွက်တော့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်လုံးက အကောင်းဆုံးကြိုးစားနေတယ်။

"NCA ကို အခြေခံတဲ့ လမ်းကြောင်းကနေ နောက်ပြန်မဆုတ်ဘူးဆိုတာမျိုးပါ။ နှောင့်နှေးကြန့်ကြာသွားတဲ့အပိုင်းကို စိုးရိမ်ပူပန်မှုတွေလည်းရှိကြမယ်။ နှစ်ဦးနှစ်ဖက်လုံးက သွားနေတဲ့ လုပ်ငန်းစဉ်ပိုကောင်းအောင် ခိုင်မာသည်ထက်ခိုင်မာအောင် ပြန်လည်သုံးသပ်၊ ဆွေးနွေးညှိနှိုင်းနေတဲ့ အနေအထားဖြစ်တဲ့အတွက် ၂၀၂၀ ပြည့်နှစ် အလွန်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်အစိုးရတက်လာတက်လာ ပုံမှန်ဆက်သွားနိုင်တဲ့ အနေအထားရောက်အောင် ကြိုးပမ်းနေပါတယ်။ အောင်မြင်မယ်လို့လည်း မျှော်မှန်းပါတယ်။ ဒီဇင်ဘာလထဲမှာ နှစ်ဖက်အလုပ်အဖွဲ့တွေ့ဖို့ ရှိပါတယ်"ဟု ပြောကြားသည်။

ကေအင်န်ယူအနေဖြင့် နှစ်ဖက်အလုပ်အဖွဲ့ထပ်မံတွေ့ဆုံမည့်အကြောင်းအရာအပေါ် ပဒိုစောတာဒိုမူးက "ဒီကြားထဲမှာ ကျွန်တော်တို့ကေအင်န်ယူ အဆိုပြုချက်ထဲက ပိုပြီးရှင်းရှင်းလင်းလင်းဖြစ်အောင် နှစ်ဖက်ပြန်ပြီး အသေးစိတ်ဆွေးနွေးရမယ့်အပိုင်းတွေ ရှိတယ်။ သူ့ဘက်ကိုယ့်ဘက် အသေးစိတ် စဉ်းစားနိုင်ဖို့ပါ။ အခုကတော့ အချိန်အကန့်အသတ်လည်းရှိတော့ လာမယ့်ဆွေးနွေးပွဲကို ဘယ်လိုပုံစံဆွေးနွေးမယ်ဆိုတဲ့ အခြေခံမျိုးကို ဆွေးနွေးတာပါ"ဟု ပြောကြားသည်။ **သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- HMS**

---

### ❒ အရှေ့တောင်အာရှမှ

**အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းက** "ဒီခရီးစဉ်က မြန်မာနိုင်ငံကိုရောက်တာ လေးကြိမ်မြောက်ရှိပါပြီ။ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီးလုပ်တာ ၂၀၁၄ ခုနှစ် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် တစ်ကြိမ်နဲ့ အခု ၂၀၁၉ ခုနှစ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။ ဒီခရီးစဉ်မှာ မြန်မာနိုင်ငံက လူငယ် ၂၈ ယောက်ရယ် ခေါင်းဆောင်တစ်ယောက် စုစုပေါင်း ၂၉ ယောက် လိုက်ပါခွင့်ရပါတယ်။ ဂျပန်နဲ့ အာဆီယံ ၁၁ နိုင်ငံက လူငယ်ကျောင်းသား ၃၃၀ ပါဝင်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ဒီခရီးစဉ်မှာ မြန်မာနိုင်ငံက လိုက်ပါခွင့်ရတဲ့သူတွေက တက္ကသိုလ်ကျောင်းသားတွေထဲမှာမှ ၁၈ နှစ်နဲ့ ၂၅ နှစ်ကြားဖြစ်ရမယ်။ စပြီးရွေးချယ်ခံရဖို့က ဗဟုသုတလည်း ပြည့်စုံရမယ်။ အာဆီယံနိုင်ငံတွေအကြောင်းလည်း သိရမယ်။ အင်တာဗျူးတွေ၊ စာမေးပွဲတွေယှဉ်ပြိုင်ပြီးတော့မှတက္ကသိုလ်တစ်ခုစီက သုံးယောက်စီ ရွေးချယ်စေလွှတ်တာပါ။ အဆင့်မြင့်ပညာဦးစီးဌာနက အားလုံးရွေးပြီးတော့ ၂၈ ဦးရပါတယ်။ နှစ်လစခန်းသွင်းပါတယ်"ဟု ပြောသည်။

(၄၆)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်သည် ဂျပန်နိုင်ငံမှ ဗီယက်နမ်နိုင်ငံ၊ ဗီယက်နမ်မှ စင်ကာပူ၊ စင်ကာပူနိုင်ငံမှ ယနေ့ရန်ကုန်မြို့သို့ ရောက်ရှိခြင်းဖြစ်သည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program – SSEAYP)သည် ဂျပန်နိုင်ငံအစိုးရ၏ ဦးဆောင်စီစဉ်ကြီးကြပ်မှုဖြင့် ၁၉၇၄ ခုနှစ်မှစတင်၍ ဂျပန်နှင့်အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များ လှည့်လည်လေ့လာသော ခရီးစဉ်ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သာ သင်္ဘောခရီးစဉ်တွင် ပါဝင်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၌ ASEAN အဖွဲ့ဝင်နိုင်ငံအဖြစ် ခွင့်ပြုပြီးနောက်ပိုင်း ၁၉၉၈ ခုနှစ်မှစ၍ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်သို့ ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ လူငယ်အချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်နိုင်သော စွမ်းရည်များ ပျိုးထောင်ပေးရန်တို့ဖြစ်သည်။

ခေါင်းဆောင်မှုအရည်အသွေးရှိသော လူငယ်များအား ပြုစုပျိုးထောင်လေ့ကျင့်ပေးသော လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံအလိုက်လေ့ကျင့်ပေးလိုက်သော လူငယ်များအချင်းချင်း သင်္ဘောပေါ်နှင့် ရောက်ရှိရာနိုင်ငံများတွင် ကဏ္ဍပေါင်းစုံ၊ အကြောင်းအရာပေါင်းစုံကို ဆွေးနွေးဖလှယ်ခြင်းများကို ခရီးစဉ်ကာလရက်ပေါင်း ၅၀ ကျော်တွင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့သို့ ရောက်ရှိစဉ် တက္ကသိုလ် ကိုးကျောင်းသို့ သွားရောက်ကာ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ၍ Institutional Visit and Interaction with local Youths အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းက "မြန်မာနိုင်ငံကို ရောက်တဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံမယ်။ တက္ကသိုလ်ကျောင်းတွေနဲ့ အထင်ကရနေရာတွေ လေ့လာကြမယ်။ Home stay အဖြစ် မြန်မာမိသားစုနေအိမ်တွေမှာ နှစ်ညတာတည်းခိုနေထိုင်ဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ Nippon Meru သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program – SSEAYP) သည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

---

## နိုင်ငံတစ်ဝန်းတွင် (၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပ

**သုံးခွမြို့နယ်။** ။ (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

**ချမ်းအေးသာစံမြို့နယ်။** ။ (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခြသေ့်ဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

**မြဝတီမြို့နယ်။** ။ (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အေစီမီလန်က ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတဲ့ အီဘရာဟီမိုဗစ်ကို စပါးအသင်းနည်းပြ မော်ရင်ဟိုက ခေါ်ယူမည်ဟုဆို



စပါးအသင်းနည်းပြ မော်ရင်ဟိုဟာ အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းက ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို စပါးအသင်းဆီ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ လက်ရှိမှာ အယ်လ်အေဂလက်ဆီအသင်းမှာ ကစားနေတာဖြစ်ပြီး အဲဒီအသင်းမှာ နှစ်ရာသီကြာ ဖြတ်သန်းပြီး ချိန်ဖြစ်တဲ့ ၂၀၂၀ နှစ်စပိုင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

မော်ရင်ဟိုဟာ ၂၀၁၆ ခုနှစ်က မန်ယူအသင်းအတွက် အီဘရာဟီမိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ၅၃ ပွဲမှာ ၂၉ ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ အီဘရာဟီမိုဗစ်အနေနဲ့ မန်ယူအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အေဂျက်အသင်း၊ ဂျူဗင်တပ်အသင်း၊ အင်တာမီလန်အသင်း၊ ဘာစီလိုနာအသင်း၊ အေစီမီလန်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ မန်ယူအသင်းတို့မှာ ပါဝင်ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝ ဖြတ်သန်းမှုအကြာဆုံးက ပီအက်စ်ဂျီအသင်းဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းမှာ ၂၀၁၂ ကနေ ၂၀၁၆ အထိ ၁၂၂ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၁၃ ဂိုး သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

အီဘရာဟီမိုဗစ်ဟာ ရောက်တဲ့အသင်းတိုင်းမှာ ခြေစွမ်းပြပြီး ဂိုးတွေ သွင်းယူနိုင်ခဲ့တာကြောင့် အေစီမီလန်အသင်းကလည်း ခြောက်လစာချုပ်နဲ့ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြမော်ရင်ဟိုကလည်း စပါးအသင်းအတွက် အီဘရာဟီမိုဗစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး နည်းပြမော်ရင်ဟိုအနေနဲ့ အခုနှစ်ဘောလုံးရာသီကုန်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်လေးဝင်အောင် စပါးအသင်းကို စွမ်းဆောင်ပေးနိုင်ခဲ့မယ်ဆိုရင် အပိုဆုကြေးအဖြစ် ပေါင်နှစ်သန်း ထပ်ဆောင်းရရှိမှာလည်းဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြမော်ရင်ဟိုဟာ စပါးအသင်းနဲ့ တစ်နှစ် ပေါင် ၁၅ သန်းနဲ့ စာချုပ် ချုပ်ဆိုထားပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။



# မိုဟာမက်ဆာလာ အီဂျစ်အသင်းနဲ့အတူ တိုကျိုအိုလံပစ်ကစားရမည်ဖြစ်၍ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအစ လီဗာပူးရဲ့ပွဲစဉ်များ လွဲချော်မည်

လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လာမယ့်နှစ်မှာ ကျင်းပမယ့် တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ အီဂျစ်အသင်းနဲ့အတူ ပွဲထွက်ကစားရမှာဖြစ်လို့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအစပိုင်းမှာ ကစားရမယ့် လီဗာပူးအသင်းရဲ့ ပွဲစဉ်တွေမှာ လွဲချော်မှာဖြစ်တယ်လို့ သိရပါတယ်။

အီဂျစ်လက်ရွေးစင်အသင်းဟာ ဇူလိုင် ၂၂ ရက်ကနေ ဩဂုတ် ၈ ရက်အထိ ကျင်းပမယ့် တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပြီး တိုက်စစ်မှူး မိုဟာမက်ဆာလာကိုလည်း အသင်းရဲ့ကစားသမားစာရင်းမှာ ထည့်သွင်းထားတာဖြစ်ပါတယ်။

အီဂျစ်အသင်းဟာအသက် ၂၃ နှစ်အောက် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပရဖို့ရှိနေပြီး အဲဒီပြိုင်ပွဲမှာ အသက် ၂၃ နှစ်အထက် ကစားသမားသုံးဦးအထိ ခေါ်ယူခွင့်ရှိတာကြောင့် အဲဒီပြိုင်ပွဲမှာလည်း အီဂျစ်အသင်းက မိုဟာမက်ဆာလာကို ခေါ်ယူထည့်သွင်းသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အီဂျစ်အသင်းဟာ ပြီးခဲ့တဲ့နွေရာသီက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ လွဲခဲ့ရတာကြောင့် တိုက်စစ်မှူး မိုဟာမက်ဆာလာကိုယ်တိုင်ကလည်း နိုင်ငံတကာ အောင်မြင်မှုတစ်ခုရရှိဖို့ ကြိုးစားသွားမယ်လို့လည်း ဆိုပါတယ်။

အီဂျစ်အသင်းအနေနဲ့ အသက် ၂၃ နှစ်အောက် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အသင်းအတွက် စတုတ်စီးတီးတိုက်စစ်မှူးဟောင်း ရမ်ဒန်ဆော့ဘီကိုလည်း ခေါ်ယူသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

**ငွေကြယ် - စုစည်းသည်**

## အနုပညာ

# မွေးနေ့ဆုတောင်းပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်လိုက်တဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့မွေးနေ့မှာ မွေးနေ့ဆုတောင်းပေးပို့ခဲ့ကြတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုရဲ့ မွေးနေ့မှာ ပရိသတ်တွေက မွေးနေ့ဆုတောင်းတွေ ပေးပို့ရုံသာမက အလှူအတန်းတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။ အချို့သော ပရိသတ်တွေကလည်း မွေးနေ့လက်ဆောင်တွေ ပေးပို့ခဲ့ပြီး မွေးနေ့မှာ ဆုတောင်းပေးရုံသာမက အဓိပ္ပာယ်ရှိတဲ့ မွေးနေ့လက်ဆောင်တွေ ပေးခဲ့ကြတဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ကြောင်းနဲ့ အမြဲအမှတ်ရနေမှာဖြစ်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

နိုဝင်ဘာ ၂၂ ရက်မှာ ဆောင်းဟေကိုဟာ အသက် ၃၈ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ပရိသတ်တွေက အမှတ်တရများစွာ ဖန်တီးခဲ့ကြပါတယ်။ နယူးယောက်မှာရှိတဲ့ တိုင်းမ်ရင်ပြင်မှာ ဆောင်းဟေကိုရဲ့ မွေးနေ့ဖြစ်ကြောင်း ဘေဘုတ်တွေပေါ်မှာ ကြော်ငြာခဲ့တာ တွေ့ရပါတယ်။ အချို့သော ပရိသတ်တွေကလည်း ဆောင်းဟေကိုရဲ့နာမည်နဲ့ လှူဒါန်းခဲ့မှုတွေနဲ့ ပရဟိတလုပ်ဆောင်ခဲ့မှုတွေကို အွန်လိုင်းမီဒီယာပေါ်မှာ ဖော်ပြခဲ့ကြပါတယ်။

ဆောင်းဟေကိုကလည်း သူ့ရဲ့မွေးနေ့ကို ဆင်နွှဲခဲ့ပြီး လက်ရှိမှာ ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ဇာတ်လမ်းရွေးချယ်နေကြောင်းလည်း သိရပါတယ်။





# BTS စစ်မှုထမ်းဆောင်ရမည်

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ စစ်မှုထမ်းဆောင်မှုနဲ့ပတ်သက်ပြီး ခြွင်းချက်အဖြစ် ချန်လှပ်စဉ်းစားသွားမှာဖြစ်ကြောင်း သတင်းတွေ ထွက်ခဲ့ဖူးပေမယ့် လတ်တလောမှာ တောင်ကိုရီးယား ယဉ်ကျေးမှုဝန်ကြီးက BTS အဖွဲ့ဝင်တွေကို ခြွင်းချက်အဖြစ် ချန်ထားမှာမဟုတ်ကြောင်း ပြောကြားလာတာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ ကေပေါ့ပ်အဖွဲ့တွေဟာ ကမ္ဘာမှာ အောင်မြင်မှုတွေ ရရှိလာခဲ့ကြပြီး အမျိုးသားတေးဂီတအဖွဲ့ဝင်တွေရဲ့ စစ်မှုထမ်းဆောင်မှုနဲ့ပတ်သက်ပြီး အမြင်းခုန်ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ပရိသတ်တွေက BTS အဖွဲ့ဝင်တွေရဲ့ စစ်မှုထမ်းဆောင်မှုကို ခြွင်းချက်အဖြစ် စဉ်းစားပေးဖို့ရာ အစိုးရကို တောင်းဆိုခဲ့ပေမယ့် နောက်ဆုံးမှာ BTS အနေနဲ့ စစ်မှုထမ်းဆောင်ရမှာဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ယွန်ဟပ်သတင်းဌာနရဲ့ ပြောကြားချက်အရ နိုဝင်ဘာ ၁၉ ရက်က ပဲရစ်မှာရှိတဲ့ ယူနက်စကိုစင်တာမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း တောင်ကိုရီးယား ယဉ်ကျေးမှုဝန်ကြီး ပါ့ခ်ယန်စိုးက BTS အနေနဲ့ စစ်မှုထမ်းဆောင်သွားရမှာဖြစ်ကြောင်း သတင်းထောက်တွေကို ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ပါ့ခ်က ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ BTS ကို စစ်မှုထမ်းဆောင်ခြင်းမှ ခြွင်းချက်အဖြစ် ချန်လှပ်ပေးဖို့ ဆန္ဒရှိသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနဘက်မှ သဘောမတူခဲ့တာကြောင့် နောက်ဆုံးမှာ စစ်မှုထမ်းဆောင်သွားဖို့ ဖြစ်လာခဲ့တာလို့ ဆိုပါတယ်။

BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်ဟာ လက်ရှိမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီ ဖြစ်တာကြောင့် သူ့အနေနဲ့ နောက်နှစ်အတွင်း စစ်မှုထမ်းဆောင်သွားဖို့ရာ ဖြစ်နိုင်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းတင်ပြသည်**

# ယခုနှစ်အတွက် ဗစ်တိုးရီးယား စီးကရက်ဖက်ရှင်ပြပွဲ ဖျက်သိမ်းကြောင်း ကြေညာ

ကမ္ဘာ့အကောင်းဆုံးသော ဖက်ရှင်ပြပွဲတစ်ခုအဖြစ် သတ်မှတ်ခံထားရတဲ့ ဗစ်တိုးရီးယား စီးကရက်ဖက်ရှင်ပြပွဲကို ယခုနှစ်မှာ ကျင်းပနိုင်ခြင်းမရှိကြောင်း ဗစ်တိုးရီးယား စီးကရက် အမှတ်တံဆိပ်ရဲ့ပိုင်ရှင်က လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ညီလာခံတစ်ခုမှာ ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းက ကုမ္ပဏီအနေနဲ့ ဝယ်ယူအားပေးသူတွေနဲ့ ဆက်သွယ်နိုင်ဖို့ရာ အခြားနည်းလမ်းတွေနဲ့ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ လူမှုကွန်ရက်မီဒီယာနဲ့ အခြားသော ပလက်ဖောင်းတွေက နေတစ်ဆင့် ကြိုးပမ်းသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ဗစ်တိုးရီးယားဖက်ရှင်ပြပွဲ ပြုလုပ်ဖြစ်မှာ မဟုတ်ကြောင်း ကောလာဟလတွေဟာ ပြီးခဲ့တဲ့လတွေကတည်းက ပေါ်ထွက်ခဲ့တာဖြစ်ပြီး လတ်တလောမှာမှ အတည်ပြုပြောကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

# မော်လမြိုင်ကျွန်းမြို့ ကလေးစာပေပွဲတော် ဒုတိယနေ့ စာအုပ်အရောင်းဆိုင်များ စာအုပ်များပြတ်လပ်သည်အထိ ရောင်းချရ



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အ-ထ-က (၁)တွင် ကျင်းပသည့် ကလေးစာပေပွဲတော် ဒုတိယနေ့၌ စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် လာရောက်ဝယ်ယူ ဖတ်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိပြီး စာအုပ်အရောင်းဆိုင်အချို့ စာအုပ်စာစောင်များ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

" ဒီနှစ်ကျင်းပပြီးခဲ့တဲ့ မြို့တွေထက် ပိုရောင်းရတယ်၊ ဘာသာရေး၊ အသိအလိမ္မာ ပညာပေးစာအုပ်တွေ ဝယ်ကြတယ်၊သုတ ရသ စာအုပ်တွေလည်း ရောင်းရတယ်၊ပါလာတဲ့ စာအုပ်တွေ အကုန်နီးပါး ရောင်းရပါတယ်"ဟု ကလေးစာပေပွဲတော်များတွင် လိုက်ပါလျက် စာအုပ်ရောင်းသူတစ်ဦးက ပြောသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် ကလေးဖတ် ကာတွန်း၊ ပုံပြင်၊ ဗုဒ္ဓဝင်ရုပ်ပြ၊ ဉာဏ်စမ်းပဟေဠိနှင့် လူကြီးဖတ် သုတစာပေ၊ ရသစာပေ၊ ရှားပါးစာပေများကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်သောကြောင့် စာအုပ်အရောင်းဆိုင်များမှ စုပေါင်း၍ လာရောက် ရောင်းချခြင်းဖြစ်ပြီး စာပေဝါသနာရှင် လူကြီး၊ လူငယ်၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက မိမိတို့ကြိုက်နှစ်သက်သော စာအုပ်များကို ဖတ်ရှုလေ့လာဝယ်ယူကြကြောင်း သိရသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ လာရောက်ဝယ်ယူဖတ်ရှုလေ့လာကြပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့က ပျားမွတ်လျော်ချောင်းက လာတာပါ၊ စာအုပ်ဈေးပွဲတော်က စာအုပ်အမျိုးပေါင်းစုံလင်လို့ ဝယ်ရတာ အားမရနိုင်ဘူး၊ စာအုပ်တွေလည်း ဈေးချိုချိုနဲ့ ရရှိလို့ ကလေးတွေလည်း ဝယ်ယူကြပါတယ်" ဟု ပျားမွတ်လျော်ချောင်း အ.ထ.က မှ ကျောင်းဆရာမတစ်ဦးကလည်း ပြောသည်။

**အောင်မင်း (ခရိုင်ပြန်/ဆက်)**

## စိုက်ပျိုးရေးသုံးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ခင်းကျင်းပြသ

**ရန်ကုန် နိုဝင်ဘာ ၂၂**

စိုက်ပျိုးရေးသုံးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ခင်းကျင်းပြသသည်။

ပြပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ယူနန်မြို့၊ ဟန်ကျိုးမြို့နှင့် ကျန်းဆူမြို့တို့မှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် စိုက်ပျိုးရေးလေယာဉ်၊ စိုက်ပျိုးရေးသုံးစက်ယန္တရား၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဓာတုဆေးဝါးနှင့် ထုပ်ပိုးစက်များ၊ သီးပင်ပျိုးပင်များ လွယ်ကူလျင်မြန်စွာ အကျိုးဖြစ်ထွန်းနိုင်မည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဆက်စပ် ပစ္စည်းများ၊ အပင်ကြီးထွားရန်ထိန်းချုပ်သော ကိရိယာများ၊ အခြောက်ခံစက်၊ အမှုန့်ကြိတ်စက်များနှင့် စက်ယန္တရားများကို ကုမ္ပဏီ ၄၈ ခုမှ ပြခန်းစုစုပေါင်း ၇၆ ခန်းဖြင့် ပါဝင်ပြသခဲ့ကြသည်။ ပြပွဲကို နိုဝင်ဘာ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့် တာဝန်ရှိသူတို့က တက်ရောက်အမှာစကားပြောကြားကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တာဝန်ရှိသူများက ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**



## မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ကျိုက်မရော နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံးမှ တာဝန်ရှိသူများက နေအိမ်ဆုံးရှုံးပြီး မီးဘေးသင့်ခဲ့သော ကျိုက်ပရန် ကျေးရွာမှ အိမ်ထောင်စု ၁၁ စုအတွက် ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ယာယီကယ်ဆယ်ရေးစခန်း၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အလှူရှင်များ လှူဒါန်းထားသည့် UNHCR မိုးကာစ ၁၁ ခု၊ ပုဆိုး၊ စောင်၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ရေသန့်ကတ်များကိုလည်း ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## Yangon Water Bus ကို နိုင်ငံခြားမှဝယ်ယူထားသည့်ရေယာဉ်များဖြင့် ပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

Yangon Water Bus ကို နိုင်ငံခြားမှ ဝယ်ယူထားသည့် ရေယာဉ်များဖြင့် ပြေးဆွဲမည်ဖြစ်ပြီး Payment စက်များ တပ်ဆင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

လက်ရှိတွင် နိုင်ငံခြားမှဝယ်ယူထားသည့် ရေယာဉ်ခြောက်စင်းဖြင့် ပြန်လည်ပြေးဆွဲနိုင်ရန် Payment စက်များ တပ်ဆင်လျက်ရှိသည့်အပြင် ယခင်ပြေးဆွဲခဲ့သည့် ပြေးဆွဲလမ်းကြောင်းများရှိ ဆိပ်ခံတံတားများကို အသစ်ပြန်လည်ဆောင်ရွက်လျက်ရှိသောကြောင့် လုပ်ငန်းများပြီးစီးရန် ၂၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် ယခင်ပြေးဆွဲခဲ့သော Yangon Water Bus ပြည်တွင်းထုတ် ရေယာဉ်ခုနစ်စင်းနှင့် နိုင်ငံခြားထုတ် ရေယာဉ်သုံးစင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါက်တင်ထားကြောင်း၊ ယင်းရေယာဉ်များကို ကုမ္ပဏီ၏ တင်ပြချက်အရ ဧရာဝတီတိုင်းဒေသကြီးဘက်တွင် ပြေးဆွဲရန် တင်ပြထားကြောင်း ဦးလှအောင်က ဆက်လက်ရှင်းပြသည်။

စက်တင်ဘာ ၂၇ ရက်မှစ၍ မိုးရာသီတွင် ပျက်စီးခဲ့သည့် ဆိပ်ကမ်းများကို ပြုပြင်ခြင်း၊ ရေယာဉ်များ အကြီးစားပြုပြင်ခြင်း၊ ငမိုးရိပ်ချောင်းအတွင်း ပြေးဆွဲမည့် ရေယာဉ်များတင်သွင်းခြင်း၊ ငမိုးရိပ်ချောင်းဆိပ်ကမ်းများ ဆောက်လုပ်ခွင့်ရရှိခြင်း၊ သန်လျင်ဆိပ်ကမ်းပြုပြင်ဆောက်လုပ်ခြင်းနှင့် ငွေပေးချေစနစ်သစ်အတွက် စက်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန် ပြေးဆွဲမှု ခေတ္တရပ်နားခဲ့ခြင်းဖြစ်သည်။

Yangon Water Bus ကို တင့်တင့် မြန်မာကုမ္ပဏီက ၂၀၁၇ အောက်တိုဘာ ၇ ရက်မှစ၍ အင်းစိန်မှ ဗိုလ်တထောင်မြို့နယ်အထိ စတင်ပြေးဆွဲခဲ့ပြီး ပြေးဆွဲမှု ယာယီမရပ်နားမီအချိန်အထိ နေ့စဉ်ရေယာဉ် ၁၁ စင်းဖြင့်ပြေးဆွဲခဲ့ကာ တစ်လလျှင် ခရီးသည်တစ်သိန်းဝန်းကျင်ကို သယ်ဆောင်ပြေးဆွဲပေးနေကြောင်း သိရသည်။

ထို့ပြင် ရန်ကုန် Water Bus အနေဖြင့် နေ့စဉ်ပုံမှန်ခရီးစဉ်အပြင် ဘုရားဖူးနှင့် အပျော်စီးခရီးစဉ်များအတွက်လည်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## သတင်းစုံကဏ္ဍ

### မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ တည်းခိုခန်းများနှင့် အဆောင်များသို့ သွားရောက်ကာ မီးဘေးလုံခြုံရေးဆိုင်ရာများကို ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မီးသတ်ဆေးဘူးများနှင့် အရေးပေါ်ထွက်ပေါက်များအား သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ-မရှိ လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။

**နန်းထိုက် (ကန်ကြီးထောင့်)**

### မီးဘေးကြိုတင်ကာကွယ်တားဆီးရေးသရုပ်ပြ

**မြို့သစ်**

မကွေးခရိုင် မြို့သစ်မြို့ မြို့နယ်မီးသတ်ဦးစီးဌာနသည် ယနေ့ နံနက်ပိုင်းက မြို့မအခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများအား မီးလောင်မှုမဖြစ်ပွားစေရန်အတွက် မီးငြိမ်းသတ်ခြင်းနှင့် ဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလင်းကျော်က မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

### ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးလုပ်ငန်းဆွေးနွေး

**နေပြည်တော်**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် နိုင်ငံတစ်ဝန်း ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ခုတင် ၅၀ ဆံ့ ဆေးရုံတွင် ကျင်းပသည်။

ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဌာနဦးစီးမှူး ဒေါက်တာအေးမြတ်ဝင်းက ဝက်သက်-ဂျိုက်သိုး နိုင်ငံတစ်ဝန်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝက်သက်-ဂျိုက်သိုး ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဝက်သက်-ဂျိုက်သိုးရောဂါဖြစ်ပွားလာပါက အသက်သေဆုံးနိုင်ကြောင်း၊ ကလေးများတွင်သာမက လူကြီးများတွင်လည်း ဖြစ်တတ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်း၊ ရောဂါလက္ခဏာများအကြောင်း ရှင်းလင်းပြောပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ကို**

**(ပြန်/ဆက်)**

ကြော်ငြာ


**Asia Dragon** (အာရှနဂါး)

09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

**ရွှေလမ်းညွှန်**

23000 Nov 29

45000 Nov 29

09-262705136, 09-420087371

**မြေကွက်အမြန်ရောင်းမည်**

ရန်ကုန်မြို့၊ အမှတ်(၂)လမ်းမကြီးနံဘေးတွင်ရှိသော Sony ပြယုံ့အဆင့်မြင့် လုံးချင်းအိမ် ရာဝင်း၊ မြေကွက်အကျယ် ၁၅၀၀၀ စတုရန်းပေကျော်၊ ၁/ အံ့မြို့နယ်တွင် တည်ရှိသော ယခင်ပေါက်ဈေး သိန်းပေါင်း(၁၅၀၀၀)ကျပ် ၊ ယခုပေါက်ဈေး သိန်းပေါင်း (၁၂၀၀၀)ကျပ် ရှိသော မြေကွက်ကို လျှော့ဈေး သိန်းပေါင်း(၇၂၀၀)ကျပ်ဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း ၀၉ ၇၈၉၀၁၁၈၁၊ ၀၉ ၇၈၉၉၀ ၂၉၂၉






**MNU**
MYANMAR NOBLE UNIVERSITY
AIMING FOR SUCCESS

Ready to Start Your Aim Successfully?






University of East London

- B.A(Hons) Business Management
- B.E(Hons) Civil Engineering
- B.E(Hons) Mechanical Engineering
- B.E(Hons) Electrical & Electronic Engineering

EARLY BIRD PROMOTION DISCOUNT 100,000 KS UNTIL DECEMBER 20

First 10 Persons Only

YOUR IDEA. YOUR BUSINESS. YOUR MBA Master of Business Administration

GET 10% OFF TUITION FEE

09-448066660
09-409717203
09-780639577






ဆယ်တန်း / IGCSE အောင်မြင်ပြီးသူများအတွက်

**Business** Management | Business **IT** | **Civil** Engineering

Strategy First University ၏ Undergraduate Programme


- Bachelor's Programme Ranking Oxford Brookes University မှ B.A (Hons) Business and Management Pathway Programme Full Time Part-Time
- NCC Diploma in Business and Information Technology.
- SQA Advanced Diploma in Civil Engineering.

**ရန်ကုန်၊ မန္တလေး**

- ဆယ်တန်း (သို့) Pearson နှင့် Cambridge IGCSE
- ဆယ်တန်း(သို့) IGCSE Scholarship Discount

Myaynigone Teaching Centre 1 : #8, Ground Floor, Pan Chan Tower, Bagayar Road, San Chaung Township, Yangon.
Sule Teaching Centre : #140-146, Sule Pagoda Road, Kyauktadar Township, Yangon.
Mandalay Teaching Centre 1 : Block 4, Unit 6, Mingalar Mandalay, 73rd Road, Corner of Thazin and Ngu Shwe War Road, Mandalay.
Mandalay Teaching Centre 2 : Block 4, Unit 5, Mingalar Mandalay, 73rd Road, Corner of Thazin and Ngu Shwe War Road, Mandalay.


**Call Now : 09 76543 8000**


DIAMOND
INYA PALACE CONDO
The Luxury Life Style You Deserve
Develop by MGW Co., Ltd.
Soft Opening Ceremony &
Special Promotion Event
24.11.2019 to
30.11.2019
No.2, U Tun Nyein Road, Mayangone Township, Yangon.
Tel : +959 420097992~5 , +959 777898988-98
Mail : diamondinyapalace@mgwholding.com , Website : www.diamondinyapalace.com

THONBURI HOSPITAL
Bangkok Thailand

ထွန်ဘူရီဆေးရုံကြီး ထိုင်းနိုင်ငံ (ဘန်ကောက်မြို့)
Myanmar Representative Office (Yangon)

သင့်နှလုံးကျန်းမာရေးအတွက်
ယုံကြည်စိတ်ချရဆုံး အဆင့်အတန်းမီ ကျန်းမာရေးစောင့်ရှောက်မှု



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ထွန်ဘူရီဆေးရုံ နှလုံးဌာနတွင် ထိုင်းဘုရင့်ဆေးရုံ၊ နှလုံးခွဲစိတ်အထူးကုသမားတော်ကြီးများမှ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများကို အသုံးပြုကာ

- နှလုံးသွေးကြောစမ်းသပ်ခြင်း + နှလုံးသွေးကြောချဲ့ကုသခြင်း (CAG+PCI)
- နှလုံးသွေးကြောအစားထိုးခွဲစိတ်ခြင်း (CABG)
- နှလုံးအဆို့ရှင် အစားထိုးခွဲစိတ်ခြင်း (Valve Replacement Surgery)
- နှလုံးခုန်ထိန်းစက် ထည့်သွင်းခြင်း (Pacemaker)
- ရေဒီယိုလှိုင်းဖြင့် လျှပ်စီးပတ်လမ်းဖြတ်တောက်ပေးခြင်း (Catheter Ablation)

Thonburi Hospital - Myanmar
www.thonburihospital.com
Thonburi Hospital, Myanmar Representative Office
အမှတ် ၃၈၊ ၃ လမ်း၊ အောက်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉၇၇၇၆၀၀၅၃၅၃ (Hotline)

၁၉၃၃ ခုနှစ် - သမားတော်ကြီး ဦးဘဦးနှင့်ကောင်းတည်ထောင်သည်
ရွှေမှန်ရောင်
အမှတ်တံဆိပ်
TMK 00711206 19)
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်
နာကျင်ကိုက်ခဲခြင်း၊ ကြို့ပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး
ရွှေမှန်ရောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၇၆၈၀၈၊ ၅၄၃၉၀၄၂၊ (၀၉) ၈၅၅၉၈၄၅၃

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆေက(တနယ်ဝင်း) ၂၁၄/၀၆၁၈
GENEVA GOLD STAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

SAMSUNG
SAMSUNG
ငွေသားလက်ဆောင်
PROMOTION
အောက်တိုဘာလ ၂၅ ရက်နေ့မှ
နိုဝင်ဘာလ ၂၅ ရက်နေ့အထိ



SAMSUNG အိမ်သုံးလျှပ်စစ်ပစ္စည်းများ ဝယ်ယူပြီး ငွေသားလက်ဆောင်များ ရယူလိုက်ပါ။
samsung myanmar
samsungmyanmar
samsung.com/mm
samsungmembers
Call Center 01 2399 888
ဆိုင်ရာ ပြည်နယ်နှင့်တိုင်းရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

# ကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်(ငြိမ်း) နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးခဲ့ကြသော ရွှေဂုံတိုင်အထူးကုဆေးရုံ ကြီးမှ ဒေါက်တာဦးဇော်ထွန်းနှင့် ဒေါက်တာ ဒေါ်ငွေးငွေးကြည်၊ သမားတော်ကြီး ပါမောက္ခဒေါက်တာဦးဆန်းလွင်နှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ အုပ်ချုပ်မှုဌာနမှ တာဝန်ရှိသူများ၊ ဝမ်းနည်းကြောင်း ပြောကြားပေးပါသော ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ လွမ်းသူ့ပန်းခြင်းနှင့် အလှူငွေများ ပေးပို့ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ နေအိမ်သို့ ကိုယ်တိုင်ကြွရောက် သတင်းမေးမြန်းကြပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီး ဒေါ်စန်းစန်းအေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ဆရာသမားများ၊ ရဲဘော်ရဲဘက်များနှင့် မိတ်ဆွေများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကူညီပါသော ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ မင်းတုန်းအသင်းမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း သတင်းမေးမြန်းကြသူများ၊ ဈာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းကျွေးအလှူတို့သို့ ကိုယ်တိုင်ကြွရောက်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်တင့်(ခ)တန်ရှုဝှါ (၉၅)နှစ်**

(ရွှေငါးဒါန်သတ္တုလုပ်ငန်း၊ အောင်မေတ္တာကုန်စုံဆိုင်)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်းနေ [ဦးသိန်းဟန်(ခ) ဦးဂုဏ်စိန်]၏ ဇနီး၊ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန်၊ ဦးကျော်စိုး-ဒေါ်တင်တင်ဝင်းတို့၏ မိခင်ကြီးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**(ဦးသောင်းမြင့်)-ဒေါ်သန်းသန်း မိသားစု**
**သဃ်္ဃန်းကျွန်း**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

ဒု-ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြူနီစပါယ်

**အသက်(၈၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီးဦးထွန်းတင် (မင်းကင်း) အသက်(၈၂)နှစ်သည် ၁၈-၁၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဗိသုကာကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဇေယျကျော်ထင်ဗိုလ်ချုပ်စန်းအောင် (ငြိမ်း)**

ကြည်း-၉၆၉၀၊ DSA(6)

**အသက်(၈၁)နှစ်**

သူငယ်ချင်း ဇေယျကျော်ထင် ဗိုလ်ချုပ်စန်းအောင် (ငြိမ်း) အသက်(၈၁)နှစ်သည် ၁၆-၁၁-၂၀၁၉(စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှိုင်မြင့်စန်း**

**အသက် (၈၀)**

ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

သူငယ်ချင်း ဒေါ်နွယ်နီစန်း၏ ကျေးဇူးရှင် မွေးသဖခင်ဖြစ်သူ ဦးလှိုင်မြင့်စန်းသည် ၁၉-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TTC 87 Batch ကျောင်းသား/ကျောင်းသူဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းရွှေချစ်**

**အသက် (၆၂)နှစ်**

ရှမ်းပြည်နယ်၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနန်းဇာနည်ထွေး (လက်ထောက်ဆရာဝန်၊ ကုသ) ၏ မိခင်ဖြစ်သူသည် ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ရှမ်းပြည်နယ်**
**ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး**
**နှင့်ဝန်ထမ်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်ရွှေ**

**အသက်(၇၇)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ သုတိလမ်းနေ (ဦးဘိုးရင်-ဒေါ်လှဖြူ)တို့၏ သမီးကြီး၊ ဦးမြင့်လွင် (ကပရ-ငြိမ်း)၏ ဇနီး၊ (ဦးသာရွှေ)-ဒေါ်အေးမြတ်၊ (ဦးထွန်းရင်)-ဒေါ်စမ်းစမ်းတို့၏အစ်မ၊ ဦးခင်မောင်မြင့်-ဒေါ်အေးအေးမြင့်၊ ဦးဝင်းမြင့်နိုင် (ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်သဲမြနွယ်၊ ဦးဇော်မင်း(ကပရ)-ဒေါ်သန်းသန်းဝင်း(ကပရ)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်ရွှေသည် ၂၂-၁၁-၂၀၁၉ ရက် ညနေ ၄:၂၀ နာရီတွင် မန္တလေးမြို့၊ မြို့တော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့၊ တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းချစ်**

**အသက် (၈၄)နှစ်**

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြတ်ကျော်သူ၏ မိခင်ကြီး ဒေါ်သန်းချစ်သည် ၂၁-၁၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ၏ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Dr.နီနီသန်း၊ Dr.မြင့်မြင့်ခိုင်၊ Dr.ချိုချို၊ Dr.ခင်မာချို၊**
**Dr.သန္တာအောင်၊ Dr. သဥ္ဇာနု၊ Dr. စန်းစန်းအေးနှင့်**
**ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ ဆရာ၊ ဆရာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းချစ်**

**အသက်(၈၄)နှစ်**

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခဒေါက်တာမြတ်ကျော်သူ၏ မိခင်ကြီး ဒေါ်သန်းချစ်သည် ၂၁-၁၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ၏ မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**Grade 10–12**
**သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့**
**ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

## အထူးကျေးဇူးတင်ရှိခြင်းနှင့် ဆုတောင်းလွှာ

(၁၇-၁၁-၂၀၁၉)နေ့၌ ကျေးဇူးရှင်ဖခင်ကြီး ခတ်ပုံဦးဖေသန်း (မက်ထရို)၏ ကွယ်လွန်ခြင်းသတင်းရရှိ၍ ကျန်ရစ်သူမိသားစုထံသို့ ရပ်နီးရပ်ဝေးမှ တွေ့ဆုံအားပေးခဲ့ကြသော ဖခင်ကြီး၏ ရောင်းရင်းမိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဖခင်ကြီးပါဝင်ခဲ့ဖူးသော လူမှုရေးအသင်းအဖွဲ့များ၊ ညီနောင်အသင်းအဖွဲ့မှ မိတ်ဆွေများ၊ သင်္ကန်း၊ ပန်းခြင်း၊ ပန်းခွေနှင့် အခြားလှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသူငယ်ချင်းများ၊ ဖခင်ကြီး၏ နောက်ဆုံးခရီးကို အထူးသံယောဇဉ်ဖြင့် အစမှအဆုံးတိုင် ကူညီပေးခဲ့ကြသော တူ/တူမများနှင့် ၎င်းတို့၏ မျိုးဆက်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျေးဇူးရှင်ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်က ပြုမူနေထိုင်ခဲ့သော ရိုးသားဖြူစင်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစု၏ အကျိုးကိုထပ်တူ ထပ်မျှ ရရှိပြီး ကောင်းမွန်သော ဘုံဘဝ၌ ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းမိပါသည်။

**ကျန်ရစ်သူဇနီး ဒေါ်ခင်ဝေဝေနှင့် သားသမီး၊ မြေးများ။**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်သန်းချစ်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သစ်ယာပင်လမ်း၊ အမှတ်(၁၁)နေ (ဦးခင်မောင်-ဒေါ်မြသင်) တို့၏ သမီးကြီး၊ (ဦးသန်းမောင်)(ဓူဝံကြယ်လက်ဖက်ခြောက်တိုက်)၏ ဇနီး၊ ဒေါ်တင်သန်း ၏ အစ်မ၊ ဒေါ်သူဇာသန်း-ဦးဝင်းမြင့်အောင်၊ ဒေါက်တာမြတ်ကျော်သူ (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မဆောင်းဝတ်ရည်၏ ချစ်လှစွာသော အဘွားသည် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁:၄၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထွန်းဦး(ခ) ဦးဖိုးပါ

**အသက် (၅၉)နှစ်**

ညွှန့်ပုံနှိပ်တိုက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် (၃၂၁) နေ ဦးမြင့်လွင်-ဒေါ်ရင်မေတို့၏ သားကြီး၊ (ဦးတင်နိုင်)-ဒေါ်ထွေးတင်တို့၏ သားသမက်၊ ဒေါ်မြမြအေး၏ ခင်ပွန်း၊ မောင်မင်းထက်ကျော်၊ မနှင်းသန္တာ၊ မောင်ကောင်းကောင်းတို့၏ ဖခင်၊ ကိုသိန်းနိုင်-Theresa Pang၊ Dr. သိန်းရွှေ-မတင်တင်မြင့်၊ ကိုတင်မောင်စိုး-Dr. ရီရီလွင်၊ ကိုသိန်းမြင့်၊ Dr. Matthew Crouse-မသီတာလွင်တို့၏ အစ်ကိုကြီး ကိုထွန်းဦး(ခ)ကိုဖိုးပါသည် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် အကယ်ဒမီ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အာနိသ

## ဒေါ်စောကြည်

**အသက်(၈၈)နှစ်**

မြိတ်မြို့

မြိတ်မြို့၊အမှတ်(၃၈)၊ ကုန်သည်လမ်း၊ ထားဝယ်စုရပ်နေ (ဦးသန်းတင်-ဒေါ်အင်မို) တို့၏ သမီး၊ (ဦးတင်စိန်)၏ ဇနီး၊ ဦးမြင့်ဦး၊ ဒေါ်ရီရီပြုံး၊ ဒေါ်စန်းစန်းယု (မပြုံး-မစမ်း အထည်ဆိုင်/ ဈေးကြီး)၊ ဦးမောင်ခိုင်-ဒေါ်စန္ဒာစိုး၊ ရန်ကုန်မြို့၊ အမှတ်(၆၆)၊ (၁၀)လမ်းနေ ဦးမောင်ဝင်း - ဒေါ်တင်တင်မော်၊ ဦးမြင့်သူ - ဒေါ်မြင့်မြင့်ညိုတို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားသည် ၂၂-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၇:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးလှရှိန်

**အသက်(၇၃)နှစ်**

ပြည်မြို့နေ (ဦးကျော်စိန်-ဒေါ်အေး)တို့၏ သား၊ ရခိုင်ရိုးကြီးနေ (ဦးအေးမောင်-ဒေါ်မြရင်)တို့၏ သားသမက်၊ ဒေါ်ဝင်းရွှေ ၏ ခင်ပွန်း၊ မဥမ္မာဦး၊ ကိုကျော်စွာလှိုင်-မနီလာဝင်းရှိန် တို့၏ ဖခင်၊ ဒေါ်စိန်ရီ၏ အစ်ကိုကြီး၊ မြေးလေးယောက်တို့၏ အဘိုး ဦးလှရှိန်သည် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဆင့်ဆင့်မျိုး(ခ)ဒေါ်ညီမလေး (Shirly Gale)

**အသက် (၇၀)**

(သီရိပုံချီ ဦးလူကလေး-ဒေါ်ခင်သီ)တို့၏ သမီး၊ (ဦးအောင်သိန်း-ဒေါ်စုစု)၊ ဦးခင်လှိုင်၊ (ဒေါ်ခင်လေးမြိုင်)၊ (ဒေါ်ခင်ငြိမ်းလေး)၊ ဦးမြင့်လွင်-(ဒေါ် ကြင်ဝင်း)၊ ဦးညီညီ-ဒေါ်စန်းစန်းမြင့်တို့၏ ညီမ၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်ခင်သူဇာ၊ ဒေါက်တာ ဦးအောင်ခင်-(ဒေါ်မြခင်ငွေး)တို့၏ အစ်မ၊ တူ/တူမ ကိုး ယောက်တို့၏ အဒေါ်၊ မြေး ကိုးယောက်တို့၏ အဘွား ဒေါ်ဆင့်ဆင့်မျိုး(ခ)ဒေါ်ညီမလေး (Shirly Gale) သည် ၂၁-၁၁-၂၀၁၉(ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉(စနေနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အခန်း-၁၀၂၊ တိုက်-၂၆၊ နှင်းဆီလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်တရားနာရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမြင့်အောင်**

(ဆောက်/လျှပ် ကုန်သွယ်ရေး-ငြိမ်း)

**အသက်(၈၃)နှစ်**

ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်ရောဂါအထူးကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာသက်သက်အောင်-ဒေါက်တာသူရကျော် အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါအထူးကုဌာန YGH၏ ဖခင်ဖြစ်သူ ဦးစိုးမြင့်အောင် သည် ၁၆-၁၁-၂၀၁၉ရက် ညနေ ၄:၄၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမို့မို့ဝင်း၊ ဒေါက်တာစိုးစိုးခိုင်၊ ဒေါက်တာအေးအေးမြင့်ထွန်း၊ ဒေါက်တာဆုမြတ်နှင်းဇော်၊ ဒေါက်တာဝေလွင်ဦး၊ ဒေါက်တာအေးမြင့်ကြည်၊ ဒေါက်တာမေခိုင်ရဲနောင်၊ ဒေါက်တာလဲ့လဲ့ဝင်း၊ ဒေါက်တာရည်မွန်ဦး၊ ဒေါက်တာဇာရီအောင်၊ ဒေါက်တာခင်ဆွေဆွေအောင်၊ ဒေါက်တာမိုးစနာဝင်း၊ ဒေါက်တာအောင်သက်ခိုင်၊ ဒေါက်တာသီတာစန်း၊ ဒေါက်တာဖြူဖြူအောင်**

# အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

စာမျက်နှာ ၁၉ သို့ »



# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

**Nippon Meru သင်္ဘောဖြင့် လေ့လာရေးခရီးစဉ် ထွက်ခွာလာသော (၄၆) ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program – SSEAYP) သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ကျောင်းသူလေးများက ကြိုဆိုကြသည်။**

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❐

**ကြေးမုံ ယနေ့ဖတ်စရာ**

မြောက်ဦး-အာရှ၊ အိန္ဒိယသမုဒ္ဒရာဒေသတို့၏ အမွေအနှစ်ရတနာ

စာမျက်နှာ » ၆

အစိုးရေးဝန်ကြီးချုပ် နေတန်ယာဟုအား အကျင့်ပျက်ခြစားမှုများဖြင့် စွဲချက်တင်

စာမျက်နှာ » ၁၂

**တိုင်းရင်းသားရေးရာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၂

| | |
|---|---|
| ဟားခါး | ၂ ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၈ ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၈ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၈ ဒီဂရီစင်တီဂရိတ် |
| တွန်းဇံ | ၉ ဒီဂရီစင်တီဂရိတ် |

# မြန်မာ ယူ-၂၂ အသင်း ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ် လူရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းသည် အပြီးသတ်လူစာရင်း ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း၏ အပြီးသတ်လူစာရင်းကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းက ထုတ်ပြန်ခဲ့ပြီး အသက် ၂၂ နှစ်အထက် ကစားသမားနှစ်ဦးအပါအဝင် ကစားသမား ၂၀ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပါဝင်

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ**-ဦးမင်းလှိုင်၊ **နည်းပြချုပ်**-ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ကြံ့ခိုင်ရေးနည်းပြ**-ဝယ်လ်လင်တန်၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း**-ရဲမင်းသူ (ရှမ်းယူနိုက်တက်)၊ အောင်ဝဏ္ဏစိုး(ဖွဲ့ကပင်)၊ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ■



မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်နေစဉ်။





## အေးချမ်းသာယာလှပသည့် မတူပီခရိုင်

ဆလိုင်းဗန်ရှိုးထန်

**ချင်းပြည်နယ် မတူပီမြို့သည် ၁၉၄၉ ခုနှစ်တွင် မြို့ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်မှတစ်ဆင့် ခရိုင်အဖြစ်တိုးမြှင့်သည်။ မတူပီခရိုင် မတူပီမြို့သည် စန်ဘောင်၊ ခိုဘွေ၊ လောင်ဗန်းနှင့် လေးဟူ၍ ရပ်ကွက် လေးရပ်ကွက်ရှိပြီး ခရိုင်အဖြစ်တိုးမြှင့်ခြင်းကြောင့် ရပ်ကွက်အသစ်တချို့လည်း ထပ်မံတိုးလာမည်ဖြစ်သည်။ မတူပီမြို့နှင့် ငါးမိုင်ကျော်ကွာဝေးသည့် ဖနိုင်ရွာနှင့် ငလိုင်ရွာကြားတွင် ပထဝီဝင် မြေနေရာအနေအထားကောင်းမွန်ခြင်းကြောင့် တာဝန်ရှိသူများက ခရိုင်နယ်မြေအဖြစ်တိုးချဲ့ပြီး ဖနိုင်နှင့် ငလိုင်သည် ရပ်ကွက်သစ်အဖြစ် ထပ်မံတိုးလာမည်ဖြစ်သည်။ ခရိုင်နယ်မြေကျယ်ဝန်းလာသည်နှင့်အမျှ အိမ်ခြေများနှင့် လူဦးရေများလည်း တိုးလာမည်ဖြစ်သည်။ ယခုတွင် ဖနိုင်နှင့် ငလိုင်ကြားတွင် ခရိုင်ရုံးများ ဆောက်လုပ်အကောင်အထည်ဖော်နေပြီဖြစ်သည်။**

**လူမျိုးပေါင်းစုံနှင့် ဘာသာစကားပေါင်းစုံသုံးစွဲ**

ချင်းပြည်နယ်သည် မျိုးနွယ်စုများပြားသည့်အလျောက် ဘာသာစကားပေါင်းစုံရှိရာ မတူမျိုးနွယ်စုများတွင်လည်း ဘာသာစကားကွဲပြားမှုများရှိသည်။ မတူပီမြို့၌ တာဝန်ကျသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမျိုးပေါင်းစုံ နေထိုင်ကြပြီး မတူစကားကို အများစုသုံးစွဲကြသည်။ မတူစကားမပြောတတ်သည့် မျိုးနွယ်စုများက ဗမာတိုင်းရင်းသားစကား၊ ဟားခါးဘာသာစကားနှင့် မိမိတတ်ကျွမ်းသည့် တခြားရိုးရာဘာသာစကားများကို ပြောဆိုသုံးစွဲကြသည်။ ရှေးယခင်ခေတ်တွင် ဟားခါးဘာသာစကားကို အခြေခံကျောင်းစာများ၌ သင်ကြားပို့ချခြင်းကြောင့် သက်ကြီးရွယ်အိုနှင့် လူငယ်အများစုသည် ဟားခါးဘာသာစကားကို တတ်ကျွမ်းကြလေသည်။ ထို့ကြောင့် မတူပီခရိုင်ရှိ ဒေသခံများသည် ဘာသာစကားမျိုးစုံ သုံးစွဲပြောဆိုကြသည်ဟု ဆိုနိုင်ပါသည်။

**မတူပီမြို့၏ တည်နေရာအနေအထား**

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းများဖြင့် ထူထပ်လျက်ရှိရာ မတူပီခရိုင်သည် တောင်ပေါ်တွင် တည်ထားပြီး အေးချမ်းသာယာလှပသည့် ခရိုင်မြို့ဖြစ်သည်။ မတူပီမြို့၏ အရှေ့ဘက်တွင် လည်မျိုချောင်းစီးဆင်းပြီး အနောက်ဘက်တွင် နှော်သဲချောင်းရေစီးဆင်းသည်။ တောင်ဘက်၌ မတူပီခရိုင်ဒေသတွင် နာမည်ကြီးလူသိများသည့် ကိုင်ဆီးတောင်တန်းတည်ရှိပြီး မြောက်ဘက်အရပ်တွင် ဘုံတလာတောင်တန်းနှင့် ရာသီ သုံးရာသီဖြင့် တသွင်သွင်စီးကျနေသည့် ဘုံတလာရေတံခွန် တည်ရှိသည်။ မတူပီမြို့၏ ပတ်ပတ်လည်သည် တောင်ကုန်းတောင်တန်းများဖြင့် ဝန်းရံကာဆီးထားသည်။

**နွေးထွေးစွာ ကြိုဆိုလျက်ပါ**

မတူပီမြို့သို့ ဆောင်းတွင်းကာလ၌ လာရောက်လည်ပတ်မည်ဆိုပါက အနွေးထည်များ များများယူဆောင်လာရန် လိုအပ်ပါသည်။ အနွေးထည်ကို လုံလုံလောက်လောက်မယူသွားပါက အအေးဒဏ်ကို နေ့၊ ည အန်တုရမည်ဖြစ်သည်။ ပြည်မထက် စားသောက်ကုန်များ တစ်ဆစျေးကြီးသည့်အတွက် ခရီးစရိတ်များလည်း လုံလုံလောက်လောက်ယူလာရန် လိုအပ်ပါသည်။ လေအေးလေစိမ်းတိုက်ခတ်မှုကြောင့် အသားအရေများလည်း အညိုရောင်အဖြစ်သို့ ပြောင်းလဲလာမည်ဖြစ်သည်။ မနက်စောစော မျက်နှာသစ်ရန်ပင် အလွန်ခက်ခဲသည့် အလုပ်တစ်ခုဟု ထင်မှတ်ရပြီး တစ်ရက်တစ်ခါရေချိုးရန် အင်မတန်အားစိုက်ရသည်။ "မတူပီမြို့က အေးအေးချမ်းချမ်းလေးနဲ့ အလွန်ပျော်စရာ ကောင်းပါတယ်။ ဒါပေမယ့် အတော်အေးတော့ မနေတတ်ဘူး"ဟု ဆောင်းရာသီကာလတွင် ရွှေဘိုမြို့မှ မတူပီမြို့သို့ လာရောက်လည်ပတ်သည့် ကိုဖိုးမင်းက ပြောပြသည်။ အလွန်အေးချမ်းမှုကြားမှ ဝမ်းရေးအတွက် စည်ပင်ဈေးတွင် နံနက် ၄ နာရီမှ နံနက် ၈ နာရီအထိ ဈေးသည်များ တက်တက်ကြွကြွ ဈေးရောင်းခြင်းနှင့် ဈေးဝယ်သူများဖြင့် စည်ကားပုံကို မြင်တွေ့ရမည်ဖြစ်သည်။ မနက်ခင်းဘက်တွင် လည်မျိုချောင်းနှင့် နှော်သဲချောင်းဘက်ရှိ တိမ်ပင်လယ်ကိုလည်း မတူပီမြို့မှ ရှုမြင်နိုင်သည်။

**တောင်ကျစမ်းရေများ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးလာတော့မည်**

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းများပြားသည့်အတွက် ပြည်မဘက်ကဲ့သို့ အဝီစိရေတွင်းတူးပြီး သောက်သုံးရေမရနိုင်ပါ။ တောင်ကျစမ်းရေကို အားကိုးအားထားပြုရသည်။ ဆောင်းရာသီနှင့် နွေရာသီတို့တွင် မတူပီမြို့ ပတ်ပတ်လည်ရှိ တောင်ကျစမ်းရေများသည် တဖြည်းဖြည်းခန်းခြောက်လာပြီး သောက်သုံးရေ ရှားပါးခြင်း အခက်အခဲပြဿနာကို ကြုံတွေ့ကြရသည်။ မတူပီမြို့၏ တောင်ခြေဘက်ရှိ တောင်ကျစမ်းရေများကို ရေပိုက်ဖြင့် သွယ်ယူမရသည့်အတွက် မြို့နှင့်အလှမ်းဝေးသည့် တောင်ကျစမ်းရေကို ရေပိုက်ဖြင့် သွယ်ယူသုံးစွဲကြသည်။ ထိုသို့သွယ်ယူရာတွင် မတူပီမြို့နှင့် အလှမ်းဝေးခြင်းကြောင့် လမ်းတစ်ဝက်တွင် ရေပိုက်ပေါက်ပြဲခြင်းများ မကြာခဏဖြစ်ပေါ်ပြီး သောက်သုံးရေပြတ်လပ်မှုကို ကြုံတွေ့ရသည်။ တာဝန်ရှိသူများက အကြိမ်ပေါင်းများစွာ ကြိုးစားလုပ်ဆောင်သော်လည်း သောက်သုံးရေ လုံလုံလောက်လောက်ရရှိနိုင်ရန် ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ မတူပီမြို့တွင် စည်ပင်ဌာနမှ ရေပေးဝေမှုစနစ်၊ ဘာသာရေးမှ ရေပေးဝေမှုစနစ်နှင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် သွယ်ယူသုံးစွဲသည့်ရေဟူ၍ ရေပေးဝေစနစ်ရှိရာ မတူပီမြို့တည်နေရာသည် အတက်၊ အဆင်းရှိခြင်းကြောင့် ရပ်ကွက်အချို့ကိုသာ ရေပေးဝေနိုင်ပြီး တောင်ပေါ်ဘက်ရှိ ရပ်ကွက်အချို့ကို သောက်သုံးရေပေးဝေနိုင်ရန် အခက်အခဲရှိသည်။ သောက်သုံးရေများကို နံနက်ပိုင်းနှင့် ညနေပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲကာ သက်ဆိုင်ရာ တာဝန်ရှိသူများက အလှည့်ကျ ရေပေးဝေသည်။ သောက်သုံးရေများကို အများပိုင်ရေတိုင်ကီတွင် ရေပုံးများဖြင့် သယ်ယူပြီး မိမိအိမ်ရှိ ပီပါပုံးများတွင် ရက်ရှည်သုံးစွဲနိုင်ရန် သိုလှောင်ထားကြသည်။ "မတူပီမြို့က နေချင်စဖွယ်ကောင်းတဲ့ မြို့လေးဖြစ်ဖို့အတွက် ရေရှားပါးမှုပြဿနာကို အရင်ဆုံးဖြေရှင်းနိုင်မှရမယ်။ ရေရှားပါးတဲ့ ပြဿနာကြောင့် နေချင်စရာမကောင်းဘူး။ ရေသာ ပြည့်ပြည့်ဝဝသုံးစွဲလို့ရနိုင်မယ်ဆိုရင် အလွန်နေချင်စဖွယ်မြို့လေးဖြစ်မှာပါ" ဟု ကျောင်းဆရာ ကိုဂျိုးဇက်က ပြောသည်။

> ❝ ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းများပြားသည့်အတွက် ပြည်မဘက်ကဲ့သို့ အဝီစိရေတွင်းတူးပြီး သောက်သုံးရေမရနိုင်ပါ။ တောင်ကျစမ်းရေကို အားကိုးအားထားပြုရသည်။ ဆောင်းရာသီနှင့် နွေရာသီတို့တွင် မတူပီမြို့ ပတ်ပတ်လည်ရှိ တောင်ကျစမ်းရေများသည် တဖြည်းဖြည်းခန်းခြောက်လာပြီး သောက်သုံးရေ ရှားပါးခြင်း အခက်အခဲပြဿနာကို ကြုံတွေ့ကြရ ❞

အထူးကဏ္ဍ စာမျက်နှာ ခ သို့ »»

အထူးကဏ္ဍ စာမျက်နှာ က မှ »»

**သောက်သုံးရေရောင်းသူများစီးပွားဖြစ်လာ**

သောက်သုံးရေများကို မိသားစုလုံလုံလောက်လောက် သုံးစွဲနိုင်ရန်အတွက် မြို့၏ ပတ်ပတ်လည်ရှိ စမ်းချောင်းများ၊ တောင်ကျစမ်းရေများကို ကိုယ်ပိုင်မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအသုံးပြုကာ ရေပုံးများဖြင့် သယ်ယူကြသည်။ ဆောင်းရာသီနှင့် နွေရာသီတို့တွင် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သောက်သုံးရေများ မတူပီမြို့အနှံ့သို့ လိုက်လံရောင်းချသူများသည် ဝင်ငွေအကောင်းဆုံးဟုပင် ဆိုနိုင်သည်။ နေ့စဉ်နေ့တိုင်း မတူပီမြို့တွင်းတွင် ညနေပိုင်းအချိန်ထိ သောက်သုံးရေများကို ရောင်းရပြီး မတူပီပြည်သူများကလည်း အလုအယက်ဝယ်ယူကြသည်။ “တစ်ရက်ကို အများဆုံးသုံးခေါက်ပဲ သယ်လို့ရတယ်၊ ရေတွေကို လည်မျိုချောင်းနားက တောင်ကျစမ်းရေမှာ သွားသယ်ရတယ်၊ တစ်ခေါက်ကို ငွေကျပ်ခြောက်သောင်းရပါတယ်”ဟု မတူပီမြို့တွင်းသို့ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သောက်သုံးရေလိုက်လံရောင်းချသူတစ်ဦးက ပြောသည်။ ဆောင်းရာသီနှင့် နွေရာသီတွင် မတူပီမြို့၌ သောက်သုံးရေများသည် ရောင်းရအကောင်းဆုံးဖြစ်လာသည်။ မော်တော်ယာဉ်များဖြင့် ရေရောင်းချသူများကို ကျေးဇူးတင်ရမည်ဖြစ်သည်။ မော်တော်ယာဉ်ဖြင့် မတူပီတစ်မြို့လုံးတွင် အိမ်တိုင်ရာရောက် ရေရောင်းချပေးခြင်းကြောင့် မတူပီမြို့၏ ရေရှားပါးမှုပြဿနာကို တစ်ဖက်တစ်လမ်းနည်းဖြင့် ကူညီဖြေရှင်းပေးသည်။ မော်တော်ယာဉ်ဖြင့် ရေရောင်းချခြင်း မရှိပါက မတူပီမြို့ရှိ ပြည်သူလူထု၏ ရေရှားပါးမှုပြဿနာသည် အကြီးဆုံးဖြစ်လာမည်ဖြစ်သည်။

**ပြည်သူလူထုအတွက်သောက်သုံးရေလုံလုံလောက်လောက် ရရှိနိုင်ရန် ဦးစားပေးသင့်**

မတူပီမြို့တွင် ပြည်သူလူထုများ ရေရှားပါးမှုဒဏ်ကို ခံစားလာရသည်မှာ ဆယ်စုနှစ်နီးပါးရှိနေပြီဖြစ်သည်။ မိုးရာသီတွင် သောက်သုံးရေ လုံလုံလောက်လောက် သုံးစွဲနိုင်သော်လည်း ဆောင်းရာသီနှင့် နွေရာသီတို့တွင် သောက်သုံးရေ ရှားပါးမှုအခက်အခဲကို နှစ်ကြာရှည်စွာ ကြုံတွေ့နေကြရသည်။ “ဖြစ်နိုင်ရင် မတူပီမြို့မှာ


Photo by-THAL NAING

သောက်သုံးရေ လုံလုံလောက်လောက်ရနိုင်ရင် ပိုကောင်းတာပေါ့၊ ဌာနဆိုင်ရာဝန်ထမ်းတွေအတွက် တစ်ပီပါကို ငွေကျပ် ၃၀၀၀ နှုန်းနှင့် အလွယ်တကူ ဝယ်လို့ရပေမယ့် ကျွန်မတို့ တစ်နေ့လုပ်တစ်နေ့စား ပြည်သူတွေအတွက်တော့ သောက်သုံးရေကို အမြဲဝယ်ယူနိုင်ဖို့ ခက်ခဲပါတယ်”ဟု ဒေါ်နူတွမ်က ရေဝယ်ယူခြင်းကြောင့် ကြုံတွေ့ရသည့် အခက်အခဲကို ပြောပြသည်။

မတူပီခရိုင် ကျေးရွာအများစုသည် သောက်သုံးရေကို လုံလုံလောက်လောက်ရရှိသော်လည်း မတူပီမြို့တွင်း၌ ယနေ့တိုင် သောက်သုံးရေရှားပါးခြင်းပြဿနာကို မဖြေရှင်းနိုင်သေးပါ။ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုများက သောက်သုံးရေရှားပါးမှုကို အတူတကွ ဝိုင်းဝန်းအဖြေရှာပြီး ပထမဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်သင့်ပြီဖြစ်သည်။

**သောက်သုံးရေ၏ အရေးပါမှု**

ရှေးယခင် ချင်းဘိုးဘွားခေတ်တွင် ရေအရင်းအမြစ်ရရှိရာ နေရာဒေသများကိုသာ ရွေးချယ်နေထိုင်ကြသည်။ လူ့အသက်ဆက်ရန် ရေသည်အရေးကြီးဆုံးဖြစ်သည်။ နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နှင့် ကျေးရွာများတွင် ရေအရင်းအမြစ်ရရှိရေးသာလျှင် အဓိကဖြစ်သည်။ မတူပီခရိုင်သည်လည်း တိုးတက်လာသည့်အလျောက် ပြည်သူလူထုများ သောက်သုံးရေကို လုံလုံလောက်လောက် သုံးစွဲနိုင်ရန်အတွက် အမြန်ဆုံးဆောင်ရွက်နိုင်ရန် လိုအပ်သည်။ သောက်သုံးရေကို လုံလုံလောက်လောက် ရရှိနိုင်မှသာလျှင် မတူပီခရိုင်သည်လည်း အေးချမ်းလှပသည့် နေချင်စဖွယ် ခရိုင်မြို့လေး ဖြစ်လာမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာ၌လည်း အဆင်ပြေချောမွေ့မည်ဖြစ်သည်။ ဒေသခံပြည်သူလူထုများလည်း မတူပီခရိုင်ဟူသည့် တိုးတက်ပြောင်းလဲမှုအရသာကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း။ ။

# သီးတက္ကန်(မြောက်)ကျေးရွာ၌ ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာသည့် အိုးလုပ်ငန်းတွင် ကုန်ကြမ်းရှားပါးလာသည့်အတွက် အိုးလုပ်သူများ နည်းပါးလာ

မိတ္ထီလာမြို့နယ် သီးတက္ကန်(မြောက်)ကျေးရွာ၌ ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာသည့် အိုးလုပ်ငန်းတွင် ကုန်ကြမ်းများ ရှားပါးလာသည့်အတွက် အိုးလုပ်သူများ နည်းပါးလာကြောင်း သိရသည်။

**တဖြည်းဖြည်း နည်းပါးလာ**

ကျေးရွာအတွင်းရှိ အိမ်ခြေ ၈၂ အိမ်၊ လူဦးရေ ၄၀၀ ကျော်ရှိရာ အမျိုးသားများက စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး အိုးမကွာ အိမ်မကွာ ဆောင်ရွက်နိုင်သည့် အိုးလုပ်ငန်းကို ရှေးယခင် အဘိုးအဘွားများ လက်ထက်မှစတင်၍ အမျိုးသမီးများနှင့် အခြားမိသားစုဝင်များက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အိုးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသည့် မြေ၊ ကောက်ရိုး၊ လောင်စာ၊ ထင်းများမှာ ယခင်က အလွယ်တကူ ရရှိနိုင်သော်လည်း ယခုအခါတွင် လယ်ယာမြေဈေးနှုန်းများ မြင့်မားလာခြင်းကြောင့် မြေတူးရာတွင် လယ်ကွက်ရှင်၊ ယာကွက်ရှင်များက ခွင့်မပြုသဖြင့် ခွင့်ပြုသည့်သူများထံမှ အခကြေးငွေဖြင့် ဝယ်ယူကြရသည်။ လှည်းနွားမရှိသူများမှာ နွားလှည်းများ ငှားရမ်း၍ မြေကြီးများ တိုက်မည်ဆိုလျှင် လှည်းတစ်စီး ငွေကျပ် ၂၅၀၀ နှုန်း ပေးရသည်။ ၎င်းအပြင် ရာသီဥတု မှန်ကန်မှုမရှိသောကြောင့် စပါးများ စိုက်ပျိုးနိုင်ခြင်းမရှိ၍ ကောက်ရိုးများ မရရှိသဖြင့် အိုးလုပ်ငန်းလုပ်ကိုင်သူ တဖြည်းဖြည်း နည်းပါးလာရာ ယခုဆိုလျှင် ကျေးရွာအတွင်း အိုးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးသာရှိတော့ကြောင်း ကျေးရွာရာအိမ်မှူး ဦးကျော်မြိုင်က ပြောသည်။

သီးတက္ကန်(မြောက်)ကျေးရွာမှ အမျိုးသမီးများက အိုးမကွာ အိမ်မကွာဆောင်ရွက်နိုင်သည့် အိုးလုပ်ငန်းကို



ဆောင်ရွက်လျက်ရှိပြီး ကျေးရွာမှ ပြုလုပ်သည့် သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဆွမ်းလောင်းအိုး၊ ပန်းစိုက်အိုး၊ စလောင်းဖုံးနှင့် ထန်းမြေအိုးများကို မိတ္ထီလာ၊ မလှိုင်၊ တောင်သာမြို့နယ်များမှ အိုးကုန်သည်များက ကျေးရွာအရောက် ဝယ်ယူလျက်ရှိကြသည်။ ယခုအခါ သောက်ရေအိုးများနေရာတွင် ရေသန့်ဘူးများ အစားထိုးဝင်ရောက်လာခြင်းနှင့်အတူ ဘုရားပန်းအိုးများမှာလည်း ကြေးအိုးများကို ဝယ်ယူအသုံးပြုလာကြသဖြင့် ဝယ်ယူသူနည်းပါးလာသောကြောင့် အနည်းငယ်သာ လုပ်ကိုင်လျက်ရှိသည်။ ပန်းစိုက်အိုးများနှင့် ထန်းလျက်ပေါ်ချိန်တွင် ထန်းမြေအိုးများ အနည်းငယ် အရောင်းသွက်လျက်ရှိသောကြောင့် ကုန်ကြမ်းများ ရှားပါးသော်လည်း အခြားလုပ်ငန်းများအစား မိမိတို့ ဘိုးဘွားစဉ်ဆက်ပြုလုပ်သည့် အိုးလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သီးတက္ကန်ကျေးရွာမှ အိုးလုပ်ငန်းဆောင်ရွက်နေသည့် အဘွား ဒေါ်တင်မြကပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ပြည်ထောင်စုဖွား တိုင်းရင်းသား

ပန်းဥယျာဉ်ကြီး စိမ်းလန်းစို
ပန်းမျိုးစုံစွာ အလှပို။
သွေးချင်းညီကို မောင်နှမ
ချစ်ခင်စည်းလုံး ညီညွတ်ကြ။
အေးတူပူမျှ ပေါင်းစုနေ
လက်တွဲခိုင်မြဲ တို့တစ်တွေ။
မခွဲပါလေ အမြဲတမ်း
ကယားကရင် ရခိုင်ရှမ်း။
ရှေ့သို့ချီလှမ်း ညီညာညာ
ကချင်ချင်းနှင့် မွန်ဗမာ။
မြန်ပြည်သာယာ ညီညွတ်အား
ငြိမ်းချမ်းရေးဆီ အတူသွား
ပြည်ထောင်စုဖွား တိုင်းရင်းသား။

ဇင်မင်းကို(စိန်ပန်းမြေ)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ကချင်လူမျိုးများ ဆင်းသက်လာပုံနှင့် ဘာသာစကားဆက်နွယ်မှု

## ကိုကျော်စွာ(ကျိုက်ပိ)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖြစ်ကြသော ကချင်လူမျိုးများသည် မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားဆင်းသက်လာကာ မွန်ခမာအုပ်စု၊ တိဗက်မြန်မာအုပ်စုနှင့် ထိုင်းတရုတ်အုပ်စု စသည်ဖြင့် အုပ်စုသုံးစုခွဲ၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည်ဟု ယူဆကြသည်။

ထိုအုပ်စုသုံးစုအနက် တိဗက်မြန်မာအုပ်စုထဲတွင် ကချင်လူမျိုးများပါဝင်လာခဲ့ကြသည်။ ကချင်လူမျိုးများသည် သံလွင်မြစ်နှင့် ဖြဟ္မပုတ္တရမြစ်ဖျားကြားရှိ တောင်တန်းများကို ကွေ့ရှောင်ရင်း အာသံပြည်ဘက်မှနေ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်ဟု ဆိုကြသည်။ ကချင်လူမျိုးများသည်အထက်ပါလမ်းကြောင်းအတိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ ခန္တီးမြေပြန့်ဒေသကိုဖြတ်ကျော်၍ မေခမြစ်ဝှမ်းနှင့် တြိဂံနယ်မြေအတွင်းသို့ ဝင်ရောက်အခြေချခဲ့ပေသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖြစ်ကြသော ကချင်လူမျိုးအများစုတို့နေထိုင်ရာ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းအရပ်တွင် တည်ရှိပေသည်။ တောတောင်ထူထပ်၍ မြင့်မားသောတောတန်းများနှင့် နက်ရှိုင်းသောသစ်တောများလည်းရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၃၃၉၀၃ ခန့်ရှိပြီး မြောက်လတ္တီတွဒ် ၂၃° ၂၇' နှင့် ၂၈° ၂၅'၊ အရှေ့လောင်ဂျီတွဒ် ၉၆° နှင့် ၉၈° ၄၄' အကြားမှ တည်ရှိ၏။ ကချင်ပြည်နယ်၏ အချို့တောင်ထွတ်များသည် ပေ ၁၀၀၀၀ အထက်ရှိ၍ များသောအားဖြင့် ပေ ၃၀၀၀ မှ ပေ ၇၀၀၀ အထိ မြင့်မားကြသည်။

တောင်တန်းများ၏အနောက်ဘက် မေခနှင့် မလိခမြစ်အကြားမှာရှိသည့် ရှန်ငေါတောင်တန်းသည် မြန်မာနိုင်ငံမြောက်ဘက်မှဆင်းလာသော ငလောင်ဘွန်တောင်နှင့် တစ်ဆက်တည်းဖြစ်ကာ တြိဂံနယ်မြေတစ်ခုလုံးကို တောင်ကုန်းဒေသ ဖြစ်လာစေခဲ့သည်။ ကချင်လူမျိုးများသည် ထိုတောင်တန်းများအနှံ့အပြားတွင် အခြေချနေထိုင်လာခဲ့ကြသည်။ ကချင်လူမျိုးများသည် ပထဝီအနေအထားကိုလိုက်၍ တောင်တန်းဒေသတွင် တချို့၊ မြစ်ဝှမ်းဒေသတွင် တစ်မျိုးနှင့် မြေပြန့်ဒေသများတွင် တစ်ဖုံ ကွဲပြားခြားနားကြသည်။ မြေပြန့်အရပ်များနှင့် မြစ်ဝှမ်းဒေသများတွင် အတည်တကျ အခြေစိုက်နေထိုင်ကြသဖြင့် ထိုဒေသများတွင် မြို့ကြီးများ၊ ရွာကြီးများ ထွန်းကားလာခဲ့သည်။ တောင်ပေါ်ဒေသများတွင်မူ ယာယီမျှသာအခြေချနေထိုင်ကြသောကြောင့် မြို့ကြီးရွာကြီးများမထွန်းဘဲ မြို့ငယ် ရွာငယ်များသာ ထွန်းကားခဲ့သည်။ ကချင်ပြည်နယ်တွင် နေထိုင်ကြသော တိုင်းရင်းသား ကချင်လူမျိုးတို့၏ ဘာသာစကားကို သေချာစွာဆန်းစစ်လိုက်ပါက ရှေးဟောင်းတိဗက်လူမျိုးတို့၏ ဘာသာစကားမှ ဆင်းသက်ပေါက်ဖွားလာသည်ဟု ဆိုသည်။ လေယူလေသိမ်း အဖြတ်အတောက်နှင့် အဆွဲအငင်သည် တိဗက်စကားသံ၊ တိဗက်စကားပြောဟန်လေယူလေသိမ်း အဆွဲအငင်အတိုင်းပင်ဖြစ်သည်။ စကားလုံးဝေါဟာရများမှာလည်း လေးပုံတစ်ပုံခန့်မှာ ဧကဝဏ္ဏဝေါဟာရများဖြစ်၍ ကျန်စကားလုံးများမှာ အသံနှစ်လုံးထွက်ဝေါဟာရများဖြစ်သည်။ ဝါကျအဆုံးတိုင်းတွင်လည်း တိဗက်စကားကဲ့သို့ပင် အသံရှည်ဖြင့် အဆုံးသတ်လေ့ရှိသည်။ ကချင်လူမျိုးတို့က"အေး"ဟူသော အသံရှည်ဖြင့် အဆုံးသတ်လေသည်။

> ကချင်လူမျိုးများသည် သံလွင်မြစ်နှင့် ဖြဟ္မပုတ္တရ မြစ်ဖျားကြားရှိ တောင်တန်းများကို ကွေ့ရှောင်ရင်း အာသံပြည်ဘက်မှနေ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်ဟု ဆိုကြ

ကချင်စကားသည် မြန်မာစကားနှင့်လည်း အလွန်နီးစပ်နေပြန်သည်။ အခြေခံစကားလုံးများအနက် လေးပုံတစ်ပုံခန့်မှာ မြန်မာစကားလုံးများနှင့် ကိုက်ညီနေသည့်အပြင် သဒ္ဒါမှာလည်း မြန်မာသဒ္ဒါအတိုင်း ဖြစ်နေပြန်သည်။ ကချင်စကားကိုသုံးစွဲကြသော တိုင်းရင်းသားကချင်လူမျိုးများသည် နေရာဒေသကိုလိုက်၍ မိမိတို့၏ စကားတွင် မိမိတို့နေထိုင်ရာ အိမ်နီးချင်းလူမျိုးတို့၏ စကားများကိုပါ ယူငင်သုံးစွဲခြင်းကြောင့် ယင်းတို့၏ ဘာသာစကားဝေါဟာရများမှာ တဖြည်းဖြည်းကြွယ်ဝလာခဲ့သည်။ အနောက်ဘက် အာသံနယ်တွင်စွဲသော ကချင်စကားတွင် နာဂစကားလုံးများနှင့် ကူကီးချင်းစကားလုံးများပါဝင်၍ အရှေ့ဘက် တရုတ်-မြန်မာနယ်စပ် အနီးတစ်ဝိုက်တွင်သုံးသော ကချင်စကားများတွင် တရုတ်စကားများ ရောနှောနေပြန်သည်။ မြေပြန့်အရပ်များတွင်သုံးစွဲသော စကားလုံးများတွင်မူ မြန်မာစကားများနှင့် ရှမ်း-မြန်မာစကားလုံးများ အသီးသီး ရောနေပြန်သည်။

ကချင်လူမျိုးတို့ ပြောဆိုသုံးနှုန်းသောစကားများမှာ နေရာဒေသအလိုက် လူမျိုးနွယ်စုအလိုက် ကွဲပြာခြားနားမှု ရှိကြသည်။ ဂျိန်းဖော့စကားမှာ ကချင်ပြည်နယ်တွင် လူသုံးအများဆုံးဖြစ်သည်။ ဂျိန်းဖော့စကားတစ်မျိုးတည်းကိုပင် အာသံနယ်စပ်နှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် တစ်မျိုး၊ မေခ မလိခမြစ်ဝှမ်းတွင် တစ်မျိုး၊ အရှေ့ဘက်တရုတ်ပြည်နယ်စပ်တစ်လျှောက်တွင် တစ်မျိုး ပြောဆိုသည်ကို တွေ့ရသည်။ ထို့ပြင် ဂျိန်းဖော့စကားတွင် သာမန်ဂျိန်းဖော့၊ ခနူးဂျိန်းဖော့၊ ဂေါင်ရီဂျိန်းဖော့၊ ဟူးကောင်းဂျိန်းဖော့၊ ဒူးလင်းဂျိန်းဖော့နှင့် ထိန်နိုင်းဂျိန်းဖော့တို့သည် ဂျိန်းဖော့စကားတစ်မျိုးတည်းကိုသာ သုံးစွဲကြသော်လည်း အသံနေအသံထားတို့သည် အနည်းငယ်စီကွဲပြားကြသည်။

ကချင်လူမျိုးတို့၏ ဘာသာစကားများအနက် ဒုတိယ လူသုံးအများဆုံးမှာ မရူးစကားဖြစ်သည်။ မြန်မာစကားနှင့် အဓိပ္ပာယ်တူ အသံထွက်တူသော စကားလုံးပေါင်း မြောက်မြားစွာပါဝင်သည်။ ထို့ကြောင့် မရူးစကားနှင့် မြန်မာစကားမှာ အခြေခံတစ်ခုတည်းမှ ဆင်းသက် ပေါက်ပွားလာဟန်ရှိသည်။ မရူးစကားလည်း ဂျိန်းဖော့ စကားကဲ့သို့ နေရာဒေသအလိုက် ကွဲပြားမှုရှိပြန်သည်။ သာမန်မရူး၊ အဇီးနှင့် လရှီစကားဟူ၍ သုံးမျိုးကွဲပြားပြန်သည်။ အဇီးစကားသည် မြန်မာစကားနှင့် အလွန်ပင်နီးစပ်သည်ကို တွေ့ရသည်။ ဥပမာ-

| မြန်မာစကား | အဇီးစကား |
|---|---|
| ခွေး | ခွေ |
| ဆက် | ဆတ် |
| ဆား | ဆော် |
| မီး | မြီး |
| လူ | ဗျူ |
| ရေ | ဝေ |

စသည်ဖြင့် အခေါ်အဝေါ်များသည် အလွန်ပင်နီးစပ်နေသည်ကို တွေ့ရသည်။ ထို့ပြင် ရဝမ်စကားတွင် အသံအနိမ့်အမြင့်အလိုက် ကွဲပြားသောစကားများရှိသေးသည်။ ယင်းတို့မှာ ထရုံစကား၊ ဇာရီဝမ်စကား၊ ထလုစကား၊ အခူးဖိုင်းစကား၊ အနမ်းဖိုင်းစကား၊ ရမီလ်စကားနှင့် လုံမီစကားတို့ဖြစ်သည်။ ကချင်လူမျိုးတို့သည် ဆင်းသက်နေထိုင်သောနေရာဒေသအလိုက် ဘာသာစကားများနှင့် လူမျိုးအနွယ်တစ်ခုစီ၏ သုံးနှုန်းသောဘာသာစကားတို့သည် အလွန်ပင်များပြားကြွယ်ဝလှကြောင်းကို ရေးသားတင်ပြလိုက်ပါတော့သည်။

*မှီငြမ်း- ကချင်တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ*



»»» အထူးကဏ္ဍစာမျက်နှာ ဃ မှ

ယူဆသောအကောင်များ(ပုံစံ- ချင်းအခေါ်နိအိုင်အမည်ရှိသော နှာတံရှည်မျောက်မျိုး၊ မျောက်လွှဲကျော်၊ မျက်ကွင်းဖြူမျိုးများ၊ ချိုတိုတိုပေါက်နေသောဆတ်များ၊ အော်မြည်တတ်သော သမင်တစ်မျိုး၊ ချိုတစ်ဖက်ကြီးတစ်ဖက်ငယ်ရှိသော သားကောင်၊ ချိုကျိုးနားရွက်ပဲ့ဖြစ်နေသော သားကောင်၊ အင်္ဂါမစုံသော သားကောင်များ၊ ငှက်အမျိုးမျိုး၊ ဖွတ်၊ ပုတတ်၊ မြွေအမျိုးမျိုး၊ ဖြူကောင်များ စသည်တို့ဖြစ်ကြသည်။

ငှက်များအနက် အောက်ချင်းငှက်သည် ချင်းတို့မင်္ဂလာဟူ၍ အထွတ်အမြတ်ထားသော ငှက်ဖြစ်သဖြင့် အောက်ချင်းငှက်ကို ပစ်မိသူသည် ပွဲပေးရသည်။ အမဲလိုက်ရာတွင် နည်းသုံးမျိုးရှိသည်။ ယင်းတို့မှာ- တောခြောက်၍ အမဲလိုက်ခြင်း၊ ချောင်း၍ ပစ်ခတ်ခြင်းနှင့် ထောင်ချောက်ဖြင့် ဖမ်းခြင်းများဖြစ်သည်။

အမဲလိုက်ခြင်းမျိုးကို တောင်ယာလုပ်ငန်းပြီးချိန်များတွင် ရွာလုံးကျွတ်ပါဝင်၍ ပြုလုပ်ကြသည်။ မိုးကုန်၍ စိုက်ပျိုးရေးလုပ်ငန်းများပြီးဆုံးသောအခါ ရွာတွင်အတွေ့အကြုံရှိသော မုဆိုးကြီးများက ဦးဆောင်၍စီစဉ်ပေးသည်။ အဖွဲ့တစ်ဖွဲ့တွင် ဦးရေ ၂၀ ထက်မနည်းဖွဲ့စည်းပြီး တစ်ပတ်မှ နှစ်ပတ်ကြာအထိ တောထွက်၍ လိုက်ကြသည်။ တစ်ခါတစ်ရံ မိမိတို့ရွာမှ မိုင် ၅၀ ကျော်ဝေးသော နေရာများသို့ပင် ရောက်သွားတတ်ကြသည်။ မတူပီမြို့နယ် လောင်ဗန်းရပ်ကွက်နေ ပညာရေးအငြိမ်းစား ဦးလှပိုးက အမဲလိုက်ရာတွင် သားကောင်အမျိုးအစားကို လိုက်၍ လူငါးဦး၊ လူ ၂၀ လူများရင်များ သလိုတူမီး၊ နှစ်လုံးပြူးသေနတ်များကိုင်၍ အမဲလိုက်ကြကြောင်း၊ ချေကို တစ်မိုင်ဝန်းကျင်ခန့်လိုက်ရကြောင်း၊ တောဝက်၊ ဆတ်သတ္တဝါတို့ကို နေ့ဝက်(သို့မဟုတ်) တစ်ရက်ခရီးသွားအမဲလိုက်ရကြောင်း၊ တောဝက်ကို စပါးမှည့်ခါနီး အောက်တိုဘာလတွင် လင့်စင်ထိုး၍ ပစ်ခတ်ရကြောင်း၊ သားကောင်ကြီးကြီးမိပါက ရွာမှလူများကိုခေါ်၍ ခွဲဝေစားကြကြောင်း၊ ကျားသတ္တဝါများကို လင့်စင်ထိုး၍ ချောင်းမြောင်းပစ်ခတ်ရကြောင်း ပြောသည်။

၎င်းအပြင် အမဲမလိုက်မီ ယဇ်ပူဇော်ရကြောင်း၊ ချင်းဘာသာအရ ရမ်ထမီးအာရ်ထဟုခေါ်ကြောင်း သိရသည်။ အဓိပ္ပာယ်မှာ တောထွက်ရန် ကြက်သတ်ဗေဒင်မေးပွဲဟူ၍ဖြစ်သည်။ မုဆိုးသက်အရင့်ဆုံးသူသည် ယဇ်ပူဇော်ပွဲကို ကမကထပြုလုပ်သည်။ အင်္ဂါစုံလင်၍ လှပသောကြက်တစ်ကောင်ကို အမဲလိုက်မည့်တောစပ်၌သတ်၍ နတ်တင်ရသည်။ ကြက်သတ်စဉ် ကြက်၏ သေခါနီး အကြောဆွဲပုံ၊ ဦးခေါင်းခါပုံကိုကြည့်ပြီး အမဲလိုက်ရန် သင့်၊ မသင့် နိမိတ်ဖတ်ကြသည်။ ကြက်သည် တစ်ချက်တည်း အကြောမဆွဲဘဲသေသော် နိမိတ်မကောင်းဟု ယူဆသည်။ သို့သော် အကြောဆွဲပြီးမှ သေသည်သာများသည်။ ဦးခေါင်းသည် သုံး၊ လေးကြိမ် တွန့်လိန်ပြီးမှ သေသော် အမဲကောင်များများရပြီး အားလုံးပျော်ရွှင်စွာ ပြန်ရောက်ကြမည်ဟု နိမိတ်ဖတ်သည်။ အချို့ဒေသများတွင်မူ ရွာအလယ်လမ်းဘေးမှာပင် ယဇ်စင်ကလေးများ ပြုလုပ်ထားတတ်သည်။ ကျောက်ပြားကိုခင်း၍ ကျောက်တုံးကို ထောင်စိုက်ထားသည်။ ယင်းကျောက်ပြားပေါ်တွင် ကြက်အပြင် ဝက်ကိုလည်းသတ်၍ ယဇ်ပူဇော်ကြသည်။

တောခြောက်၍ အမဲလိုက်သောပွဲကြီးများကို အနီးအနားရှိရွာသုံးလေးရွာ စုပေါင်း၍လည်း ပြုလုပ်တတ်ကြသည်။ တောကောင်တို့ သွားရာလမ်း၊ ခိုအောင်းရာနေရာများကို သိသော မုဆိုးဟောင်းကြီးများ လိုက်ပါလာကြပြီး ရွာရှိခွေးများကလည်း ကူညီကာ တောခြောက်ပေးကြသည်။ လူအုပ်များပြီး လက်နက်များလည်းပြည့်စုံသဖြင့် အလွန်နက်သော တောကြီးထဲသို့ပင် ဝင်၍ တောခြောက်ကြသည်။ ကျား၊ ကျားသစ်နှင့် ဆင်၊ ပြောင်စသည်တို့ကိုမူ ချောင်းမြောင်း၍ဖြစ်စေ၊ ထောင်ချောက်နှင့် ထောင်၍ဖြစ်စေ အမဲလိုက်ယူကြသည်။

လူများစုနှင့် တောခြောက်ပြီး အမဲလိုက်ခြင်းသည် အန္တရာယ်လည်းများလှသည်။ တိရစ္ဆာန်တို့၏ ရန်မူခြင်းကို ခံရတတ်သကဲ့သို့ အမဲကောင်ကို ပစ်သောကျည်ဆန်က တောခြောက်သူအား ထိမှန်ခြင်းမျိုးလည်း ရှိသည်။ သားကောင်က တောခြောက်သူတစ်ဦးဦးကို ခုခံတိုက်ခိုက်ရာ ကျန်တောခြောက်သူများက သားကောင်ကို ရိုက်နှက်တိုက်ခိုက်ရင်း သားကောင်ရောလူပါထိပြီး နှစ်ဦးလုံးသေဆုံးရသည်လည်းရှိသည်။ ဤကဲ့သို့ ရှောင်တခင်ကိစ္စမျိုးဖြစ်လာလျှင် လုပ်ငန်းကိုရပ်၍ ရွာသို့ ဦးလှည့်ပြန်ကြရသည်။ ကြီးမားသော အမဲကောင်ကို စတင်ပစ်ခတ်ရသူသည် ကံကောင်းသူဖြစ်ပြီး သူ့အား ချီးကျူးပွဲလုပ်ရန် နေအိမ်သို့လိုက်ပါလာကြသည်။ လမ်းတစ်လျှောက်လုံးတွင် သေနတ်များပစ်ဖောက်၍ ကဗျာများလည်း ရွတ်ဆိုလာကြရသည်။ ရွာတွင်ကျန်ရစ်သော မိန်းမများကလည်း သေနတ်သံနှင့် ကဗျာရွတ်ဆိုသံများကို အဝေးမှကြားသည်နှင့် တစ်ပြိုင်နက် ခေါင်ရည်အိုးများကို ပလိုင်းတွင်ထည့်၍ရွက်ကာ ရွာအဝင်ဇရပ်များမှ ဆီးကြိုလေ့ရှိကြသည်။ အမဲပစ်သူ၏အိမ်သို့ရောက်သောအခါ နွား၊ ကျွဲ၊ ဝက်စသည်ဖြင့် လိုက်ပါလာသူအားလုံး စားနိုင်လောက်အောင်သတ်၍ အမဲလိုက်အောင်ပွဲခံကာ ကဆို၊ တီးမှုတ်စားသောက်၍ ပျော်ကြသည်။

ဆားဟရန်ခေါ် ကြီးမားသော ဆင်၊ ပြောင်၊ ကျွဲရိုင်းကြီးများကိုပစ်၍ရလျှင် အကြီးဆုံးနှင့် အခမ်းနားဆုံး အမဲအောင်ပွဲကြီးကျင်းပသည်။ အမဲကောင်ကိုထမ်းပြီး ရွာသို့ပြန်လာကြသည့်အခါ မိန်းမများက ခေါင်ရည်ဖြင့်ကြိုဆို၍ တိုက်ကျွေးကြသည်။

ချင်းလူမျိုးများသည် ပါးစပ်ရာဇဝင်အရ ကျားမှဆင်းသက်သောအမျိုးဟု အယူရှိကြသဖြင့် ကျားကိုပင် ဘိုးဘိုးဟု ခေါ်ကြသည်။ ထို့ကြောင့် ကျားကိုပစ်မိပြီး သီချင်းဆိုခဲ့သော် ကျားအမျိုးအနွယ်များကြားမည်၊ ကြားလျှင် စိတ်မကောင်းဖြစ်ကြမည်၊ စိတ်ဆိုးပါက ပစ်သူအပေါ် လက်စားချေလိမ့်မည်ဟု ရှေးအခါကယုံကြည်ကြကြောင်း သိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

တိုင်းရင်းသားရေးရာ
မြကြာမှုံ အထူးကဏ္ဍ

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာအမဲလိုက်ခြင်းဓလေ့

**မင်းလပြည့်(ဟားခါး)**

**ချင်းပြည်နယ်သည် အခြားဒေသများနှင့်မတူဘဲ ပြည်နယ်တစ်ခုလုံး မြေပြန့်လွင်ပြင်မရှိဘဲ တောင်ကုန်းတောင်တန်းထူထပ်ပေါ်များသဖြင့် သားရဲတိရစ္ဆာန်များလည်း ကျင်လည်ကျက်စားသွားလာသော စားကျက်နေရာဒေသကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ သို့သော် ရဲစွမ်းသတ္တိရှိသော ချင်းတိုင်းရင်းသားတို့သည် ဆင်၊ ပြောင်၊ ကျား၊ စိုင်၊ တောဝက်၊ ဝက်ဝံစသော အစွယ်၊ အဆိပ်ရှိသည့် သတ္တဝါများကိုလည်း ထိတ်လန့်ကြောက်ရွံ့ခဲ့ကြသည်မဟုတ်ပေ။ ချင်းအမျိုးသားတို့သည် အမဲလိုက်ခြင်းကို ဂုဏ်ယူကြသည်။ တန်ဖိုးထားကြသည်။**

အမဲလိုက်သောအလုပ်သည် ဘာသာရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ ထူးခြားနက်နဲသော အဓိပ္ပာယ်ကို ဆောင်သည်။ နတ်ကိုးကွယ်သူများက အမဲလိုက်ခြင်းသည် တမလွန်ဘဝတွင် ကောင်းရာသုဂတိသို့ လားစေသော အလုပ်ဖြစ်သည်ဟု ယုံကြည်ကြသည်။ အမဲလိုက်၍ သားကောင်များရသောအခါ အောင်ပွဲများကျင်းပရသည်။ (ယင်းအောင်ပွဲများကို တီးတိန်နှင့် ဖလမ်းအခေါ်အားဖြင့် ဆာအိုက်၊ ဟားခါး၊ မတူပီအခေါ်အားဖြင့် ဆောမ်တုပ်၊ မင်းတပ်အခေါ်အားဖြင့် လှာခန်းမ်၊ ခမီအခေါ်အားဖြင့် တန်တုအစုဟု အမည်အမျိုးမျိုးရှိသည်) အောင်ပွဲများ ကျင်းပသောအခါ အိမ်မွေးတိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ရပြီး ရပ်ရွာလူများကို ဖိတ်ခေါ်ကျွေးမွေးရသည်။ ခေါင်ရည်နှင့် ရိုးရာအကများဖြင့်လည်း ဧည့်ခံရသည်။ ဤကား အလှူဒါနပြုခြင်းလည်းဖြစ်သည်။

အမဲလိုက်၍ပစ်ခတ်ရရှိသော အမဲကောင်အမျိုးအစားနှင့် အရေအတွက်အပေါ်မူတည်၍ အမဲလိုက်သူ၏ ဂုဏ်သရေကို တိုးတက်စေသည်။ သာဓကအားဖြင့် ဆင်၊ ပြောင်၊ စိုင်၊ တောဝက်စသော အစွယ်ပါသောသတ္တဝါ၊ ကျား၊ ကျားသစ်စသော သတ္တဝါနှင့် ချေ၊ ဖြူစသော သတ္တဝါများ ဟူ၍ အမဲသုံးမျိုးခန့်ခွဲထားပြီး ဆင်၊ ပြောင်၊ စိုင်၊ တောဝက် အမျိုးအစားဝင် အမဲကောင်များကိုရရှိသူသည် အမဲလိုက်သည့်ဖက်တွင် အမြင့်ဆုံးဂုဏ်ထူးကိုရရှိသည်။ ဤဂုဏ်ထူးကို လွန်ပီးဟုခေါ်ရာ အဓိပ္ပာယ်မှာ "အရဲရင့်ဆုံးမုဆိုးကြီး" ဟူ၍ဖြစ်သည်။ ဆာအိုက်ခေါ် အမဲရအောင်ပွဲများကို များများကျင်းပနိုင်သူသည် ဂုဏ်သရေပို၍ တိုးတက်လာသည်။ အမဲကောင်မပစ်ဖူးသူသည် ငရဲသို့လားသည်ဟုလည်း ရှေးအယူရှိကြသည်။ အမဲလိုက်ခြင်းမှာ ယောကျ်ားပီသမှု၊ သူရသတ္တိရှိမှုကိုပြသသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်ဟု ချင်းအမျိုးသားတို့က ယူဆကြသည်။ ယောကျ်ားမှန်က အနည်းဆုံး ခြေလေးချောင်းသတ္တဝါ တစ်ကောင်၏ခြေကို ရအောင်ပစ်ဖူးရမည်။ သို့မဟုတ်လျှင် သတ္တိကြောင်သူ၊ ယောကျ်ားမပီသသူဟူ၍ မျက်နှာငယ်ရသည်။ အမဲပစ်တော်သူအဖြစ် ဂုဏ်ထူးအဆင့်ဆင့်ရသူများမှာ အမဲရ အောင်ပွဲများတွင် အထူးဧည့်သည်အဖြစ် ဖိတ်ကြားခံရပြီး ဓလေ့ထုံးစံအရ ဝေငှရသောအမဲကောင်နှင့် ယဇ်ကောင်များမှ အကောင်းဆုံးနှင့် အများဆုံးအပိုင်းကို ရနိုင်သည်။ အကောင်းဆုံးသော ခေါင်ရည်ကိုလည်း ဦးဦးဖျားဖျား ဂုဏ်ပြုပေးခြင်းခံရပေသည်။

ထို့ပြင် အမဲလိုက်ခြင်းသည် လူတို့၏ အန္တရာယ်ဖြစ်သော သားရဲကောင်များနှင့် စိုက်ခင်း၊ ပျိုးခင်း၊ သီးနှံခင်းများကို ဖျက်ဆီးစားသောက်တတ်သော သတ္တဝါများ၏အန္တရာယ်ကို ဖယ်ရှင်းခြင်းဖြစ်သဖြင့် စီးပွားရေးအရ အလုပ်ဖြစ်သော အလုပ်တစ်ခုဖြစ်နေပြန်သည်။

ချင်းယောကျ်ားလေးများသည် ငါးနှစ်၊ ခြောက်နှစ်အရွယ်မှစ၍ လေးဂွ၊ လောက်လေး၊ လေး၊ မြား၊ ကျောက်ခဲ၊ တုတ်စသော လက်နက်များဖြင့် ငှက်၊ ရှဉ့်၊ ပုတ်သင်ညို၊

အမဲပစ်တော်သူအဖြစ် ဂုဏ်ထူးအဆင့်ဆင့်ရသူများမှာ အမဲရအောင်ပွဲများတွင် အထူးဧည့်သည်အဖြစ် ဖိတ်ကြားခံရပြီး ဓလေ့ထုံးစံအရ ဝေငှရသောအမဲကောင်နှင့် ယဇ်ကောင်များမှ အကောင်းဆုံးနှင့် အများဆုံးအပိုင်းကို ရနိုင်သည်။ အကောင်းဆုံးသော ခေါင်ရည်ကိုလည်း ဦးဦးဖျားဖျား ဂုဏ်ပြုပေးခြင်းခံရပေသည်

ပူးစသော သတ္တဝါငယ်ကလေးများကို လက်တည့်စမ်းလေ့ရှိကြပြီး ကိုးနှစ်၊ ဆယ်နှစ်အရွယ်တွင် အတော်အတန်ကျွမ်းကျင်သော မုဆိုးလောင်းလေးများ ဖြစ်လာကြသည်။ သူတို့သည် လူကြီးများ၏ အတုကိုယူကာ မိမိတို့ ပစ်ခတ်ရရှိသော အကောင်များ၏ခေါင်းများကိုဖြတ်၍ အိမ်နံရံတွင် ချိတ်ဆွဲထားလေ့ရှိသည်။

ချင်းမိသားစုအိမ်တစ်အိမ်ကို ကြည့်ရှုပါက အမဲလိုက်ထားသော သားကောင်များ၏ ဦးခေါင်းများ၊ ယဇ်ပူဇော်ထားသော တိရစ္ဆာန်ခေါင်းများ၊ ဓလေ့ထုံးစံပွဲကြီးများတွင် သတ်ခဲ့သောနွားနောက်ခေါင်းများ ဆွဲချိတ်ထားသည်ကို တွေ့နိုင်သည်။ အမဲကောင်များ၏ ဦးခေါင်းများနှင့် ချိုများ၏ အရေအတွက်နှင့် အမျိုးအစားကိုကြည့်၍ ရပ်ရွာတွင် အိမ်ရှင်ယောကျ်ား၏ ဩဇာတိက္ကမ မည်ရွေ့မည်မျှရှိသည်ကို ခန့်မှန်းနိုင်သည်။ ရှေးက ဒူးလေး၊ ဓား၊ လှံ၊ တူမီးသေနတ်များကို သုံးစွဲကြပြီး ယခုအခါ ခါးချိုးသေနတ်များနှင့် တူမီးသေနတ်ကို အသုံးပြုလာကြသည်။ သားကောင်နှင့် ငှက်ကောင်များကို ငါးမျိုးခွဲထားရာ ယင်းတို့မှာ ဆင်၊ ပြောင်၊ တောဝက်၊ ဝက်ဝံစသော အစွယ်ရှိသတ္တဝါများ၊ ကျား၊ ကျားသစ်၊ ကြောင်ဝံပိုက်၊ တောကြောင်များ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ တောင်ဆိတ်၊ ကမ်းပါးကျစသော ဦးချိုပါသောသတ္တဝါများ၊ ဆင်ဗိုးခေါ် နိမိတ်မကောင်းဟု

အထူးကဏ္ဍစာမျက်နှာ ဂ သို့ »»



## ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ လာရောက်လည်ပတ်

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော သမိုင်းဝင် ထီးပွင့်ကန်တော်၊ ကန်ခုနစ်ဆင့်၊ ငွေတောင်ဆည်နှင့် ပန်ပက်ကျေးရွာတို့တွင် ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ နေ့စဉ်နှင့်အမျှ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်သို့ လာရောက်ကြသော ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများသည် သမိုင်းဝင် ထီးပွင့်ကန်တော်နှင့် ကန်ခုနစ်ဆင့်သို့ သွားရောက်လည်ပတ်ပြီး ငွေတောင်ဆည်၏ သဘာဝအလှအပများကို ကြည့်ရှုခံစားခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ ဒေသထွက်ရိုးရာပစ္စည်းများ ဝယ်ယူခြင်း၊ လှေလှော်ခြင်းနှင့် ဆင်စီးခြင်းများကို ဆောင်ရွက်ကြသည်။

ဒ့ါအပြင် ကယန်းတိုင်းရင်းသားတို့နေထိုင်ရာ ပန်ပက်ကျေးရွာသို့ သွားရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများသည် ကယန်းလူမျိုးတို့၏ နေထိုင်မှုပုံစံများ၊ ရိုးရာဓလေ့များ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းများကို လေ့လာကြသည့်အပြင် ဒေသထွက် ရိုးရာပစ္စည်းများ၊ အသုံးအဆောင်များအား အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူခြင်း၊ ရိုးရာဝတ်စုံများ ဝတ်ဆင်၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများကို ဆောင်ရွက်ကြသည်။

ပန်ပက်ကျေးရွာသို့ လာရောက်ကြသော ခရီးသွားပြည်သူများသည် အများအားဖြင့် ပြည်တွင်းခရီးသွားများက ဒေသထွက် ရိုးရာပစ္စည်းများ ရောင်းချသော ဈေးတန်းအထိသာ လာရောက်လေ့လာကြပြီး နိုင်ငံခြားသား ခရီးသွားများက ဈေးတန်းအပြင် ကယန်းတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာအထိ သွားရောက်လေ့လာကြကြောင်း ဒေသထွက်ရိုးရာပစ္စည်းများ ရောင်းချသူ ဒေသခံတစ်ဦးထံမှ သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

